www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရှင် (မြဲ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဝိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ဒုတိယ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၀၈၈၉၂

၈၉၅·၈၃
သင်မြတ်နိုး
ကိုကိုက ငယ်သေးတယ်တဲ့ရှင်/သင်မြတ်နိုး၊ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၃။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇-၇ စင်တီမီတာ
(၁) ကိုကိုက ငယ်သေးတယ်တဲ့ရှင်


BURMESE CLASSIC

## အခန်း ( ၁ )

ကိုကို့ကို သူမ ဘဝတစ်လျှောက်လုံး သုံးကြိမ်လောက်သာ တွေ့မြင်ဖူးခဲ့သည်။

ပထမအကြိမ်က သူမ ငါးနှစ်အရွယ်။

မိဘတွေ ကားအက်စီးဒင့်ဖြစ်ပြီး ကိုကိုခန့်ထယ် မိဘတွေ ယက်ထဲ အပ်သောနေ့။

သိပ်မမှတ်မိခဲ့။

"ဒါက သမီးကိုကို ခန့်ထယ်တဲ့ ... မှတ်ထားနော် ... "

"ဟုတ်ကဲ့"

"ကိုကိုလို့ခေါ်ကြည့်စမ်း မွှန်နုံသာ"

"ကိုကို"

ကိုကိုက မျက်နှာထားတည်တည်နှင့် သူမအား ဆတ်ခနဲ ကြည့်ပြီး လှည့်ထွက်သွားတော့သည်။

သူမ အားငယ်စွာ ကျန်ခဲ့၏။

"ကိုကိုက အဆောင်မှာနေတာလေ ... ရန်ကုန်မှာ အနေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]”

သူမအား ကိုကို့မိဘတွေက ချစ်ခင်မြတ်နိုးစွာ စောင့်ရှောက်ခဲ့သည်။

ကျွေးမွေးယုယခဲ့ရ၏။

ဘာမှ လိုလေသေးမရှိခဲ့။

“ကိုကိုက အဖိုးအဖွားတွေဆီမှာနဲ့ အဆောင်မှာ အနေများတယ် မှုံနှံ့သာ”

သူမ သိခဲ့ရသည်။

ကိုကိုဟာ တည်ကြည်ခန့်ညားတဲ့ ယောက်ျားဟု ထိုအချိန်ကပင် သူမ သိရှိနားလည်ထားခဲ့ရ၏။

ဒုတိယအကြိမ် တွေ့ဆုံတာက ကိုကို့မိဘတွေ ကွယ်လွန်ရသောနေ့က ဖြစ်သည်။

သူမနှင့်ကိုကိုသည် ကံတူအကျိုးပေးတွေပါပဲ။

မိဘတွေ ကားအက်စီးဒင့်ဖြစ်ပြီး သေဆုံးသွားခဲ့ရသည်။

ကိုကို နိုင်ငံခြား ထွက်သွား၏။

သူမအား ဆရာဝန်ဘွဲ့ရတဲ့အထိ ကိုကိုပင် ဆက်လက်ကျွေးမွေး ထောက်ပံ့ခဲ့သည်။

လိုလေသေးမရှိစေရ။

ပညာတတ်တစ်ယောက်အဖြစ် သူမဘဝတွင် ရပ်တည်နိုင်ပြီ ဖြစ်သည်။

ယခု …

ကိုကို နိုင်ငံခြားမှ ပြန်လာတော့မည်တဲ့။

“မှုံနှံ့သာ”





“ရှင်”

“မင်း အဆင်သင့်ဖြစ်ပြီလား … မောင်ခန့်ထယ်ကို သွားကြို ရတော့မယ်”

သူမအား စောင့်ရှောက်ခဲ့သော အိမ်တော်စိုးကြီး ဒေါ်နှင်းသက်က ပြောသည်။

“ကိုကိုက တည်ကြည်တယ် … အရုပ်သိက္ခာတွေလည်း ကြီးမားလွန်းတယ် … အခု နေမကောင်းဘူးတဲ့၊ နှလုံးရောဂါစနေပြီတဲ့ … ငယ်ငယ်ရွယ်ရွယ်နဲ့ အခုလို ဖြစ်ရတာ စိတ်မကောင်းစရာပဲ”

ကိုကိုက မှုံနှံ့သာနဲ့အတူတွဲပြီး မနေချင်ဘူးတဲ့။

မိန်းကလေးတွေနဲ့ အကင်းရှင်းဆုံး နေသင့်တယ်တဲ့။

မှုံ တွေ့ဆုံရမှာပင် ဝန်လေးနေမိသလိုကြီး ဖြစ်နေရသည်။

သူ … နိုင်ငံခြားမှာနေတဲ့ ကာလတစ်လျှောက်လုံး သူမထံ ဖုန်းနှင့်ပင် အဆက်အသွယ်လုပ်ခြင်း မရှိခဲ့ပေ။

ပြောစရာ ရှိတာတွေကို ဒေါ်နှင်းသက်ကိုသာ ပြောခဲ့သည်။

အထူးသဖြင့် … ချစ်သူရည်းစား မထားဘဲ ပညာကိုသာ ကြိုးစားရန် ဖြစ်သည်။ ကိုကို့စကားတွေကို သူမ မြေဝယ်မကျနားထောင်ပြီး ပညာရေးသာ အစွမ်းကုန် ကြိုးစားလုပ်ဆောင်ခဲ့၏။

ဒါပေမဲ့ …

မကြာသေးခင်ကာလမှာ သူမတွင် ချစ်သူရှိသွားခဲ့တော့သည်။

မောင် …

သူမကို အထက်တန်းကျောင်းသူ ဘဝမှာပင် နှစ်သက်ခဲ့တဲ



www.burmeseclassic.com

www.burmeseclassic.com



နီးစွာ ချစ်ရှင်ခဲ့ဖန်နေခဲ့သော သူမနှင့်အတန်းတူ ဒေါက်တာမြတ်နိုးပင် ဖြစ်ခဲ့သည်။

ကိုကို ဘာပြောမလဲ ... ဒေါ်နှင်းသက်ကတော့ ...

"သမီး အချိန်တန်အရွယ်ရောက်ပြီပဲ ... မောင်ခန့်ထယ်က နားလည်မှု ပေးမှာပါ"

သူမ ... စိတ်မအေးနိုင်။ ကိုကို့အား သူမ တွေ့ဆုံဖူးခဲ့တဲ့ အချိန်လေးမှာပင် တင်းမာခက်ထန်လွန်း၍ ကြောက်စရာပင် ကောင်းနေသည်။

လေးစားသော ... ကြောက်ရွံ့သော ... အားကိုးရသော စိတ်ဆန္ဒတွေက ကိုကိုနှင့် ပတ်သက်ပြီး သူမရင်ထဲမှာ တုန်လှုပ်ချောက်ချားမှုတွေ ဖြစ်နေရသည်။

"မှုံ"

"ရှင်"

"ကိုကိုက သွက်လက်ဖျတ်လတ်မှ သဘောကျတာနော်"

"ဟုတ်ကဲ့"

"ညည်းလေး တုန်လှုပ်နေတယ် မဟုတ်လား မှုံလေး"

"ကိုကိုနဲ့ ရင်ဆိုင်ရမှာ မှုံ့စိတ်တွေ လှုပ်ရှားနေသလိုပဲ ... အဆင်မပြေမှာ ကြောက်နေတယ် ဒေါ်သက် ... ကိုကိုက ကျွန်မကို သဘောကျပါ့မလား"

"မောင်ခန့်ထယ်က စိတ်သဘောထား ပြည့်ဝပါတယ်၊ လူပျို ကြီးဆိုတော့ နည်းနည်းအရုက်သိက္ခာတွေကို စောင့်ထိန်းတာပေါ့ ကွယ်"





"အဆင်ပြေပါစေ"

"မှုံလေးက ကျက်သရေရှိလိုက်တာ"

"ကိုကို့မျက်လုံးတွေထဲမှာ အချိုးပြေပါစေလို့ပဲ ကျွန်မ ဆုတောင်းနေတယ် သိလား"

"ဟင်း ဟင်း ဟင်း"

ဒေါ်နှင်းသက်က ရယ်မောနေပေမယ့် သူမကတော့ ပြုံးပင် မပြုံးနိုင်ဘဲ သွေးတွေ အေးခဲတော့မတတ် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ တောင့်တင်းလေးလံနေမိသည်။

ဒုက္ခပါပဲ။ သူမ ... အမြဲတမ်း သွက်လက်သူ ... ဖျတ်လတ်သူ။

ဉာဏ်ရည်ကအစ ထက်မြက်နေခဲ့သူ ဖြစ်ခဲ့သည်။

ကိုကို ... သူမ သွေးတွေကို အေးစေခဲ့တဲ့သူ။

ဘုရားရေ ... သူမ ကြောက်နေမိသည်။

အဆင်ပြေပါ့မလားဆိုတဲ့ အတွေးကြောင့် စိတ်တွေထဲမှာ မတည်ငြိမ်နိုင်တော့။

မောင်ကလည်း ကိုကို့ကို ကြိုဖို့ လိုက်ခဲ့မည်ဟုပြောနေသဖြင့် သူမ အလန့်တကြား တားမြစ်ခဲ့ရသေးသည်။

"မောင်က ဘာသိလို့လဲ ... ကျွန်မကို ချစ်သူရည်းစားမထားရဘူးတဲ့၊ တင်းကျပ်တဲ့ စည်းကမ်းတွေ ထုတ်ထားတာလေ"

"အခု မှုံက ဒေါက်တာတစ်ယောက် ဖြစ်နေပြီပဲ ... ပညာမစုံခင်သာ ဒီစည်းကမ်းချက်ထားတာ ဖြစ်လိမ့်မယ်ထင်တယ်"

သူမဘဝ ဖြစ်စဉ်တွေကိုလည်း မောင် သိထား၏။ ကိုကို့ဝလည်း ရိုးသားတည်ကြည်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူမအား ပတ်သက်ဆက်ဆံခြင်းပင် မရှိတဲ့အကြောင်း၊ အခု နေမကောင်း၍ မိသားစုထံ ကိုကိုပြန်ရောက်လာခြင်း ဖြစ်ကြောင်း ပြောပြခဲ့မိသည်။

"မောင် စိတ်မချဘူး"

"ဘာကိုလဲ"

"ဘာပဲဖြစ်ဖြစ်ကွာ ... မောင်ကတော့ မွှဲကိုကိုနဲ့ တွေ့သင့်တယ်လို့ ထင်နေမိတယ်ကွာ"

"တွေ့ရပါ့မယ်ရှင် ... လောလောဆယ်တော့ အခြေအနေက ဘာမှန်းမသိသေးလို့ပါ မောင်ရယ် ... နော်"

သူမ ... မောင့်အား နှစ်သိမ့်မှုတွေ ပေးထားခဲ့ရသည်။

"မောင်တို့လည်း ပညာစုံပြီး ငွေကြေးအရလည်း ဘာမှပူပင်စရာမရှိဘူး ... ကိုကို့ကိုပြောပြီး လက်ထပ်ကြမယ်နော်"

"မဖြစ်သေးပါဘူး မောင်ရယ် ... ကိုကို့ကျန်းမာရေးက မကောင်းဘူး ... အခြေအနေတော့ စောင့်ကြည့်ပါဦး"

သူမ ပညာစုံတာနှင့် ကိုကို့အတွက် တစ်စုံတစ်ရာ အကျိုးမပြုရသေးဘဲနှင့် အိမ်ထောင်ပြုလိုတဲ့ ဆန္ဒတွေမရှိ။ မလုပ်ချင်ပေ။

သူမ တတ်မြောက်သော ပညာတွေနှင့် ကိုကို့ကို အကျိုးပြုချင်သည်။ သူမဘဝကို တင့်တယ်စေအောင် ကိုကိုက ကျေးဇူးမွေးစောင့်ရှောက်ထားခဲ့သည်။ ကျေးဇူးမကန်းလို ... ။

"မွှဲ"

"ရှင်"

"ပြီးပြီလား"

"ဟုတ်"





"သွားစို့"

"ကျွန်မ ကားမမောင်းနိုင်ဘူး ဒေါ်သက် ... ဒရိုင်ဘာ ကိုမြ ခေါ်ခဲ့ဦးနော်"

"အေးလေ ... မွှဲလေး စိတ်လှုပ်ရှားနေမှာပဲ ... မောင်ခန့်ထယ်ကိုသိပ်ပြီး ကြောက်မနေပါနဲ့ဦး"

"နည်းနည်းတော့ စိတ်လှုပ်ရှားတယ်"

"ကဲ ... ဒေါ်သက် ခြံထဲက စောင့်နေမယ် ... မွှဲလေး ဆင်းလာခဲ့နော်"

"ဟုတ်"

ဒေါ်သက် ဆင်းသွားသည်။

သူမ ... မှန်ထဲမှာ အချောသတ် အသေအချာ ကြည့်မိ၏။ မဆိုးပါဘူး။ မြန်မာဆန်စွာ ပြင်ဆင်ထားမိသည်။ ဒေါ်သက်ကတော့ ချောလိုက်တာ ... ကျက်သရေရှိလိုက်တာတဲ့။

ကိုကိုရေ ... အစ်ကိ ... ကိုကိုပဲ။

ကိုကိုလက်မခံတဲ့အလုပ်တွေ သူမ ဘယ်တော့မှမလုပ်ဟု ဆုံးဖြတ်ထားမိ၏။ သူမ ကျေးဇူးရှင် ကိုကိုရယ်ပါ။

ခြံထဲ ဆင်းလာခဲ့သည်။ ကိုကိုနှင့်တွေ့ဆုံရန် နာရီစက္ကန့်တွေ နီးကပ်လာသည်နှင့်အမျှ သူမစိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားလာရသည်။

"သွားစို့ မွှဲ"

"ဟုတ်ကဲ့"

"မွှဲလေး တကယ်ပဲအေးချမ်းပြီး ကျက်သရေရှိလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တွယ်"

"မှုကတော့ စိတ်ညစ်တယ် ... အင်အားတွေတောင် ချိနဲ့ချင်လာပြီ"

"မောင်ခန့်ထယ်က ကျွန်းမာရေး လိုက်စားတဲ့ လူတစ်ယောက်ပဲကွယ် ... ဘာဖြစ်လို့များ နှလုံးရောဂါ ဖြစ်ရတာလဲမှုံ"

"ကိုကိုက တစ်ယောက်တည်းကြိတ်မှိတ်ခံစားရတာတွေ များလို့ပဲဖြစ်မယ် ဒေါ်သက် ... တစ်ယောက်တည်းနေတတ်တဲ့လူတွေက ဒီလိုပဲ စိတ်ဝေဒနာတွေ ခံစားရတတ်သလို နှလုံးကိုလည်း ထိခိုက်နိုင်တာပဲ"

"တော်သေးတာပေါ့ ... မှုံက ဆရာဝန်ဖြစ်နေလို့"

"ကိုကို့ကို ပြုစုမယ် ... ကျေးဇူးဆပ်မယ် ... ကိုကို စိတ်ချမ်းသာစေရမယ်"

"မွေးရကျိုး နပ်လိုက်တဲ့ မိန်းကလေးပဲကွယ်"

ဒေါ်သက် စကားမျိုးတွေ ကိုကို့နှုတ်ခမ်းတွေဆီမှ ထွက်ပေါ်လာတာမျိုး သူမ ကြားချင်နေမိသည်။

"မောင်မြရေ ... မောင်းတော့"

"ဟုတ်ကဲ့ ဒေါ်လေး"

ကိုကိုက သူမအား ပညာတွေ စုံလင်အောင် သင်ပေးခဲ့သည်။ ကားကိုလည်း ကိုယ်တိုင်မောင်းပြီး တက်စေ၏။

မိန်းကလေးတစ်ယောက် တတ်အပ်သော အိမ်မှုကိစ္စတွေလည်း တတ်မြောက်စေရန် သင်ကြားပေးခဲ့သည်။ လိုလေသေးမရှိ။

ကိုကို့အပေါ် သူမ ကျေးဇူးတွေတင်၍ မဆုံးတော့ပေ။





"မောင်ခန့်ထယ်က နေထိုင်မကောင်းလာဘူး ဆိုတော့ မောင်မြတ်နိုးကိစ္စ ရုတ်တရက်ကြီး မပြောလိုက်နဲ့ဦးနော် မှုံလေး"

"ဟုတ်ကဲ့"

"ဒေါ်သက်ကို မှာထားတာက သူ့သဘောတူညီမှု မရဘဲ မှုံနဲ့သာနဲ့လက်ထပ်မယ့် ချစ်သူတစ်ယောက် ရွေးချယ်ထားတာမျိုး လုံးဝမဖြစ်စေရဘူးတဲ့"

"ဒုက္ခပဲ"

သူမက ကိုကိုမသိဘဲ ချစ်သူ ရွေးချယ်ထားမိသည်။

မောင်က ဇွတ် ... အထက်တန်းကျောင်းသူ ဘဝတည်းက အတူတူနေထိုင်လာခဲ့ကြသူတွေ။ ဖွဲ့ရှိသည်။ စက္ကန့်မလပ် ချစ်ရေးဆိုနေတတ်၏။ သူမ အလုပ်ကိစ္စတွေ ... သူမအား နှောင့်ယှက်နေသူတွေအားလုံးကို မောင်ပဲ ကာကွယ်စောင့်ရှောက်ခဲ့သည်။

ကြာလာတော့ ... မောင့်အပေါ် သူမ သံယောဇဉ် တွယ်ငြိလာရတော့သည်။ အဖြေပေးခဲ့သည်။

"ဒေါ်သက်"

"ဟင်"

"မောင်နဲ့ချစ်သူတွေဖြစ်ကြတာ ကိုကို လက်မခံရင်တော့ အခက်ပဲနော်"

သူမ စိတ်မအေးနိုင်။ ကိုကို့သဘောထားတွေ တင်းမာသွားမှာကို ကျွန်မ အကြောက်ဆုံးပင်။

"မှုံလေး"

"ရှင်"

"တကယ်လို့ မောင်ခန့်ထယ် လက်မခံဘူးဆိုရင်လည်း သမီး



www.burmeseclassic.com

www.burmeseclassic.com



ဘက်က သိပ်ပြီး အတိုက်အခံ မလုပ်စေချင်ဘူး"

"ဟုတ်ကဲ့"

"မောင်ခန့်ထယ် လက်ခံသဘောကျတဲ့အထိ သမီးလေး စောင့်နေသင့်တယ်"

"ဟုတ်ကဲ့"

သူမ … ရင်တွေ လေးနေမိသည်။

ကိုကို့စကားတွေကို သူမ နားမထောင်မိတာ သူမဘက်က အဖြစ်တွေ ကျူးလွန်ခဲ့တာပဲ ဖြစ်နေ၏။

"မောင်ခန့်ထယ်ကတော့ စိတ်သဘောထား ဖြူစင်တဲ့ လူကြီးလူကောင်း တစ်ယောက်ပါ မှုံနှံ့သာ"

"မှုံ့ ရင်လေးလိုက်တာ"

မပျော်နိုင်။ ကိုကို … ကျွန်မ ဘယ်လိုရင်ဆိုင်ရမလဲ။ ပညာ တွေစုံအောင် သင်ပေးခဲ့တာ သူမချစ်သူအတွက် ဖြစ်နေပြီလား။

ဘာပဲဖြစ်ဖြစ် … ကိုကို့ဆန္ဒပဲ … မောင့်ကိုတော့ ကိုကိုက သဘောကျမှာပါ။

ပညာတတ် … ရုပ်ချော … ဥစ္စာပေါ။ ဂုဏ်သိက္ခာ မြင့်မား သော ယောကျ်ားတစ်ယောက်ပဲ မဟုတ်လား။

ကားလေးက လေယာဉ်ကွင်းသို့ ရောက်လာရသည်။

အခန်း ( ၂ )

မှုံနှံ့သာ … မင်း ဒီအရွယ်အထိတောင် ဖြစ်နေပြီလား။

သူနဲ့တွေ့စဉ်က အထက်တန်းကျောင်းသူဘဝ … မတွေ့ တာ ကြာပြီ။ ထိုစဉ်ကလည်း သူမသည် သူနှင့်သေသေချာချာ မတွေ့ဆုံခဲ့။

သူ့ကြောင့် … မိန်းကလေးတစ်ယောက်ဖြစ်နေ၍ သူ စေ့စေ့ ပင် မကြည့်ခဲ့ပေ။ မိဘတွေ မကွယ်လွန်ခင် အချိန်ပိုင်းအတွင်းမှာ ပင် သူ့ကိုခေါ်ယူတွေ့ဆုံပြီး တောင်းဆိုမှုတစ်ခု ပြုခဲ့သည်။

မှုံနှံ့သာ ပညာရေး ဆုံးခန်းတိုင်ရောက်တဲ့အခါ လက်ထပ်ရန် ဖြစ်၏။ ပထမ … သူ … ငြင်းဆန်ခဲ့ဘူးသည်။ လက်မခံ။

"ဖေဖေ့ကို ကတိပေးပါ … သေလူဖြစ်နေတဲ့ လူတစ် ယောက်ရဲ့ ဆန္ဒတွေကိုတောင် မင်း မလိုက်လျောနိုင်ဘူးလား"

ကားအက်စီးဒင့်ဖြစ်စဉ် မေမေက ပွဲချင်းပြီး ဖြစ်တဲ့နေရာမှာ ပင် သေဆုံးသွားခဲ့ပြီး ဖေဖေက ဆေးရုံမှာ ဆယ်ရက်လောက်နေပြီး မှ ကွယ်လွန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မှုံလေး ဆရာဝန်ဘွဲ့ရတဲ့အခါ သား လက်ထပ်ပါ"

ဖေဖေ့ဆန္ဒအတိုင်း သူ လက်ခံခဲ့ရတော့သည်။ ကတိပေးမိ၏။ သူက ... တည်ကြည်သူ ... ဣန္ဒြေသိက္ခာ ကြီးမားသူ။

မိန်းကလေးတွေနှင့် ကင်းရှင်းစွာ နေထိုင်တတ်သူ ဖြစ်နေသည်။

မှုံနှံ့သာက ငယ်သေး၏။ အထက်တန်းကျောင်းသူဘဝ။

သူ ... ပြန်သွားခဲ့သည်။ အလုပ်တွေကို ကြိုးစားလုပ်ပြီး မှုံနှံ့သာကို ထောက်ပံ့ထားခဲ့၏။ သူ့မိဘတွေ ရှိစဉ်ကပင် မှုံနှံ့သာဘဝကိုပို၍ ပြည့်စုံစေခဲ့သည်။

အခု ... မှုံနှံ့သာ ဒေါက်တာဘွဲ့ ရပြီ။ ဆရာဝန် ဖြစ်ပြီ။

လုပ်ငန်းခွင်ပင် ဝင်နေပြီဖြစ်၍ သူ ပြန်ရောက်လာခဲ့မိသည်။

နောက်တစ်ခုက ... သူ့မှာ နှလုံးသွေးကြောကျဉ်းတဲ့ ဝေဒနာ စွဲကပ်လာခဲ့သည်။ နိုင်ငံခြားမှာ ဆေးကုရ၏။ အမိမြေကို သတိရလာမိသည်။ အထူးသဖြင့် ... မှုံနှံ့သာ ကိစ္စပဲ ... မိဘတွေဆီမှာ ကတိပေးထားသောကိစ္စ ဆောင်ရွက်ရန် ဖြစ်သည်။

သူ ... ဒေါ်နှင်းသက်အား ကြိုတင်၍ အမှာစကားပြောထားပြီးသားဖြစ်သည်။ မှုံနှံ့သာမှာ ချစ်သူရည်းစား မရှိစေရန် ဖြစ်၏။ အရင်ကတော့ ... သူ အိမ်ထောင်ပြုဖို့ကိစ္စက သိပ်အရေးတကြီး မဟုတ်ခဲ့။

မိဘတွေကို ပေးထားတဲ့ကတိကို လုပ်ဆောင်ရန်သာဖြစ်သည်။ အရွက်သိက္ခာကို စောင့်ထိန်းတတ်သော သူ့အတွက် လက်ထပ်ဖို့ကိစ္စအတွက် လေးလံနေခဲ့သည်။ ပြောရမှာ စိတ်မလုံ။

တစ်နေ့ ... သူမအား လက်ထပ်ယူဖို့အတွက် ပြုစုယုယထား





သည်ဟု အထင်မခံနိုင်။ မိဘတွေရဲ့ ကတိဆန္ဒအတွက်ပါပဲ။

မှုံနှံ့သာမှာ ချစ်သူရည်းစား မရှိဘူးဟုလည်း သူယုံကြည်နေမိသည်။

"မှုံလေးဟာ အမြဲတမ်း လိမ္မာယဉ်ကျေးပြီး ကျေးဇူးတရားကို သိတတ်တဲ့ မိန်းမကောင်းလေးတစ်ယောက်ပါပဲ"

ဒေါ်နှင်းသက်ထံ ဖုန်းဆက်တိုင်း ထိုစကားကိုပင် အားရကျေနပ်စွာ ကြားခဲ့ရသည်။

မင်း ... မှုံနှံ့သာ ... မြင်မြင်ချင်းပဲ ကိုကို ဘာဖြစ်သွားရတာလဲ။ ကိုကို့နှလုံးသားတွေကို လှုပ်ရှားစေခဲ့သူ ဖြစ်နေခဲ့သည်။

ဘဝတစ်လျှောက်လုံး တည်ကြည်ခန့်ညားစွာ နေလာခဲ့သော ခန့်ထယ်ပါ။ မိန်းကလေးတွေနှင့် အကင်းရှင်းဆုံး နေထိုင်လာခဲ့မိတာကိုပင် ဂုဏ်ယူခဲ့မိသော ယောကျ်ားတစ်ယောက် ဖြစ်နေခဲ့သည်။

ဒေါက်တာမှုံနှံ့သာရဲ့ မျက်နှာပူးဖူးရွရွလေးကို တွေ့မြင်လိုက်ရတဲ့အချိန်ပိုင်းလေးအတွင်းမှာပင် ကိုကို လွန်စွာ မြတ်နိုးတွယ်တာသွားရသည်ဟု သတ်မှတ်ထားမိခဲ့၏။

"မောင်ခန့်ထယ်"

"ဗျာ"

"မှုံနှံ့သာလေ ... အခုတော့ ဒေါက်တာမှုံနှံ့သာပေါ့ ... မင်း မှတ်မိရဲ့လား မောင်ခန့်ထယ်"

သူ ... ခေါင်းခါမိသည်။ မမှတ်မိဘူး ... တကယ်ပဲ ...

မင်း အရမ်းလှနေတယ်။ စွဲမက်စရာကောင်းတဲ့ မိန်းကလေးပဲ။ ဟုတ်တယ် မှုံနှံ့သာ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဆုံးဖြတ်လိုက်ပြီ။ မင်းကို လက်ထပ်မယ်။ စိတ်တွေ သိပ်လှုပ်ရှားလို့မဖြစ်ဘူးဆိုတဲ့အသိ ဝင်လာသည်။

ရင်ညွန့်ဆီမှ နည်းနည်း စူးအောင့်ချင်လာ၏။ သူ့နှလုံးသားတွေ လှုပ်ရှားလွန်း၍ ကယောင်ကတမ်းနှင့် သူ့ရင်ဘတ်တွေကို ဖိထားလိုက်ရသည်။

"ကိုကို ဘာဖြစ်တာလဲ"

"မောင်ခန့်ထယ် ... ဘာဖြစ်တာလဲ ... အောင့်လို့လား"

သူ ... ခေါင်းခါပြမိသည်။ နှုတ်ခမ်းတွေ လှုပ်ရှားဖို့ပင် အတော်လေး အားယူနေရ၏။

"ကိုကို"

"ဟင်"

"အနားယူလိုက်နော် ... ခေါ်သက် ကိုကို့ကို စကားတွေ သိပ်မပြောပါနဲ့တော့"

"အေးကွယ် ... မောင်ခန့်ထယ် အနားယူလိုက်ဦး"

လေယာဉ်ကွင်းမှ ကားကို ညင်သာစွာ မောင်းစေသည်။ မှုံနှံ့သာက သူ့ကိုဆေးပြားလေးတစ်ခု ငုံထားရန်ပေး၏။

"ကိုကို ငုံထားနော်"

"ကိုကို ဘာမှမဖြစ်ပါဘူး မှုံနှံ့သာ"

ထိုစကားလေးကိုပင် အတော်လေးအားယူ၍ ပြောလိုက်မိသည်။ လက်ကာ ပြလိုက်၏။

ကိုကိုက နှလုံးရောဂါဝေဒနာရှင်ကြီးအဖြစ် မှုံနှံ့သာစိတ်ထဲမှာ မှတ်ယူမထားစေချင်တဲ့ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်နေမိသည်။ ကျန်းမာသန်စွမ်းတဲ့ လူတစ်ယောက်ပဲ ဖြစ်စေချင်နေ၏။





"မောင်ရင့်ရောဂါက နုပါတယ် ... ဘာမှမစိုးရိမ်ရပါဘူး။ မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူနိုင်ပါတယ် ... ဒါပေမဲ့ ... အဲဒီ မိန်းကလေးကိုတော့ အလွန်အမင်း မချစ်မိစေနဲ့"

သူ့ကို ဆေးကုသသော သမားတော်ကြီးက အသေအချာ မှာကြားလိုက်သော စကားတွေသာ ဖြစ်သည်။

မှုံနှံ့သာ ... ကိုကိုတော့ ခက်ပြီ။ မင်းကို အလွန်အမင်းမချစ်မိဖို့ ကိုကို့နှလုံးသားတွေအပေါ် ထိန်းချုပ်ထားနိုင်ပါ့မလားဆိုတာ မသိတော့ဘူး။

မဖြစ်နိုင်ဘူးထင်တယ်။ အချစ်ဆိုတာကို စောစောက ကိုကို မသိတာတော့ အမှန်ပဲ။

မိန်းကလေးတစ်ယောက်အပေါ် ဒီလောက်အထိ အစွဲအလမ်းကြီးစွာ ချစ်သွားမိမယ်လို့လည်း မထင်မှတ်မိဘူး။ မှုံနှံ့သာရယ် ... မင်းကို ကိုကို ချစ်မိသွားပြီ။

လက်ထပ်ဖို့အတွက် ဆုံးဖြတ်ချက်တွေပိုပြီး ခိုင်မာသွားသလိုပဲ။

အိမ်ရောက်လာသည်။ သူ့အိပ်ခန်းကို အခမ်းနားဆုံး ပြင်ဆင်ထားကြ၏။ ဒီတိုက်ကြီးအား မကြာခင်ကမှ အသစ်ပြင်ဆင်ဆောက်လုပ်ခဲ့သည်။ နိုင်ငံခြားမှနေ သူကိုယ်တိုင် ပုံစံထုတ်ပြီး ဆောက်စေခဲ့၏။ ညွှန်ကြားခဲ့သည်။ လှပခန့်ညားသော တိုက်ကြီးပင်။

အထူးသဖြင့် ... သူ့အိပ်ခန်းပဲ။ မကြာခင် ... မင်္ဂလာအိပ်ခန်းကြီးအဖြစ် ပြောင်းလဲပစ်ရတော့မည် ဖြစ်သည်။

"မှုံနှံ့သာ ကိုယ်တိုင် ဒီအခန်းကို ပြင်ဆင်ထားတာလေ မောင်ခန့်ထယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးကောင်းတယ် ဒေါ်သက်"

ကိုကိုက ပြောသည်။ သူမ ဝမ်းသာသွားမိ၏။ ဘာပဲဖြစ်ဖြစ် ကိုကို့ရဲ့ ကျေနပ်မှုကိုတော့ ရယူပိုင်ဆိုင်ချင်နေမိသည်။

"ကိုကို"

"ဟင်"

"ကျွန်မ သွေးပေါင်ချိန်ကြည့်ချင်တယ်"

"ကိုကို နေကောင်းပါတယ် မှုံနှံ့သာ ... လူမမာကြီးတစ်ယောက်အထိ မဖြစ်သေးပါဘူး ကလေးရဲ့"

မှုံနှံ့သာက သူ့အား လူနာကြီးတစ်ယောက်အဖြစ် သတ်မှတ်မှာကို သူ အစိုးရိမ်ဆုံး ဖြစ်နေမိသည်။

"ဒါဆို ကိုကို အနားယူတော့"

"အင်း"

သူ ... ပြောလိုက်သည်။ အနားယူဖို့တော့ သင့်နေ၏။ မှုံနှံ့သာကိုလည်း သူ့အနားမှ အမြန်ဆုံးထွက်သွားစေချင်မိသည်။ စိတ်လှုပ်ရှားလွန်း၍ ဖြစ်၏။ မှုံနှံ့သာနှင့်ဒေါ်သက် အပြင်ကို ထွက်သွားကြတော့သည်။

သူ့အား စိတ်မချသော မျက်ဝန်းလေးများဖြင့် မှုံနှံ့သာက ပြန်လှည့်ကြည့်၏။ မျက်လုံးတွေကို မှိတ်ထားမိသည်။ လူမမာအဖြစ် မနေလိုသော သူသည် အိပ်ရာထဲမှာ ဖြစ်၏။

မိသားစုနှင့်ပင် ထိုင်၍ စကားမပြောနိုင်သော အခြေအနေ ဖြစ်နေသည်။ မဖြစ်သေးဘူး ... ကိုယ် ထမှပဲ။

"မှုံ —"

"ရှပ် ... ရှပ်"





ခြေသံလေး ... မှုံနှံ့သာပဲ။ ဆရာဝန်ပီပီ သူ့အား လူမမာတစ်ယောက်ဟု ထင်မှတ်နေသည်။ သူ ... ထလိုက်မိသည်။ မှုံနှံ့သာ ရောက်မလာခင် သူအပြင်ထွက်ရန် တံခါးဖွင့်လိုက်၏။

"ဟင် ... ကိုကို"

"အပြင်သွားကြရအောင် ... လသာဆောင်မှာ ထိုင်ဖို့ ပြင်ဆင်ထားခိုင်းလိုက် မှုံ"

"ကိုကို"

"ပြော"

"ဟို ... "

"ဘာဟိုလဲ"

"ကိုကို အနားယူပါ"

"ဟာ ... ကိုကို ခရီးမပန်းပါဘူးမှုံနှံ့သာ ... ဘာဖြစ်လို့ အနားယူရမှာလဲကွ"

သူ ... ရယ်ကာ မောကာ ပြောမိသည်။ သူမ မျက်ဝန်းလေးတွေက စိတ်မချသလိုကြီး ဖြစ်နေ၏။

"ဆရာဝန်မလေးနော် ... ကိုကို့ကို လူနာမထင်နဲ့"

"အဟက်"

"သွားစို့"

ကိုကိုက သဘောကောင်းလွန်းနေသဖြင့် မှုံနှံ့သာ ဝမ်းသာနေမိသည်။ မထင်ဘူး ... ဒီလောက်အထိ သူမအပေါ် တရင်းတနှီး ဆက်ဆံလိမ့်မည်ဟု မထင်မိပေ။

ကိုကို့ဘက်မှ ကြည်ဖြူစွာ ဖော်ဖော်ရွေရွေ ဆက်ဆံသည်။ သူမ အားတက်မိ၏။ အထင်နှင့်အမြင် တခြားစီပဲ။ သူမ ထင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တ ရှက်နှာထားတင်းတင်းကြီးနှင့် 'မတူမတန်သလို ဆက်ဆံမည် ဟုဝင်း

မှုန့်သာမှာ အပြစ်ရှိသည်။ စိတ်တွေ မလုံ။ ကိုကို့ဆုံးဖြတ်ချက် မရဘဲ မောင်နှင့်ချစ်သူတွေ ဖြစ်ခဲ့မိသည်။ ဖွင့်မပြောရဲ။ ဝေဒနာတွေ ရင်မှာပိုက်ပြီး ပြန်ရောက်လာသူဖြစ်နေသည်။

မပြောရက် ... ကိုကို့စိတ်တွေကို လုံးဝအနှောင့်အယှက် မပေးလို။ ပျော်ရွှင်နေစေချင်မိသည်။ ကိုကို ဟန်ဆောင်နေကြောင်း ဆရာဝန်တစ်ယောက်အနေနှင့် သူမ သိနေ၏။

လူမမာတစ်ယောက်အဖြစ် မှုန့်သာတို့ရှေ့မှာ နေပြလိုခြင်း မရှိပေ။ သူမနှင့်ကိုကို လသာဆောင်ရှေ့ ရောက်လာသည်။

ဒေါ်နှင်းသက်က စားစရာ သောက်စရာတွေ လာချပေး၏။

"လိုအပ်တာရှိရင်ပြောနော် မောင်ခန့်ထယ် ... မင်းကိုကြည့်ရတာ ပျော်နေသလိုပဲ"

မောင်ခန့်ထယ်ရဲ့ နူးညံ့ပျော်ရွှင်နေတဲ့ မျက်ဝန်းတွေကြောင့် ဒေါ်နှင်းသက်ပင် စိတ်ချမ်းသာမှု အပြည့်အဝ ရနေသည်။

တော်ပါသေးရဲ့ ...

"ကဲ ... မောင်နှမ နှစ်ယောက် စကားအေးအေးဆေးဆေး ပြောနေကြဦးနော်"

သူ ... မှုန့်သာရှေ့မှာ ထိုင်နေရတာပင် စိတ်တွေ တည်ငြိမ်မှု ရှိစေရန် အတော်လေး ထိန်းချုပ်နေရသည်။

"ကိုကို"

"ဟင်"

"အအေးသောက်လေ"





"အင်း"

"ကျွန်မ တစ်ခုတော့ ပြောထားချင်တယ် ... ကျွန်မက ကိုကို့ညီမလေးပါ ... ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံပါနော်"

ကောင်မလေး ... မင်း မျက်ဝန်းတွေက ကိုကို့ကို လူနာတစ်ယောက်အဖြစ် သတ်မှတ်နေတာ မဟုတ်လား။

"ကောင်မလေး"

"ရှင်"

"ကိုကို လူနာမဟုတ်ဘူးနော်"

"ကျွန်မက ဆရာဝန်နော် ... ကိုကို့ကို လူနာလို့ပဲ မသတ်မှတ်တာတောင် ဆေးစစ်ဆေးမှုတွေတော့ လုပ်ရမှာပဲ"

"ဟာ ... ကိုကို လက်မခံဘူး ... အဲဒီအချက်က ကိုကို သက်ထက်ဆုံးပဲ ကလေးရယ်"

ကြင်နာစွာ ဆိုမိသည်။ ကလေးတဲ့ ... ကိုကို့နှလုံးသားတွေကို ပိုင်စိုးနိုင်တဲ့ မှုန့်သာပါပဲ။ ညချမ်းက အေးစက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

"မှုံ"

"ဟင်"

"မင်းကိုကို ရောက်ပြီလား"

"အင်း"

"အေးစက်စက်ကြီးကွာ"

သူမထံ မောင်က ဖုန်းဆက်သည်။ ကိုကို အိပ်နေ၏။

ရင်ထဲမှာ ထိတ်ထိတ်ပျာပျာနှင့် ဖုန်းခွက်ကို ကိုင်ထားသော သူမလက်တွေ တုန်ယင်နေသဖြင့် မောင့်လေသံက မကျေနပ်သယောင် ဖြစ်နေသည်။

သူမကလည်း သူမပါပဲ။ ကိုကို့စိတ်တွေ အနှောင့်အယှက်ဖြစ်မှာကို အကြောက်ဆုံး ဖြစ်နေသည်။

"မှုံ"

"ရှင်"





"မောင်တို့ တွေ့ကြရအောင်ကွာ"

"ကိုကို အခုမှ ရောက်လာတာပဲ မောင် ... နေမကောင်းဘူး"

"မောင် လာတွေ့မယ်"

"ကိုကို မသိဘဲ ကျွန်မမှာ ချစ်သူထားပိုင်ခွင့်မရှိဘူးဆိုတာ မောင်သိတာပဲ ... တဖြည်းဖြည်းတော့ မောင့်အကြောင်းကို ကျွန်မ ဖွင့်ပြောမှာပါ"

"မှုံ့ အခက်အခဲတွေကို မောင် နားလည်ပါတယ်လေ ... မှုံ့ စိတ်တွေ သက်သာသလိုနေပါ ... မောင်တော့ စိတ်တွေပူနေတယ်"

"မောင်"

"ပြော"

"တစ်ပတ်လောက်အထိပါပဲ ... ကိုကို နေသားကျသွားတဲ့ အထိပေါ့"

"ဟုတ်ပြီလေ ... မောင် စောင့်ပါ့မယ် ... အဓိက မှုံ့အဆင်ပြေဖို့ပါပဲ"

မြတ်နိုးကတော့ ချစ်သူကို စိတ်မချ။ ဒါပေမဲ့ ... သူ ... လူကြီးလူကောင်း ဆန်ချင်နေသည်။ ချစ်သူဆန္ဒတွေကို ဦးစားပေးနေမိသည်။

မှုံ့ စိတ်ချမ်းသာပါစေ ... ကိုကို ဦးခန့်ထယ်တဲ့ ... ဘယ်လိုလူမျိုးလဲ။ မှုံ့ကို ချစ်သူထားခွင့် မရှိစေရတဲ့။ ဘာသဘောလဲ ...

မြတ်နိုး စိတ်မချပေမယ့် ချစ်သူကို စိတ်အကျဉ်းအကျပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မပို့စေချင်။ သူ့ကြောင့် ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်သောကြောင့် ဖြစ်သည်။

"ကိုကိုနဲ့ မောင် တွေ့ချင်တယ် ... မောင့်ဆရာ သမားတော်ကြီး ဦးခင်အောင်နဲ့ ပြမလား"

"အခုလည်း ဆရာကြီးနဲ့ပဲ ပြနေတာပဲမောင် ... ဒီညနေတောင် ဆရာကြီးနဲ့ ပြဖို့ရှိတယ်"

"အိုကေ ... မောင်လာခဲ့မယ် မှို့"

"အို ... မလာနဲ့လေ ... ကိုကို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ဘူး"

"မောင်က ဆရာ့တပည့်ပဲ ကူနေကျ"

မှို့ ဘာဖြစ်နေတာလဲ ... သူက လူကြီးလူကောင်းတစ်ယောက်။

"ကိုကို့ကို မောင် တွေ့ချင်တယ် ... ဆုံဖူးချင်တယ် ... ဒီတောင်းဆိုမှုက တရားမျှတပါတယ် မှို့ရာ"

မောင့်ဘက်က တွေးကြည့်တော့လည်း ဟုတ်နေတာပဲ။

သူမ အကြောက်လွန်နေတာပါ။ ကိုကို နားလည်မှာပါ။

မောင့်ကို ဥပေက္ခာပြုထားတာ အဓိပ္ပာယ်မဲ့လွန်းသည်ဟု ထင်မိသည်။

"ကျွန်မ စိတ်လောကြီးနေတယ်မောင် ... ကိုကိုက ဝေဒနာရှင်တစ်ယောက်လို သတ်မှတ်တာမျိုးတော့ လက်မခံဘူး"

"မောင် သဘောပေါက်ပါတယ် မှို့"





"ကိုကိုက လူကောင်းဟန်ဆောင်နေတယ် ... ကျွန်မကိုလည်း စိတ်မဆင်းရဲစေချင်ဘူး ထင်တာပဲ မောင်"

သူ ... ကိုခန့်ထယ်ရဲ့ ဓာတ်ပုံတွေကိုကြည့်ခြင်းအားဖြင့် လူကြီးလူကောင်းတစ်ယောက်ဟု တွက်ချက်ထားပြီးသား ဖြစ်သည်။ မှို့က အကြောက်လွန်နေတာပါ။

"ကိုကို့ဘဝမှာ ကျွန်မဟာ ကျေးဇူးကန်းတဲ့ မိန်းကလေးအဖြစ် မထင်မှတ်စေချင်တာပါ မောင်"

"မင်းစိတ်ဓာတ်ကို မောင် သိပြီးသားပါ မှို့ ... မောင်အတတ်နိုင်ဆုံး မင်းဘက်ကနေ ကူညီစောင့်ရှောက်မှာပါ"

"မောင်"

"ပြော"

"ညနေကျရင် အရမ်းကြီးတော့ အမူအရာ မပျက်စေနဲ့နော်"

"စိတ်ချ"

"ဒါပဲနော် မောင်"

"အိုကေ"

ဖုန်းချလိုက်သည်။

"မှို့"

"ဟင် ဒေါ်သက်"

"မောင်မြတ်နိုးနဲ့ ရုတ်တရက်ကြီး မိတ်ဆက်မပေးလိုက်နဲ့နော် ... မှို့ရော ဒေါ်သက်ရော မကောင်းဖြစ်သွားမယ်"

"မှို့ သိပါတယ် ဒေါ်သက် ... စိတ်ချ။ ကိုကို့ကို ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါဘူး"

"သာစုကွယ် ... လိမ္မာလိုက်တဲ့ မိန်းကလေးပဲ"

ဒေါ်နှင်းသက် ကိုယ်တိုင် မောင်ခန့်ထယ်အား မှုံနှံ့သာတွင် ချစ်သူရည်းစားမရှိသေးကြောင်း ပြောပြထားခဲ့သည်။

"သမီး ချစ်သူကို မောင်ခန့်ထယ်က ရွေးချယ်ပေးမှာပါ"

"မောင့်ကိုတော့ ကိုကို ကျေနပ်လက်ခံမှာပါနော်"

မောင်က အဘက်ဘက်ကနေ လိုလေသေးမရှိအောင် ပြည့်စုံနေသော ယောကျ်ားကောင်းတစ်ယောက်သာ ဖြစ်နေသည်။

ကိုကို လက်ခံမှာပါ။ ကျေနပ်မှာပါ။

"ကိုကို ဘာလုပ်နေတာလဲ"

"သန့်ရှင်းရေး လုပ်နေတယ်လေ မှုံ"

"ဟင်"

ကိုကိုက လူ့မမာတစ်ယောက်အဖြစ် လက်ခံလိုခြင်းမရှိပေ။ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းများ လုပ်နေသည်။ ရယ်ချင်လာ၏။ သူမ နှုတ်ခမ်းသားလေးတွေက ပြုံးယောင်လေး သန်းလာသည်။

မောင်က တစ်မျိုး ... ကိုကိုနှင့် ဆုံချင်နေသည်။

"ကိုကို"

"ဟင်"

"ဘာတွေ လုပ်နေတာလဲ"

"ကျန်းမာရေးလေ"



"ကျွန်မလည်း ကူမယ်"

ကိုကိုက ပန်းပင်တွေကို ပျိုးနေ၍ သူမ ဝင်ကူရန် ပြင်လိုက်သည်။

"ကိုကို"

"ဟင်"

"ညနေ ဆေးခန်းပြရမယ်နော်"

"ကိုကို နေကောင်းပါတယ် ... "

"ဘာပဲဖြစ်ဖြစ် ဆရာဝန်တော့ ပြသင့်တာပေါ့"

ခန့်ထယ်ကတော့ မှုံနှံ့သာအမြင်မှာ ကျန်းမာရေးမကောင်းသော လူတစ်ယောက်အဖြစ် မမြင်မတွေ့လိုပေ။

မှုံနှံ့သာ ... ကိုကို့စိတ်တွေ လှုပ်ရှားနေတယ်။ မင်းအပေါ် မရိုးသားတော့ဘူး။ ချစ်မိနေပြီ။

လူကြီးတွေက လက်ထပ်ဖို့ ပြောခဲ့စဉ်က သာမန်ပင် စိတ်မဝင်စားခဲ့။

"မင်း ... မှုံလေးကို လက်ထပ်ဖြစ်အောင် လက်ထပ်ပါ"

မှာခဲ့သည်။ မလွဲသာ မရှောင်သာတော့သဖြင့် ရန်ကုန်သို့ ပြန်လာခဲ့မိ၏။

မှုံနှံ့သာနှင့် လက်ထပ်ရန်ဖြစ်သည်။ အခြေအနေက ပို၍ပင် ခိုင်မာသွားရတော့၏။ မင်းကို ချစ်မိသွားပြီ မှုံ။ ကိုကိုက မိန်းကလေးတွေနဲ့ သိပ်ပြီး မပတ်သက်ချင်ဘူး။

တည်ကြည်ခန့်ညားတဲ့ လူကြီးလူကောင်းတစ်ယောက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ။

“ကိုကို”

“ဟင်”

“ကိုကို ဘာတွေစဉ်းစားနေတာလဲဟင်”

သူမက မျက်ဝန်းလေးကို ပင့်ချီကာ မေးနေသည်။ နှလုံးသားတွေက လှုပ်ရှားချင်လာရသည်။ တဒိန်းဒိန်း ခုန်လာ၏။

ရင်ညွှန့်ထဲမှ အောင့်ချင်လာသည်။ မှုံနှံ့သာလေးကို သူ မြတ်နိုးတွယ်တာခဲ့ရပြီဆိုတာ သေချာနေ၏။ ဖွင့်ပြောရမှာ ခက်နေသည်။

သူ့ညီမလေး ...

“အား ... ”

“ဟင် ... ကိုကို ဘာဖြစ်တာလဲ”

ရင်ထဲမှာ မခံစားနိုင်တော့သဖြင့် ပေါက်ကွဲလွင့်စင်သွားရသည်။

သူ ... ကြောင်သွားသည်။ မကြီးမငယ်နှင့် ရူးသွပ်စွာ အော်ဟစ်ပစ်လိုက်မိခြင်းပင်။

“ကိုကို့ရင်ညွှန့်က အောင့်, အောင့်နေတတ်တယ် မဟုတ်လားဟင်”

“ကိုကို စိတ်လှုပ်ရှား မခံနိုင်တာပါ မှုံ”

“ကိုကို့မှာ ဘာတွေများ စိတ်လှုပ်ရှားစရာတွေရှိနေလို့လဲဟင်”

“ရှိတယ် မှုံ”





“မှုံနဲ့ ဆိုင်လား”

“မှုံ”

“ရှင်”

“မှုံ့မှာ ချစ်သူတွေ ဘာတွေ ရှိလား”

သူမ ... အထိတ်တလန့် ကြည့်မိသည်။ မျက်နှာပြင်ပေါ်မှာ အပူလှိုင်းတစ်ခု ဖြတ်သန်းသွားသလို ပူရှိန်းရှိန်းကြီး ဖြစ်သွားရ၏။

ချစ်သူရှိလားတဲ့။ ဘုရားရေ ... ဘယ်လိုဖြေရမလဲ။

“မှုံ”

“ဟင်”

မှုံ့အမူအရာက သိသိသာသာ ပြောင်းသွား၍ သူ စိတ်ထင့်သွားမိသည်။ သူ့မေးခွန်းကြောင့် ကောင်မလေး ရှက်သွားတာလားဟုပင် ထင်မိသွား၏။ သက်သက်သာသာ တွေးတာ။

“ဖြေလေ”

“ကျွန်မ ... ”

“မင်းမှာ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ချစ်သူ ရှိနေပြီလား မှုံနှံ့သာ”

ကိုကို့လေသံတွေက မသိမသာ တင်းမာတော်ထန်သွားသည်။

“မှုံ”

“ရှင် ... ”

“ဖြေလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … မရှိပါဘူး ကိုကို … ဘာတွေမေးနေတာလဲ၊ မရှိပါဘူး"

"တကယ်လား"

"ဟုတ်"

သူ … စိတ်သက်သာရာ ရသွားသည်။ မှုံနှံ့သာသည် ပညာတတ် မိန်းကလေးတစ်ယောက် ဖြစ်နေ၏။

ဒေါက်တာ မှုံနှံ့သာပဲ။ သူ့ကိုတော့ လိမ်ညာပြောဆိုလိမ့်မည်ဟု မထင်မှတ်မိပေ။ ယုံကြည်မိနေသည်။

ရင်ထဲမှာ မွန်းကျပ်မှုတွေ လျော့ပါးသွားစေရန် သက်ပြင်းမောကြီးကို မသိမသာ မှုတ်ထုတ်ပစ်လိုက်မိ၏။

"ကိုကို … ညနေ ဆေးခန်းသွားပြရမယ်နော်"

"ကောင်မလေးက ကိုကို့ကို လူနာထင်နေလို့လားကွာ"

"ဟင့်အင်း … မထင်ပါဘူး ကိုကိုရာ … ကျွန်မက ကိုကို တစ်ခုခုဖြစ်သွားမှာ အရမ်းစိတ်ပူနေလို့ပါ"

ပျော်စရာပဲ …

မှုံနှံ့သာ ကိုယ်တိုင် သူ့အပေါ် သံယောဇဉ် ကြီးမားစွာ တွယ်ငြိနေသည်။

သူ စိတ်အေးသွား၏။ ကောင်မလေးနှင့် လက်ထပ်ဖို့ကတော့ မိဘတွေဆန္ဒကို မပြောပြချင်။ နှစ်ဦးလုံးရဲ့ နှလုံးသား ခံစားချက်တွေနှင့်ပဲ ဆုံးဖြတ်စေချင်သည်။

အချစ် လိုအပ်တယ်။ သူ … အတင်းအကျပ် မှုသိမ်းပိုက်လို





လူကြီးလူကောင်း ပီသစွာဖြင့် မှုံနှံ့သာအား လက်ထပ်လိုသည်။

မင်းနှလုံးသားတွေထဲကနေ ကိုကို့အပေါ် စွဲလမ်းမြတ်နိုးနေစေချင်တယ်။

"ကိုကို … အလုပ်တွေ ရှုပ်တော့နော် … ထ … ရေချိုးမယ်"

သူ့ရင်ထဲမှာ ကျိတ်ပြီး ပီတိတွေ ဖြာဝေသွားရသည်။ အေးမြတဲ့ စမ်းချောင်းလေးတစ်ခု ဖြတ်သန်းစီးဆင်းသွားရသလိုပင်။

သူ ထလိုက်သည်။

"ကျွန်မ စောင့်နေမယ်နော်"

"မှုံနှံ့သာ ဆန္ဒကြောင့်သာ ကိုကို ဆေးခန်းသွားပြရမှာ၊ စိတ်မပူပါနဲ့၊ ကိုကို ဘာမှမဖြစ်ပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ် ညီမလေး စိတ်ချမ်းသာအောင် ကိုကိုနေထိုင်ပြမူရမယ်"

"ဟော့ကောင်မလေးရ … ဆရာဝန်ဆိုပြီး ကိုကို့ကို လူနာလိုတော့ မသတ်မှတ်ထားနဲ့နော်"

"အဟဲ"

သူမ မီးဖိုခန်းဘက်သို့ မသိမသာ ဝင်လာခဲ့မိသည်။

"ဒေါ်သက်"

"ဟင်"

သူမ လက်လေးတွေ အေးစက်ထုံကျင်နေသဖြင့် ဒေါ်သက်ပင် မျက်လုံးပြူးသွားရသည်။

"မှုံလေး … မောင်စန်းထယ်နဲ့ ဘာဖြစ်လာလဲ … လက်တွေ



www.burmeseclassic.com

www.burmeseclassic.com



အေးစက်နေတာပဲ”

“ဒေါ်သက်”

“ပြော”

“ကိုကိုက ကျွန်မမှာ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ချစ်သူ ရှိလားတဲ့”

“မှီ ဘာပြောလိုက်လဲ”

“ငြင်းလိုက်တာပေါ့”

“တော်ပါသေးရဲ့”

“ကိုကို့မှာ ရောဂါရှိတယ် ... တစ်ချက် တစ်ချက် အောင့်နေပုံပဲ ... ကိုကို ဟန်ဆောင်နေတာ၊ ရုတ်တရက် မပြောချင်လို့”

“အေးကွယ် ... ဖြည်းဖြည်းတော့ ပြောပြရမှာပဲ ... အလောတကြီး မပြောဖို့ဘဲ လိုအပ်တာ”

“မောင်က ဒီညနေ ဆေးခန်းကစောင့်နေမှာ၊ ကိုကို့ကို တွေ့ချင်လို့တဲ့”

“ဟင်”

“ဟို ... လက်ထောက်ဆရာဝန်တစ်ယောက်အနေနဲ့ တွေ့ဆုံမှာပါ”

“အမူအရာတွေ မပျက်အောင်တော့ ဆင်ခြင်နော် မှီ”

“အင်းပါ”

“မောင်ခန့်ထယ်ကတော့ လူကြီးလူကောင်းပါကွယ် ... ပညာလည်း တတ်တယ် ... ငွေကြေးအရလည်း ဘာမှပြောစရာ မရှိဘူး၊ သမီးရှေ့ရေးအတွက် စိတ်ပူနေတာပဲ ဖြစ်မှာပါ”





“ကျွန်မဘဝမှာ ကိုကိုဟာ ကျွန်မ ကိုကိုပါ ... သွေးသား မတော်စပ်ပေမယ့် အစ်ကိုအရင်းတစ်ယော်ကလိုပဲ သတ်မှတ်ထားမိတယ် ဒေါ်သက်ရယ်”

“မောင်မြတ်နိုးကို မောင်ခန့်ထယ်က သဘောကျလက်ခံမှာပါကွယ် ... အစစအရာရာ ပြည့်စုံနေတဲ့ ယောက်ျားတစ်ယောက်ပဲ”

“အင်းနော် ... အဲဒီလိုပဲ ဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းနေရတာပဲ ဒေါ်သက်ရယ်”

မှီနှံသာ ... အတွေးတွေတော့ လွှပ်ရှားနေမိသည်။

အဆင်ပြေပါစေ ... မောင်နဲ့ကိုကို တွေ့ဆုံသင့်သည်ဟု ကျွန်မ ထင်မိနေသည်။ စိတ်သဘောထား ပြည့်ဝကြတဲ့ ယောက်ျားနှစ်ယောက်ရဲ့ တွေ့ဆုံမှုတွေက ကောင်းတဲ့လက္ခဏာတွေပဲ ဖြစ်လာနိုင်သည်ဟု သူမ တွေးမိနေခဲ့၏။

ကိုကို့ကို ဆေးခန်းပြရမည်ဖြစ်၍ သူမ ပြင်ဆင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ကိုခန့်ထယ် ... နာမည်နှင့်လိုက်ဖက်စွာ ခန့်ထယ်ချောမောသော လူတစ်ယောက်ပါ။

မြတ်နိုးပင် သိမ်ငယ်သွားရသည်။ မှုံနှင့်က သွေးသားမတော်စပ်။ သူ ... ဘာတွေ တွေးနေတာလဲ။ မတွေးသင့်ဘူး။

လုံးဝ မတွေးသင့်ဘူး။

လူကြီးလူကောင်းတစ်ယောက်ဖြစ်သော ကိုခန့်ထယ်က မှုံအား သွေးသားတစ်ယောက်ကဲ့သို့ စောင့်ရှောက်နေမှာပါပဲ။

ဆရာကြီးအား ပြောပြထားခဲ့သည်။ ကိုခန့်ထယ်ကို စောင့်ရှောက်မည့် လက်ထောက်ဆရာအဖြစ်ပင်။

"ကိုခန့်ထယ်"

"ပြောပါ ဆရာကြီး"

ဆရာဝန်ကြီးသည် ခန့်ထယ်တို့ မိဘတွေ လက်ထက်တည်းက ပြသနေခဲ့သော မိသားစုဆရာဝန်ကြီး တစ်ယောက်ပါပဲ။

ထို့ကြောင့်ပင် ...

သူ လာရောက်ပြသခြင်း ဖြစ်သည်။





ပြီးတော့ ... မှုံနှံ့သာ ဆန္ဒ ... သူကတော့ လူနာတစ်ယောက်အဖြစ် မသတ်မှတ်လိုပေ။

"မောင်ရင့် နှလုံးသွေးကြောထဲမှာ ပိတ်ဆို့မှု အနည်းငယ်တော့ ရှိနေတယ်"

အီးစီဂျီမှတ်တမ်းကို ကြည့်ပြီး ဆရာကြီးက ပြောနေသည်။

"စိတ်လှုပ်ရှားတာတွေ ... အလုပ်တွေကို အလောတကြီး လုပ်တတ်တာမျိုးတွေ ရှောင်ပါ"

"ဟုတ်ကဲ့"

"မောင်ခန့်ထယ်က တည်ငြိမ်ပါတယ်၊ မောင်ရင့်ကို အထူးအထွေတော့ မှာစရာ မရှိပါဘူး"

"ဟုတ်ကဲ့"

"မောင်ခန့်ထယ်"

"ပြောပါ ဆရာကြီး"

"ကျုပ် ... နှစ်လလောက် နိုင်ငံခြားကို သွားရမယ် ... မောင်ရင့်အတွက် အနီးကပ် စောင့်ရှောက်မယ့် လက်ထောက်က သူပဲ"

"ဗျာ"

"သူက ဒေါက်တာမြတ်နိုးတဲ့ ကျုပ်လက်ထောက်ပါ ... လိုအပ်တာတွေ အားလုံး ဒေါက်တာမြတ်နိုးက စီစဉ်ဆောင်ရွက်ပေးလိမ့်မယ်"

ဒေါက်တာမြတ်နိုးတဲ့ ... သူ ... သဘောမကျမိ။

မှုံနှံ့သာကလည်း ပြန်ကြည့်နေတယ်။ တစ်ယောက်နဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောတ် သိဗ္ဗြမ်းခင်မင်နေပုံရသည်။ သူလည်း ပညာတတ်ပဲ။

တစ်ယောက်နဲ့တစ်ယောက် စတွေ့တည်းက အကြည့်တွေက တစ်မျိုးဖြစ်နေသည်။

ရင်ထဲမှာ ပူလောင်လာသည်။ ဒေါက်တာမြတ်နိုးက လူချောလူခန့်တစ်ဦး ဖြစ်နေ၏။

"မောင်ရင်"

"ဗျာ"

"လိုအပ်ရင် သမားတော်ကြီးတွေနဲ့ ဒေါက်တာမြတ်နိုးပဲ ပြပေးလိမ့်မယ် ... နှစ်လလောက်ပဲ ကြာမှာပါ"

"ဆရာကြီး"

"ပြောပါ"

"ကျွန်တော့်ညီမလေးကလည်း ဆရာဝန်ပါ ... အနီးကပ်ပြုစုလို့ရပါတယ်လေ ... ဒေါက်တာမြတ်နိုး မလိုအပ်ဘူးထင်တယ်။ ဟို ... ကျွန်တော်က ကျွန်တော့်အတွက် ဘယ်သူမှ အလုပ်မရှုပ်စေချင်လို့ပါနော်"

ကိုကိုက လူမမာတစ်ယောက်အဖြစ် မနေလိုတာပဲ ဖြစ်သည်။

"ကိုကို့ကို ကျွန်တော် တာဝန်ယူစောင့်ရှောက်ပါ့မယ်"

"ဟင်"

သူ ... ဆတ်ခနဲ မော့ကြည့်ဖြစ်သည်။ ကိုကိုတဲ့ ...

ဒေါက်တာမြတ်နိုးက သူ့အား တရင်းတနှီး ဆက်ဆံနေသည်။

"ကိုယ့်နာမည် ခန့်ထယ်ပါ ... မောင်ရင်တို့က ... "





"ကျွန်တော်တို့က ဆေးတက္ကသိုလ်မှာတော့ တွေ့မြင်ဖူးနေပါတယ်"

မယုံပေ ... ဒေါက်တာမြတ်နိုးနဲ့မှုံတို့ ကြည့်ရတာ ရင်းနှီးနေသလိုပင်။ စိတ်ထဲမှာ အလိုမကျမိ။

"ဆရာ ... ကျွန်တော့်အတွက် ညီမလေးရှိပါတယ်၊ မောင်ရင်မလိုအပ်ပါဘူး ... ကျွန်တော် တစ်ခုခုဖြစ်ရင်တော့ ဆရာ့ လက်ထောက်ဆီ သွားပြပါ့မယ်"

သူ ... ထလိုက်မိသည်။

ဒေါက်တာမြတ်နိုးကို မသိမသာ အကဲခတ်လိုက်မိရ၏။ မှုံနဲ့သာထံ အကြည့်တွေ ရောက်နေသည်။

"မှုံ"

"ရှင်"

"ပြန်စို့"

သူ ... ဆက်ပြီး မနေနိုင်တော့ ... ဒေါသတွေ ထွက်ချင်လာသည်။ မှုံနဲ့သာကိုခေါ်ပြီး ထွက်လာခဲ့မိတော့သည်။

ဒီကောင် ဘာကောင်လဲ ... ။ အကြည့် ရိုင်းလွန်းသည်။

အိမ်ပြန်ရောက်လာသည်။

"မှုံ"

"ရှင်"

"ထိုင်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ... အထိတ်တလန့် ဖြစ်ရသည်။ ကိုကို့အခြေအနေက မကောင်းတော့ ... ဒေါသတွေနှင့် ဖြစ်နေသည်။

"ဟိုကောင် ဘယ်သူလဲ"

"ဘယ်ကောင်လဲ ကိုကို"

"ဒေါက်တာမြတ်နိုး"

"ရှင်"

"မှန်မှန်ပြောစမ်း ... မင်းနဲ့ဒေါက်တာမြတ်နိုး ဘယ်လိုပတ်သက်နေလဲ"

"ရှင်"

သူမ ... ဘာဖြေရမလဲ။ မောင်နှင့်သူမက ချစ်သူတွေ။

"ဖြေလေ"

"မိတ်ဆွေတွေပါ"

"တကယ်လား"

ကိုကို့အကြည့်တွေကို သူမ ရင်မဆိုင်ဝံ့တော့သည်။ စူးရှ နက်ရှိုင်းလွန်း၏။

"မှုံနှံ့သာ"

"ရှင်"

"မင်းမှာ တကယ်ပဲ ချစ်သူ မရှိဘူးလား"

"ဟင့်အင်း"

"တကယ်နော်"

"ဟုတ်"





"မင်းကိုကြည့်တဲ့ ဒေါက်တာမြတ်နိုး မျက်လုံးတွေကို ငါ သဘောမကျဘူး"

"ဟင်"

"သိပ်ပြီး ရင်းနှီးလွန်းနေတယ်"

သူ ... ဝန်တိုနေမိသည်။ မှုံနှံ့သာမှာ ချစ်သူရှိနေတာ လုံးဝ လက်မခံနိုင်အောင် ဖြစ်နေရ၏။ စိတ်တွေ လှုပ်ရှားလာသည်။

ဆရာဝန်ကြီးက သူ့စိတ်တွေကို ငြိမ်သက်အောင် ထိန်းချုပ်ရမည်တဲ့။

"ကိုကို အနားယူလိုက်ပါလား"

"မနားပါဘူး ... ကိုကိုက လူနာမဟုတ်ဘူးနော် မှုံနှံ့သာ"

"ဘာပဲဖြစ်ဖြစ်၊ ကိုကို အနားယူသင့်တယ် ... ဆေးသောက်ရမယ်"

"မသောက်တော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကိုကို လူနာမဟုတ်ဘူး"

ဒုက္ခ ရောက်နေသည်။ မှုံနှံ့သာကို ချစ်တဲ့အကြောင်း ဘယ်လိုထုတ်ဖော်ပြောရမလဲ။ လူကြီးတွေက စီစဉ်ခဲ့တာဟုလည်း မပြောချင်။ မှုံနှံ့သာက ယုံကြည်ပါ့မလား။

"မှုံ"

"ရှင်"

"မင်းစိတ်ထဲမှာ ကိုကို့နဲ့ပတ်သက်ပြီး ဘယ်လိုလက်ခံထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဟာ ကျွန်မသံယောဇဉ်အကြီးရဆုံး ... အတွယ်တာရဆုံး အစ်ကိုတစ်ယောက်ပါ"

အစ်ကိုတစ်ယောက်တဲ့။ သူ ... သဘောမကျဆုံး အသုံးအနှုန်းတွေပဲ ဖြစ်နေသည်။

"ကိုကိုနဲ့ကျွန်မ လူ့လောကကြီးထဲမှာ တွယ်တာစရာ မောင်နှမ နှစ်ယောက်ပဲ ရှိနေတာပဲဟာ"

"မှုံ"

"ရှင်"

"ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ သံယောဇဉ် မတွယ်ရဘူးနော်"

သူမ ... အကျပ်ရိုက်သွားမိသည်။

မောင် ရှိနေ၏။ လက်ထပ်ဖို့အထိ ရည်ရွယ်ထားသော ချစ်သူတွေ ဖြစ်နေကြသည်။ သူမ စိတ်တွေမလုံမလဲ ဖြစ်ရ၏။

"ကိုကိုပြောတာ ကြားရဲ့လား မှုံ"

"ဟုတ်ကဲ့ ... ကြားပါတယ် ကိုကို"

"ညစာစားဖို့ ပြင်ဆင်တော့ ... ကိုကို ဗိုက်ဆာပြီ"

သူမ ထလာခဲ့မိတော့သည်။

အခန်း ( ၅ )

"မှုံ ... မင်းနဲ့ကိုကိုက မောင့်ကို မလိုလားပုံပဲကွာ"

မောင်က ကျွန်မ တာဝန်ကျသော ဆေးရုံတွင် လာတွေ့သည်။ ကိုကိုက သူမထံ မကြာခဏ ဖုန်းဆက်နေတတ်သဖြင့် မောင်နှင့် နှစ်ယောက်ချင်း လွတ်လပ်စွာ ပြောဆိုဖို့ပင် အချိန်မရ။

"မှုံ"

"ဟင်"

"အပြင်ခဏ ထွက်ရအောင်"

မောင်က သူမအား လွတ်လပ်စွာ တွေ့ဆုံလိုမည် ဖြစ်သည်။ သူမလည်း တွေ့ချင်တာပါပဲ။ မောင့်ကို အဖြေတစ်ခုခုပေးဖို့အတွက် သူမ ဝန်လေးနေရသည်။

"မှုံ ... မောင့်တောင်းဆိုမှုတွေကို မင်းလိုက်လျောသင့်တယ်ကွာ"

သူမ ... မောင့်ကို ချစ်မိသည်။ တွေ့ချင်တာပါပဲလေ။

ခက်နေတာက ... ကိုကို ...

"ကိုကို့မှာ နှလုံးရောဂါရှိနေတာ မောင်အသိဆုံးပဲ မဟုတ်လား ... ကိုကိုက ကျွန်မအပေါ် မယုံမကြည်ဖြစ်မှာ ကျွန်မ ...



www.burmeseclassic.com

www.burmeseclassic.com



အကြောက်ဆုံးပဲ မောင်"

"မောင်ရော ... မှုံပါ ဘဝအတွက် လုံလောက်တဲ့ စံချိန်စံညွှန်းတွေ ပြည့်ဝနေကြတဲ့လူတွေပဲ ... အတောင်အလက်စုံနေပြီမို့"

"ကိုကိုက ကျွန်မကို ကလေးတစ်ယောက်လို့ပဲ ထင်ချင်ထင်နေမှာ"

သူကတော့ ကိုခန့်ထယ်တစ်ယောက် မှုံနှံ့သာအပေါ်၌ ရိုးသားသော မောင်နှမစိတ်ဓာတ် မရှိနိုင်ဟု ထင်မိသည်။ တစ်စုံတစ်ခုတော့ ထူးခြားနေ၏။

"အဘက်ဘက်က ပြည့်စုံနေပြီဖြစ်တဲ့ မှုံ့မှာ ချစ်သူရှိနေတာ အပြစ်ရှိလားကွာ"

"မောင် ... ကျွန်မကို နားလည်ပေးပါနော်"

"မောင် နားလည်ပါတယ်ကွာ ... တစ်ခုပဲ မောင်စိတ်ပူတာက မှုံနဲ့မဝေးချင်ဘူး"

"မဝေးရပါဘူး မောင်ရယ် ... ကိုကိုက တစ်နေ့တော့ ကျွန်မနဲ့မောင့်အပေါ် နားလည်မှု ပေးလာမှာပါ"

သူမ ... မောင့်အပေါ် သစ္စာရှိနေပါ့မယ်ဆိုတဲ့အကြောင်း တတွတ်တွတ် ပြောခဲ့မိသည်။

"မှုံ"

"မောင်"

"မောင်နဲ့ အပြင်ခဏလေးဖြစ်ဖြစ် လိုက်ခဲ့ပါကွာ ... တစ်ခုခု သွားစားရအောင်"





သူမစိတ်ထဲမှာ ကိုကိုသိသွားမှာ ကြောက်နေမိသည်။

"မောင်နဲ့တွဲဖို့ မှုံ ဒီလောက်အထိပဲ ကြောက်နေရပြီလား"

"ကိုကို့မှာ ဝေဒနာတွေ ရှိနေလို့ပါ မောင် ... "

သူမ ... မောင့်ကို သနားနေမိသည်။ ကျွန်မရဲ့ ချစ်ဦးသူက မောင်ပဲ မဟုတ်လား။

"ကိုကိုက အရွယ်ရောက်နေတဲ့ ညီမတစ်ယောက်အပေါ် ဒီလောက်အထိ နားလည်ခွင့်လွှတ်မှု မရှိတော့ဘူးလား မှုံရယ်"

"မှုံက ဆရာဝန်ဖြစ်တာနဲ့ ချစ်သူရည်းစားထားပြီး မိသားစုကို စွန့်ခွာသွားတော့မယ်ဆိုတဲ့ အသိမျိုးတွေ ကိုကို့ဆီမှာ ရှိမနေစေချင်လို့ပါ"

မှုံ ပြောနေတာလည်း အမှန်တွေဖြစ်နေသဖြင့် သူ ကိုယ်ချင်းစာစွာဖြင့် ဒေါသက မထက်လိုတော့ပေ။

"မှုံ့ဘဝကို မောင်နားလည်ပါတယ်ကွာ ... ကဲ ... မောင်သွားတော့မယ် ... အိုကေ"

"မောင်"

"ပြော"

"ကျွန်မကို စိတ်ကောက်သွားတာလားဟင်"

"မကောက်ပါဘူး မှုံရယ် ... မောင် နားလည်မှုပေးတာပါ"

"မောင်ရယ်"

မောင့်ကို မှုံ စိတ်မကောင်းစွာဖြင့် ကြည့်မိသည်။ ရိုးသားတည်ကြည်သော မောင်သည် သူမအပေါ် နားလည်မှု မရှိဘူး ယောကျ်ားကောင်းတစ်ယောက်ပဲဆိုတာ သဘောပေါက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မှုံ စိတ်အေးအေးနေနော် ... မောင့်အတွက် ဘာမှမပူနဲ့၊ ခင်နှုအပေါ် နောက်ဆုံးထွက်သွက်လေး ကျန်တဲ့အထိ မျှော်လင့်နေမှာပါ"

"မောင်"

"ပြောလေ မှုံ"

"အပြင်ခဏလောက်တော့ ထွက်မယ် ... မောင်နဲ့မနက်စာ စားကြမယ်"

"မှုံရယ် ... မောင့်အတွက် ဘာမှစိတ်သောကတွေ မရောက်ပါနဲ့ မောင် ... နားလည်ပါတယ်ကွာ"

"ရပါတယ် မောင် ... ကျွန်မဘာက်က သတ္တိရှိဖို့တော့ တစ်ခါတစ်ရံ လိုအပ်တယ်လေ"

"မောင် မခေါ်ရက်တော့ဘူး"

"ကျွန်မ လိုက်သင့်တယ်"

"မှုံ့ကို အကျပ်အတည်းဖြစ်အောင် မောင် မလုပ်ချင်တာတော့ အမှန်ပဲ"

"ကျွန်မကို နားလည်မှုတွေပေးတာ ... ကျွန်မ ကျေးဇူးတွေတင်ပါတယ် မောင်"

မောင်နဲ့သူမ ... မနက်စာ စားဖြစ်သည်။ ကြောက်စိတ်တွေကို သူမ ခဏဘေးဖယ်ထားမိ၏။ မောင် ပျော်ရွှင်ကျေနပ်နေသည်။

အခန်း ( ၆ )

"မှုံနံ့သာ"

"ဟင်"

ကိုကို ... သူမနားနေခန်းတွင် ကိုကိုရှိနေသည်။

"မင်း ဘယ်သွားနေတာလဲ မှုံနံ့သာ"

"ဟို ... ဟို ..."

"မင်း ... ဘယ်သွားနေတာလဲ"

ကိုကို့လေသံက မာထန်နေသည်။ နားနေခန်းမှာဖြစ်၍ ပတ်ဝန်းကျင်က ကြားမှာ ကြောက်နေမိ၏။

"ကျွန်မတာဝန်ချိန်ပြီးပြီ ကိုကို ... ပြန်ကြရအောင်"

ကိုကို ထသည်။ သူမ ဂျူတီချိန်ပြီးသွား၍ မောင်နှင့်အပြင်ထွက်ခြင်းပင်။ ကားပေါ်ရောက်တဲ့အထိ သူမအား ကိုကိုက စကားတစ်လုံးမှ မပြောပေ။

ဒေါသတွေ ပေါက်ကွဲနေပုံပင်။ ကိုကို ဘာဖြစ်လို့ ရောက်လာရတာလဲ။ သူမ ဆေးရုံသို့ ကိုကို လာရောက်လေ့ မရှိပေ။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာသည်။

"မှုံနံ့သာ"

"ရှင် ... ကိုကို"

"ထိုင်စမ်း"

ဧည့်ခန်းမှာ ကျွန်မကိုထိုင်ဖို့ မာထန်စွာ ပြောနေသည်။ သူမ ဝင်ထိုင်လိုက်၏။

"မင်း ဘယ်သွားတာလဲ"

"အပြင်ခဏ"

"ဘယ်သူနဲ့လဲ"

ကိုကိုက သူမ ဘယ်သူနှင့်သွားလဲဆိုတာ သိနေပုံရသည်။ မလိမ်ချင် ...

"ဒေါက်တာမြတ်နိုးနဲ့ပါ"

"ဒေါက်တာမြတ်နိုးက မင်းနဲ့ ဘယ်အတိုင်းအတာအထိ ပတ်သက်နေလဲ"

သူ့စိတ်ထဲမှာ မှုံနှင့်ဒေါက်တာမြတ်နိုးအား မသင်္ကာဖြစ်နေမိသည်။ ရိုးသားမှု မရှိနိုင်။ စောစောက ... သူဖုန်းဆက်သည်။ မှုံ အပြင်ထွက်သွားသည်တဲ့။ စိတ်ထဲမှာ မသင်္ကာ၍ ဆေးရုံလိုက်လာတော့ ဒေါက်တာမြတ်နိုးနှင့် အပြင်ထွက်သွားကြောင်း သတင်းရတော့သည်။

ဘယ်လောက်အထိ ဒေါသဖြစ်ရာ ကောင်းလဲ။ နှံ့ထယ်နေမယ် ထိုင်မသာကြီး ဖြစ်နေမိတော့သည်။





"ပြောလေ"

"ကျွန်မတို့ ရိုးရိုးသားသား ခင်မင်ကြတာပါ ကိုကို"

"မင်း လိမ်တယ် ... ညာတယ် ... မင်းမျက်ဝန်းတွေထဲမှာ မရိုးသားဘူး"

ကိုကိုက ဒေါသတကြီးနှင့် အော်ဟစ်ပြောဆိုနေတော့သည်။

"ကိုကို"

"မင်း ဘာမှမပြောနဲ့တော့ ... မင်းနဲ့ဒေါက်တာမြတ်နိုး ချစ်သူတွေပဲ"

"မဟုတ်ပါဘူး ကိုကို ... ကျောင်းနေဖက် သူငယ်ချင်းတွေပါ"

"မယုံဘူး"

သူမ ... ထိတ်လန့်တုန်လှုပ်စွာဖြင့် ကိုကို့အား ကြည့်မိသည်။ ဒေါသတွေ ပေါက်ကွဲနေ၏။

ကိုကိုက အေးချမ်းတည်ငြိမ်တဲ့ ယောကျ်ားတစ်ယောက်ဟု သူမ သိထားခဲ့သည်။ အခုတော့ ... ဆောက်တည်ရာမရအောင် ဒေါသတွေဖြင့် ပေါက်ကွဲနေသည်။ ခက်ထန်မာကျောနေ၏။

"မှုံနံ့သာ"

"ရှင်"

"ဒီနေ့ကစပြီး အပို့အကြို ကိုကိုပဲ လုပ်မယ်"

ကိုကို့အနေနှင့် နှလုံးရောဂါဝေဒနာကြောင့် စိတ်တိုနေတတ်တာမျိုးလည်း ဖြစ်နေသဖြင့် သူမ အနေအထိုင် ဆင်ခြင်ဖို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားမိသည်။

ညီမလေးတစ်ယောက်အပေါ်မှာ အစ်ကိုတစ်ယောက်အနေနှင့် ဒီလောက်တော့ သဝန်ကြောင်မှာပဲဟု တွေးထင်မိနေ၏။

"ဒေါ်သက်ရော"

ဒေါ်သက် ပြေးထွက်လာသည်။

"ခင်ဗျားပြောတော့ မှုံနှံ့သာမှာ ချစ်သူ လုံးဝမရှိပါဘူးဆို"

ဒေါ်သက်လည်း ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ခေါင်းခါပြနေတော့သည်။

အရင်က ... မောင်ခန့်ထယ် ဒီလိုမဟုတ်ပါဘူး။ ရောဂါဝေဒနာကြောင့် ဒေါသတွေ ဖြစ်နေတာပဲ ဖြစ်နိုင်သည်။

"ဒေါ်သက်"

"ရှင်"

"ဒီကောင်မလေးနဲ့ ဒေါက်တာမြတ်နိုး ဘယ်လိုပတ်သက်နေလဲ"

"ဒေါ်သက် မသိပါဘူး"

"ဘာ ..."

သူ ... လက်မခံနိုင် ... ပတ်သက်တာက တရင်းတနှီးကို ပတ်သက်နေရမယ်။ ဒေါသတွေ ဖြစ်နေမိသည်။

မှုံနှံ့သာ ... မင်းကို ကိုကို ချစ်မိနေပြီ။ ကိုကို့ရင်ထဲက ချစ်စကားတွေကို ဘယ်လိုမှင်ပြောရမလဲကွာ။ ပြောစမ်းပါ ...

ဘယ်လိုဖြစ်တာလဲ ... ခန့်ထယ်ဘဝမှာ မိန်းကလေးတစ်ယောက်အပေါ် ဒီလောက်အထိ စွဲလမ်းမြတ်နိုးမိလိမ့်မည်ဟု မထင်





မိခဲ့ပေ။

မြတ်နိုး ... ဒေါက်တာမြတ်နိုး ... ကျန်းမာသန့်စွမ်းတဲ့ လူငယ်တစ်ယောက်။ ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါ၊ ဘာမှမလိုဘူး။ ကိုကို ဘယ်လိုယှဉ်ပြိုင်မလဲ။

မင်းက ကိုကို့အပေါ် အစ်ကိုအရင်းတစ်ယောက်လို သံယောဇဉ် တွယ်တာနေမယ်ဆိုတာ ကိုကို မသိဘဲနေမလား မှုံနှံ့သာ။

ခန့်ထယ် ... မင်း မှားနေပြီ။

"မှုံနှံ့သာလေးကို သားလက်ထပ်ပါ ... ဒါမှ ဖေဖေတို့ ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေ ပျောက်ပျက်လေလွင့်သွားတာမျိုး မဖြစ်တော့ဘူး ... ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်တယ်သား"

"ဒီကောင်မလေးကို ကျွန်တော် လက်ထပ်မယူချင်ဘူး ဖေဖေ ... ညီမလေးတစ်ယောက်လိုပဲ သန့်သန့်ရှင်းရှင်း ပတ်သက်ဆက်ဆံချင်တယ်"

သူ ... အကြောက်အကန် ငြင်းဆန်ခဲ့မိသည်။ ဖေဖေက လက်မခံ။

"ဖေဖေ့ စကားတွေကို နားထောင်စမ်းသား ... မင်းနဲ့မှုံနှံ့သာလေး ဘဝရှေ့ရေးအတွက် ဖေဖေ စီစဉ်ခဲ့တာ"

သူ ... ကတိပေးခဲ့ရသည်။ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်မှာစိုး၍ ကောင်မလေးကို ချစ်သူရည်းစား မထားစေရန် တင်းကျပ်စွာ ထားခဲ့မိပြီ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာ နေစဉ်ကတော့ ကောင်မလေးအား သူ ... ဒီလောက်အထိ ကြီးမားတဲ့ သံယောဇဉ်တွေ မရှိခဲ့။ ခံစားမှုတွေ ကင်းမဲ့နေခဲ့သည်။ မှုံနှံ့သာကို မြင်မှ ... လှပချောမောစွာ နုမွတ်လန်းဆန်းသော မိန်းကလေးတစ်ယောက် ...

ခန့်ထယ် အစောကြီးတည်းက ခင်မင်ရင်းနှီးအောင် မနေခဲ့မိပေ။ စိမ်းနေခဲ့သည်။ မိန်းမချောလေး တစ်ယောက်ပဲ။ သူ ထင်တယ် ... ဒီကောင်မလေးမှာ ချစ်သူရည်းစား ရှိနေမှာပဲဆိုတာပင်။

"မှုံနှံ့သာ"

"ရှင်"

"မင်းမှာ ချစ်သူရှိနေတာကို လက်မခံဘူး"

"ရှင်"

သူမမှာ ချစ်သူရှိနေသည်။ ကိုကိုနဲ့ ဘယ်လိုရင်ဆိုင်ရမှန်း မသိအောင် ဖြစ်သွားရ၏။

"မင်း ကြားလား"

"ဟုတ်ကဲ့"

"မင်းနဲ့ ဒေါက်တာမြတ်နိုး တကယ်ပဲ မိတ်ဆွေတွေလား"

"ဟုတ်ပါတယ် ကိုကို"

"တကယ်နော်"

"အင်း"

"မင်း ... မလိမ်နဲ့"

သူ့မ ... ငြိမ်သက်နေမိသည်။ ချစ်သူရှိနေတာကို လက်မခံ





ဘူးဟု ကိုကိုက ခိုင်မာစွာ ပြောနေ၏။ မောင့်မှာ အပြစ်မရှိ။ သူမ အပေါ် နားလည်လွန်းသော ယောကျ်ားတစ်ယောက် ဖြစ်နေသည်။

"ကိုကို"

"ပြော"

"ကျွန်မဘဝမှာ လက်ထပ်ဖို့ ရွေးချယ်မယ့် ယောကျ်ား တစ်ယောက် ရှိလာရင်လည်း အဲဒီယောကျ်ားက အရာအားလုံး ပြည့်စုံနေမယ့် ယောကျ်ားတစ်ယောက် ဖြစ်မှာပါပဲ"

"ဘာ"

ကိုကိုက အထိတ်တလန့် အော်သည်။ ကျွန်မ ခြေဖျားလက်ဖျားတွေပင် အေးစက်ထုံကျင်နေ၏။ နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ချင်လာ၏။

"မင်းဘဝမှာ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ ရွေးချယ်ပိုင်ခွင့် မရှိစေရဘူး မှုံနှံ့သာ"

"ဟင်"

ကျွန်မ ... အမှားအယွင်းကြီးတစ်ခုကို ကြီးစွာလုပ်ဆောင်မိပြီဟု သိလိုက်သည်။

"မင်း အဝတ်အစားလဲ ... ကိုကိုနဲ့ အပြင်ထွက်မယ်"

ဒေါက်တာမြတ်နိုးနဲ့ အပြင်ထွက်တာကို သူ လုံးဝမကျေနပ်။ မှုံနှံ့သာနှင့်သူ တွဲပြီး အပြင်ထွက်ရန် ကလေးဆန်စွာ ပြုမူချင်နေမိသည်။

ခန့်ထယ် ... မင်း ဘာဖြစ်နေတာလဲ။ ဒီကောင်မလေးနဲ့ တွေ့မှ မင်းအမှားအယွင်းတွေ လုပ်မိနေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"မှုံ"

"ရှင်"

"သွားလေ"

"ဟုတ်"

သူမ ... လေးလံစွာ ထမိသည်။ ကိုကိုက သူမအား ပြင်းထန်သော အမိန့်တွေ ထုတ်နေ၏။

မောင် ... ကျွန်မ ဘာဆက်လုပ်ရမလဲ။ ချစ်သူ ... ကျွန်မ ချစ်သူ ... အပြစ်မဲ့လွန်းသော သူမ ချစ်သူကို ဘယ်လိုလုပ်ပြီး ကျွန်မ အဆက်အသွယ် ဖြတ်ရမလဲ။

ကျွန်မတို့က လူကြီးလူကောင်းတွေ ... မောင့်ကို နှစ်သက်မြတ်နိုးစွာ ချစ်မိနေသည်။ သူမရဲ့ ချစ်ဦးသူ ... မောင့်ဘက်က သူမအား နားလည်မှု အပေးစွမ်းနိုင်ဆုံး ယောကျ်ားတစ်ယောက် ဖြစ်နေသည်။

ကိုကိုကရော ... သူမအား ဘာကြောင့် စည်းကမ်းချက်တွေ တင်းကျပ်စွာ တားဆီးနေရတာလဲ။

"မှုံ"

"ဟင် ... ကိုကို"

"ပြင်ဆင်ပြီးပြီလား"

"ဟုတ်ကဲ့"

"မင်း ဘာဖြစ်လို့ ကြာနေရတာလဲ မှုံ"

ကိုကို့မျက်ဝန်းတွေက တင်းမာခက်ထန်စွာ အလိုမကျသလို





ကြီး ဖြစ်နေသည်။ သူမ ... ကြောက်လာမိသည်။

"မင်း ... ဘာတွေ စဉ်းစားပြီး၊ တွေဝေငေးငိုင်နေရတာလဲ မှုံနှံ့သာ"

"ကျွန်မ အလုပ်တွေ ပင်ပန်းလာလို့ပါ ကိုကို"

ကိုကိုဟာ သူမ အစ်ကိုပါ။ သူမမှာ ဖခင်လည်း မရှိ၊ မိဘကလည်း မရှိ။ ကိုကို့မိဘတွေနှင့် ကိုကိုရဲ့ ကျွေးမွေးထောက်ပံ့မှုတွေအောက်မှာ အသက်ရှင် ရပ်တည်ခွင့် ရရှိလာခြင်းပါပဲ။

သူမ ကျေးဇူးသိတတ်ဖို့ အမြဲတမ်း နှလုံးသွင်းနေမိသည်။

"မှုံ"

"ရှင်"

"မင်းပုံစံကိုမင်း ဟိုမှန်ထဲမှာ ပြန်ကြည့်စမ်း"

သူမ သိနေသည်။ စိတ်ပျက်အားလျော့နေသော မိန်းမတစ်ယောက် ဖြစ်နေ၏။ အဝတ်အစားက သူမ ဆေးရုံသွားခဲ့သော ဝတ်စုံပင်။

"မင်း အဝတ်အစားလဲဖို့တောင် အင်အားမရှိတော့ဘူးလား မှုံနှံ့သာ"

"ကျွန်မ အခုမှ ဆေးရုံက ပြန်လာတာပဲ ကိုကို ... နည်းနည်းပင်ပန်းသလို ဖြစ်နေလို့ပါ"

"မဖြစ်နိုင်ဘူး ... မင်း ဒေါက်တာမြတ်နိုးနဲ့ အပြင်ထွက်တုန်းက ရွှင်လန်းတက်ကြွနေတာပဲ ... ငါကိုယ်တိုင် မြင်တာ"

ခန့်ထယ်ကတော့ ဒေါက်တာမြတ်နိုးကြောင့် ခံစားနေရတာ



www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်မိသည်။ ဒေါက်တာမြတ်နိုးနဲ့ မှုံ့နှံ့သာတို့ ချစ်သူတွေဖြစ်မှာ သေချာ၏။ ဒေါသတွေက ပေါက်ကွဲချင်လာ၏။

"မြတ်နိုးက မင်းချစ်သူလား မှုံ့နှံ့သာ"

သူမ ... ကိုကို့မျက်ဝန်းတွေနှင့် ရင်မဆိုင်မိအောင် ရှောင်ရှားမိသည်။

"မြတ်နိုးဆိုတဲ့ကောင်နဲ့ မင်းရဲ့ပတ်သက်မှုတွေက မရိုးသားနိုင်တော့ဘူး"

သူမ ဖွင့်ပြောလိုက်ရင် ကောင်းမလားဟု တွေးမိသည်။ မဖြစ်သေးပါဘူး။ ကိုကိုက ဝေဒနာနဲ့။ စိတ်တွေလှုပ်ရှားလို့ နှလုံးသားတွေက မခံစားနိုင်ရင် နှလုံးဝေဒနာတွေ ပို၍ပင် ခံစားရမှာပဲ ဖြစ်သည်။

မခံစားစေချင်ပါဘူး။ ကိုကိုရယ် ... ကျွန်မ မှားတယ်။ မောင့်ကို ချစ်သူအဖြစ် ကျွန်မ ရွေးချယ်မိတာ မမှားပါဘူး။ ကိုကို့ကို အသိမပေးဘဲ ချစ်သူရွေးချယ်ခဲ့မိတာပါပဲ။

"မှုံ့"

"ပြောပါ ... ကိုကို"

"မင်း ... ငါနဲ့သွားရတာ စိတ်ဝင်စားရဲ့လား"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ"

"ကျွန်မ ... ကျွန်မ ... "

"ဒေါက်တာမြတ်နိုးလောက် ငါ့အပေါ် စိတ်မဝင်စားဘူး





မဟုတ်လား မှုံ့နှံ့သာ ... "

"ကျွန်မ ဘဝမှာ ကိုကိုတစ်ယောက်ပဲ အဓိကကျတာပါ။ ကိုကို သဘောမကျတဲ့ အလုပ်တွေ ကျွန်မ ဘယ်တော့မှ မလုပ်ပါဘူး ကိုကို"

အကြည့်ချင်း ဆုံမိစဉ်မှာပင် သူမဘက်မှ စတင်၍ အကြည့်တွေကို လွှဲပစ်လိုက်မိသည်။ ရင်မဆိုင်ရဲ ... ကိုကို့မျက်ဝန်းတွေက နီရဲစွာ တောက်ပလွန်းနေသည်။

"ညီမလေး"

"ရှင်"

"အဝတ်အစားလဲကွာ ... အပြင်ထွက်ရအောင်"

သူမ ... အခုပဲ အပြင်မှ ပြန်လာသည်။ ကိုကိုက ချက်ချင်းကြီး ပြန်ထွက်ရန် ပြောနေပြန်၏။ ပင်ပန်းနွမ်းနယ်မှုတွေကို သူမ အင်အားချိနဲ့စွာ ခံစားနေရသည်။

ဒါပေမဲ့ ... သူမ အလှပြင်ရသည်။ ရိုးသားစွာ ဝတ်စားပြင်ဆင်မှုကို သဘောကျတတ်သည်ဟု ဒေါ်နှင်းသက်က ပြောထား၍ ကိုကို့ရှေ့မှာ သတိထားနေရ၏။

"မှုံ့က လှတယ် ... ကိုကို့ညီမလေးက အရမ်းချစ်စရာ ကောင်းတယ်ကွာ"

သူ ... ချစ်တယ်ဟုပြောရန် ဝန်လေးနေမိ၍ ချစ်စရာကောင်းသည်ဟု ရောချလိုက်ရသည်။ အကြည့်ချင်းဆုံမိအောင် ကြိုးစားနေပေမယ့် မှုံ့နှံ့သာက ကြောက်ရွံ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူး ... ကောင်မလေး စိတ်ထဲမှာ ကြောက်စိတ်တွေပဲ ရှိမနေစေချင်ပေ။ ခန့်ထယ် ဒေါ်သတွေ ကြီးနေတာ သဘာဝမကျဟု ထင်မိလာသည်။

"ကဲ ... မုံ့ အပြင်ထွက်ကြစို့"

"ဟုတ်ကဲ့"

"ကောင်မလေး"

"ရှင် ... "

"ကိုကိုနဲ့ တရင်းတနှီးနေကွာ ... ကြောက်ရွံ့လေးစားနေတာမျိုး ကိုကို သဘောမကျဘူး"

ဟွန်း ... သူက တစ်ချိန်လုံး ဟောက်နေသည်။ သူမ ကြောက်လွန်း၍ ကိုကို့မျက်စိအောက်မှာပင် မနေဝံ့တော့။

ကိုကို့လေသံ လျော့သွား၍လည်း သူမ စိတ်သက်သာရာ ဖြစ်သွားရသည်။ ကားပေါ်ရောက်တော့ သူမကို ကားမောင်းခိုင်း၏။ ကိုကိုက သူမအား ဘေးမှထိုင်ပြီး ကြည့်နေသည်။ သေချာင်တာပဲ ...

တုန်ယင်နေတဲ့ လက်လေးများဖြင့် ကားစတီယာရင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလိုက်တော့သည်။

အခန်း ( ၇ )

သူမသည် စက်ရုပ်တစ်ရုပ်ကဲ့သို့သာ လှုပ်ရှားနေမိသည်။

ကိုကိုက သူမအား ကုန်တိုက်ကြီးတွေဆီ ခေါ်သွားဈေးဝယ်စေ၏။ လိုအပ်တဲ့ ငွေကြေးပမာဏကို အားနာစရာ မလိုဘူးဟု ပြောနေသည်။ ကိုကို နှစ်သက်တဲ့ ပစ္စည်းတွေကိုလည်း ဝယ်ပေးခဲ့၏။

သူမ စိတ်ညစ်နေမိသည်။ အပြုံးတော့ မပျက်ရဲ။

"မုံ့"

"ရှင်"

"ညီမလေး လိုအပ်တာတွေ ဝယ်နော်"

"တော်ပါပြီ ကိုကို ... မုံ့အတွက် ဒီလောက်အထိ မလိုအပ်ပါဘူး"

"ဘာဖြစ်လို့ မလိုအပ်ရမှာလဲ ... မုံ့ အားနာလို့လား"

"များနေပြီ ကိုကို"

သူမ မျက်ဝန်းလေးတွေထဲ ထိုးဖောက်မတတ် ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေတတ်စွာ ကိုကို့ကို ရှောင်မိ၏။ အပြစ်ရှိတဲ့သူပါ ...

ကိုကို ချမှတ်ထားတဲ့ စည်းကမ်းဥပဒေတွေကို သူမဘက်မှ တောင်ချိုးဖောက်လိုက်သလို အပြစ်ရှိသည်ဟု ထင်မိသည်။

"ကိုကိုပိုင်ဆိုင်တဲ့ ပစ္စည်းတွေက ညီမလေး ပိုင်ဆိုင်ရမှာပဲ မှုံ"

ကိုကို ဆုံးဖြတ်ပြီးပြီ။ မှုံ့ကို လက်ထပ်မယ်။ တစ်နေ့နေ့တော့ ဖွင့်ပြောရမယ်။ မင်းနဲ့ကိုကို မိသားစုဘဝလေးတစ်ခုကို ထူထောင်ကြမယ်။

မှုံ ... မင်း ဘာဖြစ်လို့ ဒီလောက်အထိ ချစ်စရာကောင်းနေရတာလဲ။ မြတ်နိုးစရာ မိန်းကလေးတစ်ယောက် ဖြစ်နေရတာလဲ။

မှုံရဲ့ စိတ်ချမ်းသာမှုအတွက် ကိုကို့စည်းစိမ်ဥစ္စာတွေနဲ့ လဲလှယ်ပစ်မယ်။ ကိုကို မှုံကို ချစ်တယ်။

ချစ်စကားတွေက သူ့ရင်ထဲမှာ ပြည့်ကျပ်နေသည်။ ဖွင့်မပြောဘဲ ... အခက်ဖြစ်နေမိသည်။

ဒေါက်တာမြတ်နိုးနဲ့ ယှဉ်ဖို့က သူ နှုတ်လေးနေလို့မဖြစ်ဘူး။ ဒေါ်သက်ကတစ်ဆင့် ပြောရင်ရော ... မဖြစ်သေးပါဘူး။ အချစ်ဆိုတာ လေးနက်တယ်။ သူနှင့်မှုံက သူစိမ်းဖွေမဟုတ်။ သွေးသားမတော်စပ်ပေမယ့် မွေးစားညီမ ဖြစ်နေသည်။

မှုံ စိတ်ထဲမှာ သူ့ကို တစ်မျိုးမထင်စေချင်ပေ။ ပစ္စည်းတွေဝယ်ပြီး အပြန်တွင် ဒေါက်တာမြတ်နိုးနှင့် ဆုံမိသည်။

"အစ်ကိုကြီး"





"ဟင်"

ဒေါက်တာမြတ်နိုးက ဝမ်းသာအားရနဲ့ ဖက်လှဲတကင်း ဆက်ဆံသည်။ ခန္ဓာကိုယ် တင်းသွားမိ၏။

ဒါပေမဲ့ ... သူက လူကြီးလူကောင်း။ သရုပ်ပျက်နေ၍ သိပ်မဖြစ်ဘူးဆိုတာ သတိထားနေရသည်။

"မှုံနှံ့သာ ဈေးဝယ်ထွက်လာတာလား"

"အင်း"

အကြည့်တွေ ... သင်းတို့နှစ်ယောက်အကြည့်တွေက မရိုးသားဘူးဟု ထင်မိသည်။

သူ ... သေသေချာချာ အကဲခတ်မိနေသည်။ အမှုအရာအပျက်ဆုံးက မှုံနှံ့သာပဲ ဖြစ်နေ၏။

"အစ်ကိုကြီး နေကောင်းလား"

"မောင်ရင် ... ကျုပ်က ကျန်းမာရေး ဒေါင်ဒေါင်မြည်နေတာပဲ ... ဒီမေးခွန်းက မေးစရာတောင် မလိုဘူး"

"ဗျာ"

"မောင်ရင်က ဆရာဝန်ဆိုတော့ လူတွေကို လူနာပဲထင်နေမှာလား"

"ဟို ... ဟို ... ကျွန်တော်က ဆရာကြီးမရှိတဲ့အချိန်မှာ အစ်ကိုကြီးကို စောင့်ရှောက်ရမယ့် တာဝန်ဝတ္တရားတွေ ရှိနေလို့ပါ"

"မလိုဘူး ... မှုံနှံ့သာ တစ်ယောက်လုံး အနားမှာရှိတာပဲ"

ကိုကို ဘုဆတ်ဆတ်ဖြေနေသဖြင့် သူမ အားနာမိသွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုကိုက လူနာလို့ အထင်မခံချင်တာဘဲ ကိုမြတ်နိုး ... မှုံ့အစ်ကိုက စိတ်တော့နည်းနည်းတိုတယ်နော်"

မောင်ဟု မခေါ်မိစေရန် အတော်လေး ထိန်းချုပ်နေရသည်။

"ဟုတ်ပါတယ်လေ ... ကျွန်တော် တောင်းပန်ပါတယ်နော် အစ်ကိုကြီး"

အစ်ကိုကြီးဟု ခေါ်နေတာကိုပင် သူ့စိတ်ထဲမှာ သဘောမကျမိ။ ဒီကောင် အကြောကြီးနဲ့ ခေါ်နေတာဟု ထင်မိသည်။

"သွားမယ်"

မှုံ့လက်ကိုဆွဲကာ ကားပေါ်သို့ တက်စေလိုက်သည်။

"တောက်"

"ကိုကို ဘာဖြစ်လို့လဲ"

"ကိုကို့ကို ခင်ဗျားကြီး အဘိုးကြီးဖြစ်နေပါပြီလို့ ဥပယ်တံမျဉ်နဲ့ ပြောလိုက်တာပဲ မှုံ့"

မောင့်မှာ ထိုကဲ့သို့ လူတစ်ဖက်သားအား နှိမ်ချဆက်ဆံလိုတဲ့ စိတ်တွေ မရှိတာ သူမ အသိဆုံးဖြစ်နေသည်။

ကိုကိုက လက်စံမှာမဟုတ်။ လူတစ်ယောက်နဲ့တစ်ယောက် တွေ့ရင် နေကောင်းလားဟု မေးတတ်တာပင်။ အထူးသဖြင့် ... ကိုကို့မှာ နှလုံးသွေးကြောကျဉ်းတဲ့ရောဂါက ရှိနေသည်မဟုတ်လား။

အိမ်ပြန်ရောက်လာသည်။ ကိုကို မကျေနပ်သေး။ မှုံ့ကို ဒေါသတကြီး ဆက်ဆံနေသည်။

"မှုံ့"





"ရှင် ... ကိုကို"

"ဒီကောင့် မျက်လုံးတွေက မရိုးသားဘူး"

သူမရော မောင်ပါ ထိန်းချုပ်ပြီး ဆက်ဆံနေကြရတာ မဟုတ်လား။ မျက်နှာတွေ မပျက်အောင်လည်း အတတ်နိုင်ဆုံး နေကြရသည်။

"ကိုကို့ကို မလိမ်နဲ့နော် မှုံ့နဲ့သာ ... မင်းတို့နှစ်ယောက်လုံးက မရိုးသားဘူး"

"ကိုကို"

"မင်းကို ပြောထားချင်တာက ဒေါက်တာမြတ်နိုးနဲ့ ကင်းရှင်းအောင် နေဖို့ပဲ"

ကင်းရှင်းအောင် နေရမယ်။ ဒုက္ခပါပဲ ... သူမအတွက် အဖြစ်မဲ့သော မောင့်ကို စိမ်းကားဖို့ မဖြစ်နိုင်ပေ။

"မင်း ဘယ်သူနဲ့မှပတ်သက်တာ ငါလက်မခံနိုင်ဘူး ... နောက်နေ့ကစပြီး မင်း ... ဘယ်သွားသွား ကိုကိုလိုက်မယ်"

"ကိုကို"

"ပြော"

"ကျွန်မ ... ကိုကို မကြိုက်တာတွေ ဘာမှမလုပ်ပါဘူး"

"မယုံဘူးကွာ"

သူမ ... ဘာပြောတော့မလဲ။ တင်းမာစက်ထန်သော မျက်ဝန်းတွေကို ရင်ဆိုင်နေရသည်။ ကိုကို ဘာဖြစ်လို့ ဖြစ်ရတာလဲ။ အရင်က ... သူမ ဆက်ဆံခဲ့ဖူးသော ကိုကိုနှင့် လုံးဝဆန့်ကျင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

"ကိုကို ပြောတာတွေ မင်းနားလည်ရဲ့လား မှုံ"

"ဟုတ်ကဲ့ပါ ကိုကို"

"သွားတော့"

"ဟုတ်"

ကိုကို အပေါ်ထပ် တက်သွားသည်။ သူမကတော့ ဒေါ်သက် ရှိနေသော မီးဖိုခန်းဘက် ထွက်လာခဲ့၏။

"မှုံရယ် ... ဒေါ်သက်လည်း စဉ်းစားလို့ မရတော့ဘူး ... ဘယ်လိုပြောင်းလဲသွားမှန်းတောင် မသိပါဘူးကွယ်"

ဒေါ်သက်ပင် မောင်ခန့်ထယ်ရဲ့ ပြောင်းလဲမှုတွေအတွက် အံ့ဩနေမိသည်။ ဘယ်လို ဖြစ်သွားရတာလဲ ... မောင်ခန့်ထယ်က အလွန်ဂုဏ်သိက္ခာကြီးမားစွာ နေတတ်သူဖြစ်သည်။

"ဒေါ်သက်နဲ့ပတ်သက်ဆက်ဆံတဲ့ သက်တမ်းတစ်လျှောက် ဂုဏ်သိက္ခာကြီးမားစွာ နေတတ်တဲ့ ယောကျ်ားတစ်ယောက်ပဲ မှုံ"

"မောင့်ကို မပတ်သက်ဖို့ ကျွန်မ ဘယ်လိုပြောရမလဲ ဒေါ်သက်ရယ် ... သေချင်တာပဲ၊ မောင်ကလည်း ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်ပါ"

"ပြောကြည့်ပေါ့ကွယ်"

"အင်းနော်"

"မောင်ခန့်ထယ် သဘောထားကို စောင့်ကြည့်ပါဦး"

မှုံနှံ့သာသည်လည်း ရိုးသားအေးချမ်းတဲ့ မိန်းကလေးတစ်





ယောက်ပါပဲ။ လိမ္မာသည်။ ယဉ်ကျေးသိမ်မွေ့၏။

ဒေါ်သက် စိတ်ထဲမှာ မောင်ခန့်ထယ်အပေါ် မသင်္ကာဖြစ်မိလာသည်။ မှုံနှံ့သာလေးအား လက်ထပ်ဖို့များ ရည်ရွယ်ထားလား မသိ။

ဒေါက်တာမြတ်နိုးကလည်း လူကြီးလူကောင်းတစ်ယောက်ပါပဲ။ မိန်းကလေးတစ်ယောက် ရွေးချယ်သင့်တဲ့ ယောကျ်ားပါပဲလေ။

"မှုံ သေချင်နေပြီ"

"မောင်ခန့်ထယ်မှာ ဝေဒနာတွေ ရှိနေတော့ စိတ်တိုနေတာလည်း ဖြစ်နိုင်ပါတယ်"

ကိုကို ရောက်လာတဲ့အချိန်ကစပြီး သူမ စိတ်သောကတွေ ရင်ဆိုင်လာခဲ့ရသည်။ မောင့်ကို မေ့ပစ်လိုက်ဖို့ ပြောရန်လည်း ကိုလေးတွေ မဟုတ်ကြ။

ခိုင်လုံတဲ့ အကြောင်းပြချက်တွေက ဘာတွေ ဖြစ်ရမလဲ။

"ကျွန်မ အပြင်ထွက်တိုင်း ကိုကို လိုက်ဖို့နေတော့မှာပဲ"

"ခဏတော့ သည်းခံပြီး နေလိုက်ပါကွယ်နော်"

"ကျွန်မ ဘာဆက်လုပ်ရမလဲ ဒေါ်သက်"

ဒေါ်သက် လက်တွေကို အားကိုးတကြီး ဆုပ်ကိုင်ထားမိသည်။

"ကလေး လက်တွေ အေးစက်နေလိုက်တာ ... ဒီလောက် အထိလည်း မကြောက်ပါနဲ့ကွယ် ... အားလုံးက လူကြီးလူကောင်း တွေပဲ မဟုတ်လား"

www.burmeseclassic.com



မွှန်သာလေးက မိမိလက်ပေါ်တွင် ကြီးပြင်းလာရသည်။ မိမိရဲ့ ဆုံးမသွန်သင်တဲ့ စကားတွေကိုလည်း မြေဝယ်မကျ နားထောင်တတ်သော မိန်းကလေး ဖြစ်၏။ သနားလိုက်တာ ...

အေးချမ်းတဲ့ မိန်းကလေးကျမှ အပူသောကမီးတွေ လောင်မြိုက်နေသည်။ မျက်ဝန်းလေးတွေက ရီဝေစိုစွတ်နေ၏။

"ကိုကိုက ကျွန်မအတွက် အသုံးအဆောင်ပစ္စည်းတွေ အားလုံး ဝယ်ပေးတယ် ... ကျွန်မ ဘဝကို ပြည့်စုံအောင် အမြဲတမ်း ဖြည့်စွမ်းပေးတာပါပဲ ... ကျွန်မ စိတ်ထဲမှာ မောင့်အတွက် စိတ်မကောင်းဖြစ်မိတာ တစ်ခုပဲရှိနေတယ် ... မောင့်အပေါ် မရက်စက်ချင်ဘူး"

"မွှန်"

"ရှင်"

"မောင်ခန့်ထယ်က မွှန်လေး ဒုက္ခရောက်သွားမှာ စိုးလို့ပါ"

"ကျွန်မ နားလည်ပါတယ် ... ကိုကို့စကားတွေကို နားမထောင်တဲ့ မိန်းကလေး မဖြစ်ချင်ဘူး"

မောင် ... အပြစ်မဲ့သူ။ သူမ ... ဘယ်လို အကြောင်းပြချက်တွေနဲ့ မောင့်ကို စွန့်ခွာရမှာလဲ။

ပြောထွက်မှာ မဟုတ်။ မောင်သည် သူမအား အထက်တန်းကျောင်းသူဘဝမှာပင် စွဲမြဲစွာ ချစ်ခဲ့သည်။ အကူအညီတွေ ပေးခဲ့၏။

ကိုကို မောနေလို့တဲ့။

"ဒေါ်သက် သံပရာရည် သွားဖျော်တော့ အိပ်ရာပေါ်မှာ လဲနေတယ် မွှန်"





ကိုကို့အတွက် စိတ်ပူပင်သွားမိတာတော့ အမှန်ပဲဖြစ်သည်။

"ကိုကို"

ကိုကိုက အိပ်နေရာမှ သူမကို တွေ့လိုက်သည်နှင့် ထလိုက်သည်။

"မထနဲ့လေ ကိုကို ... အိပ်ရာပေါ်မှာပဲ အနားယူနေနော်"

သူမ ဆေးသေတ္တာထဲမှ နားကျပ်ကိုယူပြီး တတ်မိသည်။ စမ်းသပ်၏။ ဟုတ်သားပဲ ... ကိုကို့နှလုံးခုန်သံတွေက အလွန်အမင်း မြန်နေတာ တွေ့လိုက်ရတော့သည်။ ကျွန်မ စိတ်ပူသွားမိ၏။

"စိတ်ကို တည်ငြိမ်အောင် ထားသင့်တယ် ကိုကို ... ကျွန်မ အတွက် ကိုကို့ သောကတွေ မများပါနဲ့"

မွှန် ... ကိုကို အတွေးကြီးနေပြီ။

ဒေါက်တာမြတ်နိုးအပေါ် ဒေါသတွေ ပေါက်ကွဲပြီးမောလာတာ ... ခန့်ထယ် မှားယွင်းနေပြီလား။

သူ့ဆီက ချစ်တယ်ဆိုတဲ့စကားတွေကို မွှန် ငြင်းဆန်လိုက်မှာ သူ အစိုးရိမ်ဆုံးဖြစ်နေသည်။ အမိန့် မသုံးချင်။ မွှန့် နှလုံးသားတွေထဲမှာ နက်ရှိုင်းစွာ ချစ်မြတ်နိုးလာစေချင်သည်။

ဒေါက်တာမြတ်နိုးအကြောင်း တွေးမိတိုင်း ဒေါသတွေ ပေါက်ကွဲနေရ၏။ စိတ်တွေက ထိန်းချုပ်မရ၊ မောလာသည်။ သူ့ဝေဒနာတွေကို အားမလို အားမရ ဖြစ်လာမိ၏။

"ကိုကို"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသောက်နော်"

"အင်း"

မှုကတော့ တဲယုတယ်နှင့် သူ့ကို ပြုစုနေသည်။ သူမ မျက်ဝန်းလေးတွေက စိုးရိမ်ပူပင်နေ၏။ ကိုကို မြင်တွေ့ချင်တာက မင်းမျက်ဝန်းလေးတွေထဲမှာ အချစ်တွေ ရှိနေစေချင်တယ် မှုနှံ့သာလေးရယ်။

ချစ်တယ် ... မင်းကို ချစ်တယ်၊ မြတ်နိုးတယ်။

"အား"

ရင်ညွန့်ဆီမှ စူးအောင့်တဲ့ ဝေဒနာကို ခံစားလိုက်ရသည်။

"ကိုကို ဘာဖြစ်တာလဲ ... အောင့်လို့လားဟင် ... ကျွန်မတို့ ဆေးခန်းသွားပြရအောင်နော်"

"နေ ... နေ ... ကိုကို ဘာမှ မဖြစ်ဘူး"

"ခက်တာပဲ ကိုကိုရာ ... ခေါင်းမမာချင်ပါနဲ့ ... ကိုကို တစ်ခုခုဖြစ်သွားမှာ ကျွန်မ အရမ်းစိတ်ပူတာပဲ"

မင်းရင်ထဲမှာ ကိုကို့ကို အစ်ကိုအရင်းတစ်ယောက်လိုပဲ ချစ်ခင်နေတာ ကိုကိုသိနေပါတယ်။ ရိုးသားဖြူစင်တဲ့ မင်းမျက်ဝန်းလေးတွေကို ရင်မဆိုင်ချင်ဘူး။ ကိုကို့ဘက်က မရိုးသားတာပါ။

"မှု ... ကိုကို ဘာမှမဖြစ်တော့ဘူး ... သွားတော့"

"ကိုကို"

"ဟင်"

"ကျွန်မ စိတ်မချဘူး၊ ဒေါ်သက်နဲ့ကျွန်မ စောင့်နေပေးချင်





တယ်"

"ကိုကို့ကို လူနာလို့ မင်းသတ်မှတ်ပြန်ပြီလား"

သူ ... သွားခိုင်းသဖြင့် မှု ထွက်သွားသည်။ ကိုကို့နှလုံးသားတွေထဲက အချစ်တွေက ကိုကို့ကို ဒုက္ခပေးနေပြီ မှု။

ကျန်းမာသန်စွမ်းတဲ့ယောကျ်ားတစ်ယောက်အဖြစ် မှု့အသိတွေထဲမှာ ထင်ဟပ်နေစေချင်တယ်ကွာ။ အခုတော့ ...

သူ့ဘဝကို သူအားမရနိုင်။ စိတ်တွေကို တည်ငြိမ်အောင် အတတ်နိုင်ဆုံး ထိန်းချုပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၀ )

"မွှံ"

"ဟင် ... မောင်"

သူမ ... ဂျူတီချိန်လဲဖို့ ပြင်ဆင်နေချိန်တွင် မောင် ရောက်လာသည်။

"ဟေ့ မွှံ ... နင် အေးအေးဆေးဆေး စကားပြော ... တို့ တာဝန်ဆက်ယူထားမယ်"

သူမ သူငယ်ချင်း ဒေါက်တာမြသီတာက သဘောကောင်းစွာ ပြောသွားသည်။ မြသီတာရဲ့ ဂျူတီနှင့်သူမ လဲလှယ်ရမည်ဖြစ်သည်။

ကိုကို ဖုန်းဆက်ရင် ... သူမ ဆက်ပြီး မတွေးရဲ။

ရင်ထဲမှာ ... ကြောက်စိတ်တွေပဲ ဝင်နေသည်။

"မွှံ"

"ဟင်"

"ဘာဖြစ်နေတာလဲ ... မောင့်ကိုမြင်ရတာ သရဲသဘက်တစ်





ကောင်ကို တွေ့လိုက်ရသလိုပါပဲလား"

သူ ... စိတ်ပျက်စွာဖြင့် ပြောမိသည်။

"ကိုကို ... ဟို ကိုကို ... "

"ကိုကိုက ဘာပြောလဲ ... မောင်တို့ကိစ္စ သိသွားပြီလား ဟင်"

မောင်က အားတက်သရောမေးနေ၍ သူမ ဘယ်လိုဖြေရမှန်းပင် မသိတော့။

သူမ ရင်ထဲမှာ မွန်းကျပ်နေသည်။ အဖြေရ ခက်နေ၏။

"မွှံ"

"မောင်"

"မောင့်ကို အရှင်းလင်းဆုံး အဖြေတစ်ခု ပေးစမ်းပါ"

မောင် စိတ်ရှည်ချင်တော့။ မွှံ အရင်နှင့်မတူ။ အေးစက်ထုံထိုင်းလေးလံနေသည်။

"ပြောလေ"

"ကျွန်မပြောမယ် မောင် ... "

မောင့်စိတ်တွေကို ထိန်းချုပ်ဖို့ သူမ ပြောလိုက်ရသည်။

"ကိုကိုက သဘောမတူဘူး၊ လုံးဝ လက်မခံဘူး မောင်"

"ဟင်"

သူ ... ထင်သားပဲ။ ဒီလူကြီး ကြည့်ရတာ မနာလိုဝန်တိုဖြစ်နေတဲ့ပုံပင်။

"ကျွန်မ ရှေ့ရေးအတွက်ပါ မောင် ... ချစ်သူတွေ ဘာတွေ

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မထားစေချင်တဲ့ သဘောပါ"

"မောင်ဟာ လူကြီးလူကောင်းတစ်ယောက်ပါမှ ... မိန်းကလေးတစ်ယောက် လက်ထပ်ဖို့ သင့်တော်တဲ့ ယောကျာ်းတစ်ယောက်ပါ"

"ကျွန်မ သိပါတယ်မောင် ... ကိုကိုက လက်မခံတာပါ။ ကျွန်းမာရေးချို့တဲ့နေတဲ့ ကိုကို့စိတ်တွေ အနှောင့်အယှက်ဖြစ်မှာ ကျွန်မ အကြောက်ဆုံးပဲ"

"ဘယ်လို ဆက်လုပ်ကြမလဲ မှုံရယ်"

မောင့်အသံတွေက ကြေကွဲနေသည်။ နှုတ်ခမ်းသားတွေက တုန်ယင်နေ၏။ မောင်က အလွန်ရိုးသားဖြူစင်သော ယောကျာ်းတစ်ယောက်သာ ဖြစ်သည်။

သူမ စိတ်ထိခိုက်စွာ မောင့်မျက်စိနှစ်ညိုညိုတွေကို မော့ကြည့်မိ၏။

ယောကျာ်းပီသစွာ ခန့်ညားချောမောသော မောင်သည် ပညာတတ် လူကုံထံ အသိုင်းအဝိုင်းထဲကလည်း ဖြစ်သည်။

"မောင် ... မှုံနဲ့အဝေးမခံနိုင်ဘူးဆိုတာ မှုံ သိရဲ့လား"

မောင်က မှုံ့ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လှုပ်ယမ်းနေသည်။

"မောင် စိတ်ထိန်းစမ်းပါ ... ဒါ ခေးရုံလေ"

"မောင် ဟန်မဆောင်ချင်တော့ဘူး မှုံရယ် ... ဖြစ်နိုင်ရင် မောင်နဲ့ကိုကို ဆွေးနွေးမယ်"





"ဟင့်အင်း ... မဖြစ်ဘူး မောင်၊ လုံးဝ မဆွေးနွေးပါနဲ့"

ညဏ ... ကိုကို စိတ်လှုပ်ရှားလွန်း၍ နှလုံးရောဂါက ထချင်လာသည်။ မောပန်းနွမ်းနယ်နေ၏။

ကိုကို ဘယ်လောက်အထိ စိတ်ထိခိုက်ကြေကွဲနေရလည်းဆိုတာ ကျွန်မ အသိဆုံးပင်။

"ဒီအတိုင်းပဲ မောင်က မှုံ့ကို စွန့်လွှတ်ရတော့မလား"

"အချိန်အတိုင်းအတာ တစ်ခုအထိပေးပါ မောင် ... ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ် ... နားလည်ပေးပါ"

"အင်းလေ ... မောင် ဘာတတ်နိုင်မှာလဲ"

"မောင်ရယ် ... "

သူမ ... မောင့်အား အမြဲတမ်းပဲ အားကိုးယုံကြည်စွာ လေးစားမိနေသည်။

သူမအပေါ် နားအလည်ဆုံး ယောကျာ်းတစ်ယောက် ဖြစ်နေ၏။

"မှုံ့ကို မတွေ့ရရင် မောင် မနေတတ်ဘူးကွာ"

"ကျွန်မကလည်း မောင့်လိုပါပဲ ... လောလောဆယ် ကိုကို့ကြောင့်ပါ။ ကိုကိုကလည်း ကျန်းမာရေး မကောင်းဘူးလေ"

"မှုံ"

"မောင်"

"မောင့်ကို ချစ်ရဲ့လား"

"အင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာ ဖြေစမ်းပါ မောင် ..."

"ချစ်ပါတယ် မောင် ... ကျွန်မ ချစ်လို့ လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့တာပါ"

"မောင့်ကို တကယ်ပဲ လက်ထပ်မှာလားမှုံ့"

"အင်း"

"ဒါဆို မောင်တို့နှစ်ယောက် နှစ်ဦးသဘောတူ လက်ထပ်ထားကြရအောင်နော်"

ချစ်သူထားတာတောင် ကျွန်မဘဝမှာ အမှားအယွင်းကြီးတစ်ခုကဲ့သို့ ဖြစ်နေရသည်။ လက်ထပ်ထားရင် ပို၍ပင် စိတ်သောကတွေနှင့် ကြုံတွေ့ရတော့မည်။

သူမက မိန်းကလေး ... အထိခိုက် အနစ်နာဆုံးဖြစ်ရမှာပဲ မဟုတ်လား။

"မဖြစ်နိုင်ဘူးမောင် ... ကျွန်မတို့က သူငယ်နှပ်စားကလေးတွေမှ မဟုတ်တာ"

"ကံကြမ္မာကို မောင် မယုံဘူး"

"ကျွန်မကို ယုံပါ"

"မောင် ယုံပါတယ် ... မှုံ့ စိတ်သဘောထား ရိုးဖြောင့်မှုတွေကို မောင် အယုံကြည်ဆုံးပဲ"

ချစ်သော မှုံ့ကိုတော့ သူ စွန့်လွှတ်နိုင်မှာ မဟုတ်မှန်း သိနေသည်။

"မောင် ... မှုံ့ကို မစွန့်လွှတ်နိုင်ဘူး"





"ကျွန်မလည်း မောင့်ကို မစွန့်လွှတ်နိုင်ပါဘူး"

"မောင် ဘာဆက်လုပ်ရမလဲ မှုံ့"

"မောင်နဲ့ကျွန်မ ခဏလေး အဆက်အသွယ် ဖြတ်ထားကြရအောင်"

"ဟင်"

မောင်က အထိတ်တလန့်နှင့် သူမ မျက်နှာအား မော့ကြည့်သည်။ နှုတ်ခမ်းသားတွေက သူမအား တစ်စုံတစ်ခုပြောရန် ကြိုးစား၍ အားယူပြောချင်နေပုံပင်။

"ကိုကို နားလည်လက်ခံလာတဲ့ အထိပါ မောင်"

"လုံးဝ လက်မခံဘူးဆိုရင်ရော"

"အခြေအနေ တစ်ခုကိုတော့ စောင့်ကြည့်စေချင်သေးတယ်"

မောင့်ကို ခိုင်မာတဲ့ ကတိဝန်ခံချက် မပေးရတာလဲမှုံ့။

ကိုကိုက ဘာဖြစ်လို့ လက်မခံရတာလဲ။ သူ ... စိတ်တွေ လှုပ်ရှားနေမိသည်။

ကလေးကလား အလုပ်တွေ မလုပ်ချင်၍ သူ့ဂုဏ်သိက္ခာတွေကို စောင့်ထိန်းနေရသလို မှုံ့ဂုဏ်သိက္ခာတွေကိုလည်း စောင့်ထိန်းနေရသေး၏။

"မောင်"

"မှုံ့"

"ကျွန်မ ပြောချင်တာကတော့ ကျွန်မကို နားလည်ပေးဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝဲ မောင်ရယ်"

သူမ ... မောင့်ကို ချစ်သည်။ လက်ထပ်ဖို့လည်း ရွေးချယ်ထား၏။ ကိုကို့ဆန္ဒတွေကိုလည်း သူမ လွန်ဆန်နိုင်ခြင်း မရှိပေ။

"ကလင် ... လင်"

ဖုန်းသံ မြည်လာသည်။ ကျွန်မ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိတော့သည်။

ကိုကိုလား ... မောင် လှမ်းကိုင်မည့်ဟန် ပြင်နေသဖြင့် သူမ ကပျာကယာ ကိုင်လိုက်ရသည်။ ထင်တဲ့အတိုင်းပဲ ကိုကို။

"မို"

"ရှင်"

"ဂျူတီ မဝင်ရသေးဘူးလား ... မို နားနေခန်းထဲမှာပဲ ရှိနေသေးဝါလား"

"ဂျူတီဝင်နေပါပြီကိုကို ... အလုပ်ကိစ္စရှိလို့ မြသီတာဆီ ခဏလာတာပါ"

"ဒေါက်တာမြတ်နီး လာသေးလား"

"မလာပါဘူး ကိုကို"

"ပြီးရော"

မောင်နှင့်သူမက ဆေးရုံချင်း မတူသဖြင့် တာဝန်ချိန် မတူကြ။

"ကိုကို"



"ဟင်"

"နေကောင်းလား"

"ကောင်းတယ် ... ကိုကို ညနေလာကြိုမယ်နော် မို"

ကျွန်းမာရေး မကောင်းလည်း ကိုကို လာမကြိုပါနဲ့ဟု ပြောချင်သည်။ ကိုကိုက လူနာအဖြစ် သတ်မှတ်တာမျိုး လက်မခံ။

"ဟုတ်ကဲ့ ကိုကို ..."

"မို"

"ရှင်"

"ဒေါက်တာမြတ်နီးနဲ့ လုံးဝမပတ်သက်နဲ့နော် ကောင်မလေး"

"ဟုတ်ကဲ့"

သူ ... ရင်ထိတ်စွာဖြင့် ပြောနေသည်။ မောင် အနားမှာရှိနေ၍ ကျွန်မ အားနာလွန်းစွာ အသံတွေ တိုးတိတ်စွာဖြင့် ပြောဖြစ်နေသည်။

"မို"

"ရှင်"

"မင်းလေသံ တိုးနေတယ် ... ဘေးမှာ ဘယ်သူတွေရှိနေလဲ"

ကိုကိုက အသေးအဖွဲ့လေးကအစ စေ့စပ်သေချာစွာ ပြောနေသည်။ သူမအပေါ် ဂရုစိုက်လွန်း၏။ အနေကျဉ်းကျပ်နေပေမယ့် ကိုကို့ရှေ့မှာ ဟန်ဆောင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာမြတ်နိုး ရောက်နေတာတော့ မဟုတ်ပါဘူး နော်"

"မဟုတ်ပါဘူး ကိုကို"

"အိုကေ ... ကိုကို လာကြိုမယ်နော်"

"ဟုတ်"

ကိုကို ဖုန်းချသွားသည်။ သူမ စိတ်မောစွာဖြင့် မောင့်ကို ကြည့်မိ၏။

"ကိုကိုလား"

"ဟုတ်တယ် မောင်"

ကိုကို့အနေနှင့် မှို့အပေါ် ဒီလောက်အထိ စေ့စပ်သေချာနေစရာ မလိုဘူးဟု ထင်မိသည်။ မှို့နှင့်ပတ်သက်ပြီး မပြောချင်။

သူ့ဆန္ဒက မှို့ကို စိတ်ချမ်းသာစေချင်နေမိသည်။ နားလည်မှုတွေ ပေးချင်၏။

"ကျွန်မ ဂျူတီဝင်တော့မယ်နော် မောင်"

"ကိုကိုက မင်းဂျူတီမဝင်လို့ပြောနေတာ မဟုတ်လားမှို့"

"မောင်ရယ်"

"မှို့"

"ရှင်"

"မောင် ... မင်းနဲ့ဝေးရမှာ စိုးရိမ်နေတယ်မှို့ ... မောင် စိတ်ပူနေပြီ"

"ကျွန်မကိုယုံပါမောင် ... ဘာပဲဖြစ်ဖြစ် မောင့်ဘက်ကနေ ကျွန်မ ရပ်တည်ပေးပါ့မယ်"





"မှို့ရယ်"

မောင်က နှုတ်ဆက်ပြီး လေးလံတဲ့ခြေလှမ်းတွေနှင့် ပြန်ထွက်သွားသည်။

"မှို့"

"ဟင် ... မြသီတာ"

"မြတ်နိုး သနားပါတယ်"

မောင် ... ကျွန်မ ... မြသီတာတို့က ငယ်သူငယ်ချင်းတွေပင်။

"မြတ်နိုးမှာ အပြစ်မရှိဘဲနဲ့ ရှင် အဆက်အသွယ်ဖြတ်ပစ်လို့ မတရားဘူး"

"မြသီတာရယ် ... ကျွန်မ ဘယ်လုပ်ချင်ပါ့မလဲ ... ကိုကို့ကြောင့်ပါ"

"မှို့"

"ပြော"

"ရှင့်ကိုကိုက ဒီလောက်အထိလိုက်ပြီး သဝန်ကြောင်နေတာ မရိုးသားဘူးနော်"

မြသီတာအား သူမ အထိတ်တလန့်နှင့် မော့ကြည့်မိသည်။

သူမနှင့်မြသီတာက တစ်ယောက်နှင့်တစ်ယောက် ပြောမနာ ဆိုမနာ အတွင်းသိတွေ ဖြစ်ကြ၏။

"မှို့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုခန့်ထယ်က ဘာအကြောင်းပြချက်နဲ့ ရှင့်ကို ဒီလောက်အထိ ချစ်ချယ်နေရတာလဲ"

"မသိဘူး"

"မြတ်နိုးက အရည်အချင်း ပြည့်ဝတဲ့ယောကျ်ားတစ်ယောက်ဆိုတာ လူတိုင်း လက်ခံတာပဲ မဟုတ်လား"

"သိပါတယ်ဟာ ... ခက်တာက ကိုယ်ကို လက်မခံတာဘဲလိုးဝိုဝ် ခါးခါးသီးသီး ငြင်းဆန်နေတယ်"

"စဉ်းစားစရာပဲ"

မြသီတာကတော့ ကိုခန့်ထယ် မရိုးသားဘူးဟု ထင်မိသည်။ မှုန့်သာကိုများ လက်ထပ်ဖို့ ရည်ရွယ်နေလားမှ မသိတာဘဲ။

"မြသီတာတော့ မရိုးသားဘူးလို့ ထင်တာပဲ"

"ကျွန်မ ဘာဆက်လုပ်ရမလဲ မြသီတာ"

"မြတ်နိုးနဲ့ လက်ထပ်လိုက်"

မဖြစ်နိုင်။ ကိုကိုက ကျွန်မအား လူလားမြောက်အောင် စောင့်ရှောက်ကျွေးမွေးထားသည့် ကျေးဇူးတွေက ရှိနေသည်။

မေ့ပစ်ရမလား ...

"မြတ်နိုးကို ရှင်မချစ်ဘူးလား"

"ချစ်တာပေါ့ ... မှုံ ချစ်လို့ ချစ်သူအဖြစ် ရွေးချယ်ခဲ့တာပဲ မြသီတာ"

"ချစ်ရင် ရင်ဆိုင်ရဲရမှာပေါ့ ... မြတ်နိုးလို ယောကျ်ားတစ်ယောက်နဲ့ လက်တွဲပြီး လောကကြီးကို ရင်မဆိုင်ရဲဘူးလား"





"ကိုကို့ဆန္ဒတွေနဲ့ ဆန့်ကျင်ပြီး ဘာတစ်ခုမှ မလုပ်ချင်တာပဲဟယ်"

"မှုံ"

"ပြော"

"ကျုပ် ရှင့်ကို တစ်ခုမေးမယ် ... ရှင် အမှန်အတိုင်းဖြေမှာလား မှုံ"

"မေးလေ"

"ကိုခန့်ထယ်ကို ရှင် ချစ်လား"

"ဘာ"

"ချစ်သူတစ်ယောက်လို ချစ်နေလားလို့ မေးတာ"

"ဟာကွာ ... မချစ်ပါဘူး၊ မောင်ရှိနေတာပဲ ... ကျွန်မက မောင့်ကိုပဲချစ်တာ ... ကိုကိုကတော့ ကျွေးမွေးစောင့်ရှောက်ခဲ့တာရယ် ... မှုံ့မှာ သွေးသားရင်း မရှိတာရယ်ကြောင့် အစ်ကိုတစ်ယောက်လိုပဲ သံယောဇဉ်ကြီးရတာပါ"

"သေချာလို့လား မှုံ"

"ကျွန်မကို အထင်မသေးစမ်းပါနဲ့ မြသီတာ ... ကိုကို ပိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ကျွန်မ မက်မောမယ် ထင်နေလို့လား"

ကိုကို့ဘက်မှ သူမအပေါ် ရိုးသားမှု မရှိတာလည်း သူမ လက်မခံနိုင်။ ညီမလေးတစ်ယောက် ဒုက္ခရောက်မှာပဲ စိတ်ပူတာပါ။

"ကိုကိုက အစုမှ မှုံ့အပေါ် တရင်းတနှီး ဆက်ဆံတာပါ မြ



www.burmeseclassic.com

www.burmeseclassic.com



သီတာ ... ဒါကလည်း ကျွန်းမာရေးကြောင့် မှ့်ကို အားကိုးတာပဲ ဖြစ်နိုင်ပါတယ် ... ကိုကိုက ရိုးသားတည်ကြည်တဲ့ လူကြီးလူကောင်း တစ်ယောက်ပါဟယ်"

မြသီတာ နှုတ်ခမ်းသားလေးတွေကို တွန့်မဲ့ပြီး ပြုံးနေသည်။

"မြတ်နိုးအပေါ် ရှင်မရက်စက်ဖို့တော့ လိုအပ်တယ်နော်"

မြသီတာက ဂျူတီ အမြန်ဝင်မှပဲ။ ကိုကို ဖုန်းထပ်ဆက်လျှင် အဖြေရှင်းရခက်နေဦးမည်။

ညနေ ... ကိုကို လာကြိုမယ်တဲ့။ သူမ သေချင်လောက်အောင် စိတ်ညစ်မိတာက ကိုကို့မျက်ဝန်းတောက်တောက်တွေကို ရင်ဆိုင်ရမှာပဲ ဖြစ်သည်။

အခန်း ( ၉ )

"မှုံ့နဲ့သာ"

"ရှင်"

"မင်းကို ပြောစရာရှိတယ်"

"ပြောပါ ကိုကို ... "

ကိုကို့ မျက်ဝန်းအကြည့်တွေက စူးရှနက်ရှိုင်းစွာ သူမ မျက်ဝန်းတွေထဲ ထိုးဖောက်တော့မတတ် ဖြစ်နေသည်။

သူမ ရင်ထိတ်နေမိ၏။ ကိုကို ဘာပြောမှာလဲ ... မောင်နှင့် ပတ်သက်သော အကြောင်းတွေပဲလား။

"ပြောလေ ကိုကို ... "

သူ ... ခန့်ထယ် ... နှုတ်ခမ်းတွေက လှုပ်မရ။ ပြောမထွက်။

မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့အတွက် ချစ်ခြင်းမေတ္တာတွေနှင့်ပဲ ရွေးချယ်လိုခဲ့သည်။

မှုံက ... သူ့မိတ်တွေ စောင့်ရှောက်ထားသော မိန်းကလေး တစ်ယောက် ဖြစ်နေသည်။ စိတ်ကမလုံ။ ခန့်ထယ်ရယ် ...



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာဖြစ်လို့များ ဒီကောင်မလေးကိုမှ နှစ်သက်မြတ်နိုးနေရတာလဲ။ ကိုကို့နှလုံးသားတွေထဲကနေ စူးနင့်စွာ ချစ်မြတ်နိုးမိတာပါ။

ဘယ်လို ဖွင့်ပြောရမလဲ။ မင်းမှာ ချစ်သူရှိနေတယ်။

ဒေါက်တာမြတ်နိုးက မင်းချစ်သူ ... သေချာတယ်။ ကိုကို ဘယ်လိုလုပ်ရမလဲ။ လူငယ်တစ်ယောက်နဲ့ကိုကို ဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်ပိုးရမလဲ။

"ကိုကို"

"ဟင်"

"ကျွန်မကို ဘာပြောမှာလဲ ... ပြောပါ။ ဘာမှ အားမနာပါနဲ့ ကိုကိုရယ်"

ကိုကို့စိတ်တွေထဲမှာ မွန်းကျပ်နေမှာမျိုး မလိုလားမိပေ။ သူမ ပေးဆပ်ချင်တာပါ။ ကိုကို့အကြည့်တွေက တစ်စုံတစ်ခုအတွက် သောကမကင်းကြောင်း သိသာနေသည်။

"တခြားတော့ မဟုတ်ပါဘူးကွာ ... ကိုကို့ကို လူနာကြီး တစ်ယောက်လို မသတ်မှတ်ဖို့နဲ့ ဒေါက်တာမြတ်နိုးနဲ့မပတ်သက်ဖို့ပါပဲ"

"ဟုတ်ကဲ့ ကိုကို"

မပြောရဲ ... ပြောမထွက်တာ။ မင်းကို လက်ထပ်မယ်ဆိုတဲ့ စကားတွေကို မပြောချင်။

နှုတ်တွန့်နေမိသည်။ အင်အားတွေ မဲ့နေ၏။ စိတ်တွေ မလုံ





မလဲ ဖြစ်နေရသည်။

"ကိုကိုက လူနာကြီးတစ်ယောက် မဟုတ်ပေမယ့် ကျန်းမာရေး ဆေးစစ်တာတွေ ဆေးထိုး ဆေးသောက်တာတွေတော့ လုပ်ရမယ်နော်"

"အဲဒါလည်း ကိုကို့ကို လူနာကြီးတစ်ယောက်လို သတ်မှတ်တာပဲပေါ့"

"ညီမလေးက ဆရာဝန်လေ ... ကိုယ့်အစ်ကို ဖြစ်နေလို့ လူနာ သတ်မှတ်ရမှာပဲ"

ညီမလေးတဲ့ ... ကိုယ့်အစ်ကိုတဲ့။ မှုန့်သာ စကားတွေက သူ့စိတ်တွေကို ပိုပြီး မလုံမလဲ ဖြစ်စေသည်။ ပြောမထွက်တော့။

ရင်ထဲမှာ တဒိတ်ဒိတ် ခုန်ချင်လာသဖြင့် သူ့စိတ်တွေကို ငြိမ်သက်သွားအောင် ထိန်းချုပ်နေရသည်။

"မှုံ"

"ရှင်"

"မင်း ... ဒီနေ့ အပြင်မထွက်နဲ့နော်"

သူမ ... ဂျူတီအော့ဖ်။ ကိုကိုက အိမ်မှာပဲနေတဲ့။

"ကိုကို အလုပ်ကိစ္စတစ်ခုနဲ့ အပြင်ထွက်ရမယ်"

"ဟုတ်ကဲ့"

သူမကတော့ ကိုကို့စကားတွေကို နာခံဖို့ပဲ ဆုံးဖြတ်ထားနိုင်သည်။ ကိုကို့ကို စိတ်ချမ်းသာစေချင်၏။ သူမတို့မှာ မောင်နှမနှစ်ယောက်ပဲရှိနေတာ မဟုတ်လား။ သံယောဇဉ် တွယ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဖုန်းဆက်မယ်"

"ဟုတ်"

သူမအား ကိုကိုက အလွန်အမင်း ချုပ်ချယ်တားဆီးနေသည်။ မြသီတာ ပြောသလိုပဲလား။ မဖြစ်နိုင်တာ ... ကိုကိုက တည်ကြည်ခန့်ညားသူ။ မှုံ့အားလည်း ညီမလေးတစ်ယောက်ကဲ့သို့ ချစ်ခင်နေတာပါ။

သူမအား ဘယ်တော့မှ မရိုးမသား ဆက်ဆံခဲ့ခြင်း မရှိပေ။ မြသီတာ ပြောတာ မဖြစ်နိုင်။ ညီမလေးက အစ်ကိုတစ်ယောက်ကို ခွဲခွာသွားမှာ စိတ်ပူ၍ပင် ဖြစ်သည်။

သူမ အသေအချာ သိနေသည်။ ကိုကိုက ရိုးသားဖြူစင်သူပါ။

"မှုံ"

"ကိုကို"

"ကိုကို့ကို ကတိတစ်ခု ပေးစမ်းပါ"

"ရှင်"

"ဒေါက်တာမြတ်နိုးနဲ့ မင်း မပတ်သက်ပါဘူးလို့ ကတိပေးစမ်းပါ"

သူမအတွက် အခက်အခဲဆုံးသော ကတိတစ်ခုဖြစ်နေသည်။ မောင်ကလည်း အပြစ်မဲ့လွန်းသော သူမရဲ့ ချစ်ဦးသူ။ ကိုကို့ရဲ့ ချုပ်ချယ်မှုအတွက် မောင်က နားလည်မှု ပေးနေခဲ့သည်။ သံသယမဲ့ခြင်းလည်း မရှိ။ ဘယ်လိုအပြစ်တွေ အကြောင်းပြပြီး မောင့်ကို စွန့်ခွာရမလဲ။





"ကိုကို"

"ပြော"

"အရေးကြီးတာ ကိုကို့ကျန်းမာရေးအတွက်ပဲ အရေးကြီးတာပါ ... တခြား ဘာမှ မစဉ်းစားနဲ့နော်"

"မင်း ဝေ့လည်ကြောင်ပတ် မလုပ်နဲ့နော် ... ပေးစမ်း ဒေါက်တာမြတ်နိုးကို မပတ်သက်ပါဘူးဆိုတဲ့ ကတိ"

"ကျွန်မတို့က ဆေးပညာဝန်ထမ်း အချင်းချင်းပါ ကိုကို ... တစ်ယောက်နဲ့တစ်ယောက် မပတ်သက် မဆက်ဆံလို့ မရနိုင်ပါဘူး"

"ဘာ"

ကိုကို့လေသံကြီးက ဒေါသတကြီး ဟိန်းထွက်လာသည်။

"မင်း ကတိမပေးနိုင်ဘူးဆိုတဲ့ သဘောလား"

စောစောက ... အေးချမ်းနေသော အခြေအနေလေးက ဆူပွက်ချင်လာသည်။ အပူရိပ်တွေ ပျံ့လွင့်လာ၏။ သူမ အထိတ်တလန့် မျက်ဝန်းလေးတွေ ပြူးကျယ်ပိုင်းစက်သွားမိသည်။

"မဟုတ်ပါဘူး ကိုကို ... ကျွန်မက လုံးဝမပတ်သက်လို့ မကောင်းလို့ပါ ... ကိုကို မကျေနပ်ရင်လည်း အတတ်နိုင်ဆုံး ရှောင်ပါ့မယ်"

သူ့ ... ဒေါသတွေ ဖြစ်မိသည်။ စိတ်တွေကို ထိန်းချုပ်နေရ၏။ မှုံနဲ့သာ စကားတွေကို ဘဝင်မကျမိဘဲ ဖြစ်နေသည်။

ဒီကောင်မလေး ကတိမပေးနိုင်။ ဟုတ်ပြီ ...

ဒေါက်တာမြတ်နိုးနဲ့ ရိုးရိုးသားသား ပတ်သက်ဆက်ဆံနေ



www.burmeseclassic.com

www.burmeseclassic.com



တာ မဖြစ်နိုင်ဘူး။ ဒေါသတွေ ဖြစ်လာသည်။

သေချာအောင် စုံစမ်းရမယ်။ သူမိတ်ဆွေတစ်ယောက် ရှိသည်။ ဒေါက်တာမြတ်နိုးနှင့် နီးစပ်တဲ့ အသိုင်းအဝိုင်းထဲကပဲ ဖြစ်နေသည်။

"မှို"

"ရှင်"

"မင်း အလုပ်ထွက်လိုက်တော့"

"ရှင်"

"မင်း ဆရာဝန်အလုပ် လုပ်မှ ထမင်းစားရမှာမှ မဟုတ်တာဘဲ မှိုနဲ့သာ"

ကိုကို့စကားတွေကြောင့် သူမ အံ့သြတကြီးနှင့် ထိတ်လန့်သွားမိသည်။

သဘောထားသေးသိမ်တဲ့ စကားတွေကို ပြောလိမ့်မည် မထင်မိ။

သူမ ဝါသနာပါတဲ့ အလုပ်တစ်ခုကို လုပ်နေတာပဲ မဟုတ်လား။ မွန်မြတ်တဲ့ အလုပ်တစ်ခုကို သူမ လုပ်နေတာ ကိုကိုသိဖို့ကောင်းသည်။

ကိုကို့မျက်ဝန်းတွေက တင်းမာခက်ထန်နေ၏။

"မင်း ... ကိုကိုပြောတာ ကြားလား မှိုနဲ့သာ"

"အလုပ်ကထွက်လို့တော့ မဖြစ်နိုင်ဘူးကိုကို ... ကျွန်မ ဒေါက်တာမြတ်နိုးနဲ့ မပတ်သက်ဘူးဆိုရင် ကိုကို ကျေနပ်ပါ"



"မင်း ကတိပေးမလား"

"ကျွန်မအတွက် ကိုကို စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့လို့ တောင်းပန်ပါတယ်"

"ငါဖြစ်တယ် ... မင်း ဒေါက်တာမြတ်နိုးနဲ့ပတ်သက်နေတာ စိတ်အနှောင့်အယှက် ဖြစ်ရဆုံးပဲ"

မောင်က ကိုကိုနှင့်ဘာရန်ငြိုးမှလဲ မရှိဘဲနှင့်သူမကို တားဆီးနေသည်။

"ကိုကို အပြင်သွားမယ် ... မင်း လုံးဝအပြင်ထွက်ဖို့ မစဉ်းစားနဲ့နော်"

သူမ ... ကလေးမဟုတ်။ ကိုကိုက တားဆီးနေသည်။

သူမ ကလေးမဟုတ်ဘူးဟု ပြောချင်တဲ့ဆန္ဒတွေကို ချိုးနှိမ်နေရ၏။ ကိုကို အပြင်ထွက်သွားသည်။ သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ စီးကျလာရတော့သည်။

မောင် ... ကျွန်မ ဘာဆက်လုပ်ရမလဲ။ ကိုကိုက ကျွန်မကို ကလေးတစ်ယောက်လို ဆက်ဆံနေတာပါ။

"မှို"

"ဟင်"

"မောင်ခန့်ထယ်ကို ဒေါ်သက်တောင် နားမလည်တော့ဘူး ဘယ်လိုဖြစ်သွားတာလဲ"

မြသီတာ ပြောတဲ့စကားတွေကို သူမ ကြားယောင်နေမိသည်။ ဖြစ်နိုင်ပါ့မလား။

ယယ်စဉ်လေးတည်းက ကိုကိုနဲ့သူမ အနေစိမ်းခဲ့သည်။ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ဘာတိမှ မှိန်းနေတာပါ။ သူမနှင့်ပတ်သက်ဆက်ဆံမှုမျိုးတွေ ဘာတစ်ခုမှ မရှိခဲ့။

အခုမှ ... ကျွန်မအပေါ် ဂရုတစိုက် ရှိနေလွန်းတာပဲ ဖြစ်သည်။

"မောင်ခန့်ထယ် လုပ်ရပ်တွေက အတ္တသိပ်ကြီးလွန်းတယ်၊ အရင်ကနဲ့ လုံးဝဆန့်ကျင်ဘက်ပါပဲလား ... ဒေါ်သက်တောင် စဉ်းစားလို့ မရတော့ဘူး"

ဒေါ်နှင်းသက်လည်း မောင်ခန့်ထယ် လုပ်ရပ်တွေအတွက် စဉ်းစား၍မရအောင်ပင် ဖြစ်သွားရတော့သည်။ မှုံနှံ့သာလေးအပေါ် မတရား ဖိနှိပ်ချုပ်ကိုင်လွန်းနေသည်ဟု ထင်မိလာ၏။

ခက်တာက ... မိမိလည်း အလုပ်သမားဖြစ်၍ ဘာမှဝင်မပြောနိုင်ဘဲ ဖြစ်နေရသည်။ တားဆီးပိုင်ခွင့်မရှိ၊ ဒေါ်နှင်းသက် ဘယ်လိုမှပြော၍မရဘဲ ဖြစ်နေတော့သည်။

"ဒေါ်နှင်းသက်"

"ပြောလေ မှုံ"

"မှုံ ဘာဆက်လုပ်ရမလဲ"

ဒေါ်နှင်းသက် လက်တွေကို ဆုပ်ကိုင်ပြီး သူမ အားကိုးတကြီး မေးမိသည်။

"မောင့်မှာအပြစ်မရှိဘဲ ကျွန်မ စွန့်ခွာရမှာလား ... မောင်က ကျွန်မရဲ့ ချစ်ဦးသူ"

"အခြေအနေကို ခဏလေးပဲဖြစ်ဖြစ် စောင့်ကြည့်ပါဦးကွယ်"

"ကိုကို့လို လူကြီးလူကောင်းတစ်ယောက်က ကျွန်မအပေါ်





ဒီလောက်အထိ အမြင်သေးသိမ်ဖို့ မသင့်ဘူးထင်တယ် ဒေါ်သက်ရယ်"

"မောင်ခန့်ထယ် ဘာဖြစ်လို့ ပြောင်းလဲသွားလဲဆိုတာ ဒေါ်သက် မစဉ်းစားတတ်အောင် ဖြစ်နေပြီ"

"ကျွန်မ မောင့်ကို မစွန့်ပစ်နိုင်ဘူး ဒေါ်သက်"

"ဒေါ်သက်ကလည်း အလုပ်သမားတစ်ယောက်ဆိုတော့ ဘာမှ ပြောပိုင်ခွင့် မရှိဘူး"

"မောင်နဲ့ မပတ်သက်ဖို့ ကတိပေးတဲ့အပြင် ကျွန်မကို အလုပ် ကနေ ထွက်ရမယ်တဲ့"

"ဟင်"

ဒေါ်သက် မျက်လုံးတွေ ပြူးသွားမိတော့သည်။ မောင်ခန့်ထယ်ရဲ့ စိတ်ဓာတ်တွေက အရင်ကနှင့် လုံးဝမတူတော့တာပါလား။

"အရင်က မောင်ခန့်ထယ် ဒီလိုမဟုတ်ဘူး ... စိတ်သဘောထားလည်း ပြည့်ဝတယ် ... တည်ငြိမ်အေးချမ်းတယ်၊ ဘယ်လို ပြောင်းလဲသွားတာလဲ"

"ကိုကို့ အခြေအနေက ကျွန်မအပေါ် လွန်ကဲနေပြီ"

မောင်နှင့်ကျွန်မ ဘယ်လိုနည်းနှင့်မှ အဝေးမခံနိုင်သလို ကျွန်မဘက်ကလည်း သစ္စာမမဲ့နိုင်ကြောင်း ကျွန်မ အသိဆုံးပင် ဖြစ် နေသည်။

"ကျွန်မ မောင်နဲ့လက်ထပ်ဖို့ ကိုကို့ကို ဖွင့်ပြောလိုက်ချင်နေပြီ ဒေါ်သက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ပြောသင့်ရင်တော့ ဖွင့်ပြောရမှာပဲ မှုံလေးရယ်"

သူမကိုက တွန့်ဆုတ်နေမိသည်။ ကိုကို့စကားတွေကို ဆန့်ကျင်မိတာကပင် သူမ အပြစ် ဖြစ်နေ၏။

"ဒေါ်သက် ပြောပေးပါ"

"အမယ်လေး … ဒေါ်သက် ဒီတိုက်ကနေ ခေါင်းနဲ့ဆင်းပြေးရမှာ သေချာတယ် … မောင်ခန့်ထယ်က ညည်းလေးဘဝမှာ ဘယ်သူ့ကိုမှ သံယောဇဉ် မထားမိဖို့ တားဆီးရမယ်တဲ့"

ကျွန်မ ဆက်ပြောစရာ စကားမရှိတော့အောင် ဖြစ်သွားရသည်။

"မောင်မြတ်နိုးကိုပဲ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်ပါလား မှုံ"

"ကိုကို့အပေါ် အထင်မသေးစေချင်ဘူး"

"အခြေအနေတစ်ခုခုကိုတော့ တင်ပြရမှာပဲကွယ် … ဘာတတ်နိုင်မှာလဲ"

"သေချင်တာပဲ"

မောင်က သူမထံ ဖုန်းဆက်သည်။

ကိုကို အပြင်ထွက်သွားတာတွေ့လို့ ဖုန်းဆက်တာတဲ့။

"မောင်က မှုံတို့ခြံရဲ့ တစ်ခြံကျော်မှာ ရောက်နေတယ် … လူနာတစ်ယောက်ကို အရေးပေါ် လာကြည့်တာလေ"

သူမ အသံတွေကို တုန်ယင်မသွားအောင် အတော်လေး သတိထားနေမိသည်။ မောင်က သူမတို့တစ်ခြံကျော်မှာ ရောက်နေ





သည်။

"မောင် လာလည်လို့ ရမလား မှုံ"

"မဖြစ်ဘူး မောင်"

"ဘာဖြစ်လို့လဲ"

"ကိုကိုက ကျွန်မနဲ့မောင့်ကို ပတ်သက်ဆက်ဆံတာ လုံးဝမကြိုက်ဘူး"

"ဘာဖြစ်လို့လဲ မှုံ"

"မသိဘူး"

"မောင်က လူကြီးလူကောင်းတစ်ယောက်ပါ မှုံ"

"ကျွန်မ သိပါတယ် … မောင့်ကို ကျွန်မ နားလည်ပါတယ်၊ ကိုကိုက ကျန်းမာရေးမကောင်းတော့ သူ့တစ်ယောက်တည်းကိုပဲ သံယောဇဉ် တွယ်စေချင်တယ်"

"မောင်ကတော့ ပွင့်ပွင့်လင်းလင်းပြောချင်တယ်၊ မောင်တို့ ကလေးတွေ မဟုတ်တော့ဘူး မှုံ"

"ကျွန်မ သိပါတယ် မောင် … ကိုကို့ကျန်းမာရေး မကောင်းဘူးလေ၊ ကျွန်မ နားလည်သင့်တယ်လို့ ထင်တယ်"

"မောင်တို့ကိစ္စ ဒီလောက်အထိ အေးစက်မနေသင့်ဘူးမှုံ၊ မောင့်ဘက်ကလည်း စဉ်းစားပေးပါဦး"

မောင့်အသံတွေက တုန်ယင်လိုက်ခါနေကြောင်း သိသာနေသည်။ သူမ စိတ်မကောင်း ဖြစ်ရ၏။

ဂုဏ်သိက္ခာ ကြီးမားသော မောင့်ကို သူမ ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်နေသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားနာလှပြီ ဖြစ်၏။

"မို့ရယ် ... မောင့်ဘက်ကနေ စဉ်းစားကြည့်ပါဦး၊ မောင် ဘယ်လိုရင်ဆိုင်ရမလဲ"

"ကျွန်မကို လောလောဆယ် နားလည်ပေးပါနော် မောင်"

သူမ ... မောင့်ကိုပဲ အနူးအညွတ် တောင်းပန်နေမိသည်။ အထပ်ထပ် တောင်းပန်နေမိ၏။

"မောင် ... ကျွန်မ အရှင်းဆုံးပြောရရင် ကျွန်မကို အစောကြီးတည်းက ချစ်သူရည်းစား မထားဖို့ ပြောထားတာ"

"ဘာဆိုင်လဲကွာ"

"ကျွန်မဘဝကို မောင် နားလည်ပါနော်"

"မောင် တွေ့ချင်တယ်"

"လောလောဆယ်တော့ ကျွန်မ မောင့်ကို လုံးဝမတွေ့နိုင်သေးဘူး"

ဖုန်းချပစ်လိုက်မိသည်။ သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ပြည့်လျှံကျလာ၏။

နှုတ်ခမ်းသားလေးတွေကိုသာ သွားလေးများဖြင့် ဖိကိုက်ထားလိုက်မိသည်။

အခန်း ( ၁၀ )

"ဒေါက်တာမြတ်နိုးလို ယောကျ်ားတစ်ယောက်ကို လက်ထပ်ခွင့်ရတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်အထိ ကံကောင်းမလဲဆိုတာ မင်း စဉ်းစားကြည့်လေ ခန့်ထယ်"

သူ ... တက်တက်ကြွကြွမရှိ၊ အေးစက်နေသည်။

"ဒေါက်တာမြတ်နိုးမှာ ချစ်သူရှိလား"

"ဘာဖြစ်လို့လဲ"

သူငယ်ချင်း ဒေါက်တာမိုးဆွေက သူ့ရဲ့ငယ်သူငယ်ချင်း ဖြစ်သည်။ မတွေ့တာ ကြာပြီ။ ဒေါက်တာမြတ်နိုးရဲ့ ဆရာတစ်ယောက်လည်း ဖြစ်နေသည်။

"ကိုယ် သိချင်လို့"

"မောင်ရင်က ဒေါက်တာမြတ်နိုးအကြောင်းကိုမှ ရွေးပြီး သိချင်နေတာ ဘာကြောင့်လဲ"

သူ့ဆီမှာ ညီမတစ်ယောက် ရှိနေတာ မိုးဆွေ မသိပေ။ ငယ်ငယ်လေးတည်းက သူ့အဆောင်မှာနေခဲ့တည်းက သိကျွမ်းပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူမိသားစုအကြောင်းကို လုံးဝမသိ။

"ကိုယ့်မိတ်ဆွေတစ်ယောက်က အကြောင်းရှိလို့ စုံစမ်းခိုင်းတာပါ"

မိုးဆွေကတော့ သူ့ကိုယုံကြည်စိတ်ချပြီးသား ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ဘယ်တော့မှ အပြစ်အနာအဆာပင် မရှိခဲ့။ တည်ကြည်ခန့်ညားစွာ နေထိုင်တတ်၍ ကိုယ်ကျင့်တရားကြီးမားသူ။

မှုံနှံ့သာ ... မင်းကြောင့်ပါ။

ကိုကို့နှလုံးသားတွေထဲမှာ မင်းကို ချစ်မြတ်နိုးမိတာရယ်၊ ပိုင်ဆိုင်လိုတာရယ်တွေပဲ အတွက်ကြီးမားစွာ ဖြစ်နေမိတယ်။

အရှက်တွေ ... ဂုဏ်သိက္ခာတွေ ဘာတစ်ခုမှ ကိုကို မသိတော့ဘူး။

ဒေါက်တာမြတ်နိုးနဲ့ မှုံ ... ချစ်သူတွေလား။ ကိုကို အသိချင်ဆုံးပဲ။

"မိုးဆွေ"

"ပြော"

"ဒေါက်တာမြတ်နိုးအကြောင်း မင်းဘယ်လောက်သိလဲ"

"ကိုယ် သိသလောက်တော့ ဒေါက်တာမြတ်နိုးက ချမ်းသာတယ်၊ ပညာတတ်တယ် ... ဒေါက်တာမှုံနှံ့သာ ဆိုတဲ့ မိန်းကလေးနဲ့ ချစ်သူ ဖြစ်နေတယ်"

"ဘာ"





သူ ... အထိတ်တလန့် အော်ပစ်မိသည်။ မိုးဆွေက နားမလည်သလိုနှင့် သူ့ကို ကြည့်နေ၏။

"ဘာဖြစ်တာလဲ"

"ကိုယ်ထင်ထားတဲ့အတိုင်း ဖြစ်နေလို့ပါ"

"ဘာလဲ ... ဒေါက်တာ မှုံနှံ့သာကို မင်းသိလို့လား"

"သိတယ်"

ကိုယ် လက်ထပ်မယ့် မိန်းကလေးဟု ပြောပြချင်မိသည်။

ဒေါသတွေ ပေါက်ကွဲချင်လာ၏။ မှုံနှံ့သာ ... ငါ့စကားကို နားမထောင်ဘူး။

မင်း စော်ကားတယ်။ သူကိုယ်တိုင် မှုံနှံ့သာ ဘဝတွင် သံယောဇဉ် တွယ်တာစရာ မရှိစေရန် တင်းကျပ်စွာ တားမြစ်ခဲ့သည်။

နားမထောင်ဘူး။ ဒေါ်နှင်းသက်ကလည်း သူ့ကိုပိုင်းဝန်း၍ လိမ်လည်ခဲ့သည်။

"ခန့်ထယ်"

"ဟင်"

"မင်းမျက်နှာ သွေးမရှိတော့သလိုပဲ ... ဘာဖြစ်တာလဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"ပြောရမယ်"

"အင်း"

"ဒုက္ခပါပဲကွာ"

"မင်းဘဝမှာ ဒုက္ခဆိုတဲ့စကား သုံးစရာ ရှိသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးဆွေဆိုတာက သူ့ရဲ့ အရင်းနှီးဆုံး ငယ်သူငယ်ချင်း ဖြစ်နေသည်။ ရင်ဖွင့်ရင် ကောင်းမလား။ မဖြစ်သေးပါဘူး။

ဒီကိစ္စအတွက် မိုးဆွေက သူ့လုပ်ရပ်တွေကို ထောက်ခံမှာ မဟုတ်။ ကန့်ကွက်မှာပဲ ...

*ကလေးကလား အလုပ်တွေဟု ပြောမှာသေချာသည်။*

"ကိုယ် ပြန်မယ်"

"ခန့်ထယ်"

"ဟင်"

"မင်း ဘာဖြစ်နေတာလဲ ... ပြောစမ်းပါ၊ ကိုယ်လည်း အကြံဉာဏ် ပေးသင့်တာပေါ့"

ဒုက္ခပါပဲကွာဟုသာ သူ့ရင်ထဲမှာ မြည်ဟည်းနေသည်။

ဆောက်တည်ရာ မရတော့ ...

"မင်းကို ကြည့်ရတာ စိတ်တွေလှုပ်ရှားနေသလိုပဲ ခန့်ထယ်၊ မင်းဘာဖြစ်နေတာလဲ ... မင်းကျန်းမာရေးအရ စိတ်သိပ်လှုပ်ရှားလို့ မဖြစ်ဘူးနော်"

"ကိုယ် လူနာမဟုတ်ဘူး မိုးဆွေ ... မင်းတို့ ဆရာဝန်တွေက လူနာလို့ပဲ သတ်မှတ်နေတာ မဟုတ်လား"

သူ ဒေါသတကြီး အော်ပြီး ထလိုက်မိတော့သည်။

"ခန့်ထယ်"

"သွားမယ်ကွာ ... ကိုယ့်ကိုစိုးရိမ်တကြီး မျက်ဝန်းတွေနဲ့ ကြည့်မနေစမ်းပါနဲ့"





သူ ပြန်ခဲ့သည်။ စိတ်တွေ လှုပ်ရှားနေမိ၏။

ဒေါက်တာမြတ်နိုးနဲ့ ယှဉ်ပြိုင်ဖို့အတွက် စိတ်ခတ်ကျလာမိ၏။ သူ့ကျန်းမာရေးကို ထောက်ထားနေကြတာလား။

သူ လူနာမဟုတ်ဘူး။ ကျန်းမာသန်စွမ်းတဲ့ ယောကျ်ားတစ်ယောက် ... စိတ်တိုင်းမကျ။ ဒေါသတွေ ဖြစ်နေမိသည်။

ဒေါက်တာမြတ်နိုးနဲ့ မှုံနှံ့သာက ချစ်သူတွေတဲ့။ ဒီကောင်မလေး လိမ်တယ်။ သူ့စကားတွေကို ဘယ်သူမှ နားမထောင်ကြပေ။ ဒေါသတွေ ဖြစ်နေမိသည်။

မဖြစ်ဘူး ... မှုံနှံ့သာနဲ့ လက်ထပ်ပွဲကို မဖြစ် ဖြစ်အောင် စီစဉ်ရမှာပဲ။

"တီ ... တီ"

"တီ ... တီ"

သူမ အပြေးအလွှားထွက်၍ ကိုကို့ကို ဆီးကြိုနေမိသည်။

ကိုကို့မျက်နှာက မသာမယာ။

"လာစမ်း ... မှုံနှံ့သာ"

မှုံနှံ့သာ လက်ကိုဆွဲပြီး တိုက်ကြီးထဲ ဝင်လာခဲ့သည်။

"ထိုင်စမ်း"

"ရှင်"

"မှုံနှံ့သာ ... မင်း ငါ့ကိုလိမ်တယ်၊ ညာတယ်၊ ငါ ... မင်းစိတ်တွေ ရိုးသားဖြူစင်မယ် ထင်တာ"

"ကျွန်မ ... ကျွန်မ ... "



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ချစ်သူရှိနေတယ် မဟုတ်လား"

"ရှင်"

"ဘာရှင်လဲ ... မှုံနှံ့သာ မင်းချစ်သူက ဒေါက်တာမြတ်နိုးပဲ မဟုတ်လား"

ကိုကို ဘယ်က သိလာတာလဲ ... သူမ တုန်လှုပ်ချောက်ချား စွာဖြင့် ကိုကို့အား ကြည့်နေမိသည်။

"မှုံနှံ့သာ"

"ရှင်"

"ဒေါက်တာမြတ်နိုးက မင်းချစ်သူ မဟုတ်လား"

မထူးတော့ ... သူမ ဝန်ခံလိုက်ဖို့ပဲ ဆုံးဖြတ်မိသည်။

မောင်နှင့်သူမ ကိစ္စက ကိုကိုနှင့် ပွင့်ပွင့်လင်းလင်းဆက်ဆံမှ ဖြစ်မည်။

"မင်း ... ဖြေစမ်း၊ မှုံနှံ့သာ"

"ဟုတ်ပါတယ် ကိုကို"

"ဘာ"

ကိုကို့အကြည့်တွေက သူမ တစ်ကိုယ်လုံးကို မီးလောင်ပြာကျသွားတော့မတတ်ပင် ဝင်းဝင်းတောက်နေသည်။

"ဒေါ်နှင်းသက်"

"ရှင်"

"လာစမ်းပါဦး"

"လာပါပြီ"



ဒေါ်နှင်းသက်လည်း တုန်တုန်ချိချိနှင့် ထွက်လာတော့သည်။

"ဒီမှာ ... ခင်ဗျားပြောတော့ မှုံနှံ့သာက အေးဆေးတည်ငြိမ်တဲ့ မိန်းကလေးတစ်ယောက်ဆို ... ချစ်သူရည်းစားတွေ ဘာတွေ မရှိဘူးဆိုဗျ"

"အခု ရှိနေလို့လား"

"ရှိတယ် ... မိန်းကလေးတစ်ယောက်ကို ခင်ဗျား ထိန်းသိမ်းထားပြီး၊ အဲဒီ မိန်းကလေးအကြောင်း ခင်ဗျား ဘာတစ်ခုမှ မသိဘူးလား"

ဒေါ်နှင်းသက် ဘယ်လိုဖြေရမှန်းမသိအောင် ဖြစ်နေရသည်။

"ကျွန်မ ဆုံးဖြတ်ချက်ပါ ကိုကို ... ဒေါ်နှင်းသက် ဘာမှမသိပါဘူး"

သူမ တစ်ယောက်တည်း အပြစ်တွေအားလုံး ခံယူမည်ဖြစ်သည်။

"ကျွန်မကိစ္စတွေကို ဒေါ်နှင်းသက် ဘာမှမသိပါဘူး ကိုကို၊ အပြစ်ပေးစရာရှိရင် ကျွန်မကိုပဲ အပြစ်ပေးပါ"

သူ ... ဘာဆက်လုပ်ရတော့မလဲ။ မှုံနှံ့သာရယ် ... ကိုကို မင်းကို ချစ်တယ်။ လက်ထပ်ဖို့ကိစ္စ ကိုကို ဘယ်လိုဖွင့်ပြောရမှန်းတောင် မသိတော့ဘူး။

"ဒေါက်တာမြတ်နိုးက မိန်းကလေးတစ်ယောက် လက်ထပ်ဖို့ ရွေးချယ်သင့်တဲ့ ယောက်ျားတစ်ယောက်ပဲ မဟုတ်လား ခန့်



www.burmeseclassic.com

www.burmeseclassic.com



ထယ်"

သူငယ်ချင်း မိုးဆွေ ပြောလိုက်တဲ့ စကားတွေကို ကြား ယောင်လာမိသည်။

ရင်ထဲမှာ ... နာကျင်သွားရသည်။ သူက မှုံနှင်းသာရဲ့ အစ်ကို တစ်ယောက် ... ညီမတစ်ယောက်ရဲ့ ဘဝရှေ့ရေးကောင်းစားဖို့ စီစဉ်ပေးသင့်သည်။

"ဒေါက်တာမြတ်နိုးက ယောကျ်ားကောင်းတစ်ယောက်ပဲ ခန့်ထယ်"

သူ ... ဆတ်ခနဲ ထမိသည်။

ပြီးတော့ ... ပြန်ထိုင်လိုက်သည်။

မှုံနှင်းသာအား လက်ထပ်ဖို့ကိစ္စ သူ ဘယ်လိုဖွင့်ပြောရမှန်း မသိအောင် ဖြစ်နေမိသည်။

အေးစက်မာကျောနေတဲ့ မျက်ဝန်းအကြည့်တွေနှင့် မှုံနှင်းသာ ကို ကြည့်မိ၏။

"ဒေါက်တာမြတ်နိုးဟာ လူကြီးလူကောင်းတစ်ယောက်ပါ ကိုကို"

"ကိုကို လက်မခံဘူး"

"ရှင်"

"မင်း ဒေါက်တာမြတ်နိုးကို လက်ထပ်ပြီး ကိုကို့အနားက နေ ထွက်သွားတော့မှာလား မှုံနှင်းသာ"

သူ ... တိုက်ကွက်ပြောင်းမှ ဖြစ်မည်။ မှုံနှင်းသာဆီက အချစ်





တွေ ... သံယောဇဉ်တွေကို လုယူလို့ မဖြစ်ဘူး။

ဒေါက်တာမြတ်နိုးနှင့် မယှဉ်နိုင်ဘူးဆိုတာ သူသိလာရတော့ သည်။

"မှုံ"

"ကိုကို"

"ကိုကို့အနားမှာပဲ မင်းနေရမယ်မှုံ ... ဒေါက်တာမြတ်နိုးကို မင်း မေ့ပစ်လိုက်ရမယ်"

"ရှင်"

"ကိုကို ကျန်းမာရေး မကောင်းဘူးဆိုတာ ညီမလေး သိ တယ် မဟုတ်လား"

"သိပါတယ် ကိုကို"

"သိရင် ဒေါက်တာမြတ်နိုးကို အဆက်အသွယ် ဖြတ်လိုက်ပါ"

"မဖြစ်နိုင်ဘူးကိုကို ... ညီမလေးဘဝမှာ ကိုကိုကလွဲရင် ဒေါက်တာမြတ်နိုးကလည်း အကောင်းဆုံး အဖော်မွန်ပါ"

"ကိုကို လက်မခံဘူး"

ရင်ညွန့်ဆီမှ ဆူးအောင့်တဲ့ ဝေဒနာခံစားလာရဟန် ဆောင် လိုက်သည်။

"အား"

"ဟင် ... ကိုကို"

"ကိုကို့စိတ်တွေ သိပ်လှုပ်ရှားလို့ မရတော့ဘူး၊ အောင့်တယ် ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"နေ ... နေ ... ညီမလေး သွားတော့၊ ကိုကို တစ်ယောက်တည်းပဲ နေပါရစေ"

"ကိုကို တစ်ယောက်တည်းနေလို့ ဘယ်ဖြစ်မလဲ ... ဆေးသောက်ရမယ်နော် ကိုကို ... ဒေါက်တာ့ဆီလည်း ဖုန်းဆက်ရမယ်"

"မဆက်နဲ့ မှုံနှံ့သာ ... ကိုကိုက လူနာမဟုတ်ဘူးနော်၊ ရတယ် ... ကိုကို တစ်ယောက်တည်းပဲ နေမယ်"

"မဖြစ်ပါဘူး ကိုကို ... ကျွန်မ အနားမှာ ရှိနေမှာပါလေ"

"မှုံ"

"ရှင်"

"မှုံက အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ကိုကို တားနေတာ မှားနေပြီထင်တယ်"

မှုံ့မျက်ဝန်းလေးတွေက ရီဝေစိုစွတ်စွာဖြင့် သူ့ကို ကြည့်နေသည်။

အခြေအနေအရ ... အကျပ်ကိုင်၍ မရတော့။ မှုံနှံ့သာ ရွေးချယ်သော ယောကျ်ားကလည်း အပြစ်အနာအဆာမရှိ။

သူ ကန့်ကွက်ရန် အကြောင်းမဲ့နေတာတော့ အမှန်ပဲဖြစ်သည်။

"ကိုကိုက ညီမလေးကို ချစ်လို့ပါကွာ"

သူ့အသံတွေက တုန်ယင်နေသည်။ မှုံနှံ့သာ ကိုယ်လုံးလေးအား ပွေ့ဖက်ပြီး သူ့ရင်ခွင်ထဲမှာ ထားမိ၏။





သူ့ရင်ထဲမှာ နွေးထွေးနေသည်။ လှိုက်ဖိုနေ၏။ ကိုကို မရှိးသားဘူး။ မင်းကို လက်ထပ်မယ်။

ဘယ်သူ့ရင်ခွင်ထဲကိုမှ မင်းမရောက်စေရဘူး။

"မှုံ"

"ရှင်"

"ကိုကို့ကိုတော့ ခွဲမသွားပါနဲ့ကွာ"

"မောင်နဲ့ကျွန်မ အေးအေးဆေးဆေးမှ လက်ထပ်ကြမှာပါ။ ကိုကို ... သိပ်ပြီး မစိုးရိမ်ပါနဲ့နော် ... ကျွန်မ ကိုကို့အနားမှာပဲ နေမှာပါ"

သူမ ... သနားသွားမိသည်။

ကိုကိုက သူမရဲ့ ကျေးဇူးရှင်။

ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ညီမလေးတစ်ယောက်ကဲ့သို့ ကိုကိုက ချစ်မြတ်နိုးမှာပါ။

နှစ်ယောက်လုံးက ဘဝတူတွေ။ မိဘ မဲ့ကြသည်။ ဆွေမျိုးသားချင်းလည်း မရှိ။ ကိုကို့ မျက်ဝန်းတောက်တောက်တွေအောက်မှာ ကိုကို့အမိန့်ညြဓာကို သူမ လွန်ဆန်လိုက်ရမှာ တွန့်ဆုတ်နေမိတော့သည်။

"ကိုကို"

"ဟင်"

"ဆေးသောက်ရအောင်နော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ ... ငိုရှိုက် ရှုပြနေမိသည်။ မှုံရဲ့ ပင်ကိုယ်စိတ်တွေက နူးညံ့သိမ်မွေ့သော မိန်းကလေး ဖြစ်နေ၏။

သူ အကြမ်းနည်းသုံး၍ မရ။

"ကိုကို့ဘဝမှာ သံယောဇဉ် တွယ်တာစရာ မှုံပဲရှိနေတာ မဟုတ်လား မှုံ"

"မှုံ့ဘဝမှာလည်း ကိုကိုပဲ သံယောဇဉ် တွယ်စရာဆိုလို့ ရှိတာပါ"

"ဒေါက်တာမြတ်နိုးကို မင်း ကိုကို့ထက်ပိုပြီး သံယောဇဉ် တွယ်တာတယ် မဟုတ်လား"

"ဒါကတော့ ကျွန်မရဲ့ အသင့်တော်ဆုံး ဘဝခရီးလက်တွဲဖော်တစ်ယောက်ပါ ကိုကို"

"မှုံ့ဘဝမှာ နောက်ထပ်တစ်ယောက် ထပ်တွေ့ချင် တွေ့ဦးမှာပဲ"

"မတွေ့နိုင်တော့ဘူး ကိုကို ... မောင့်ကိုပဲ ကျွန်မ ရွေးချယ်မယ်၊ မောင်က ကျွန်မကို လုံခြုံနွေးထွေးစေမှာပါ"

"မှုံ"

"ရှင်"

"ကိုကို အနားယူတော့မယ် ... မှုံ သွားတော့"

"ကိုကို့ကို စိတ်မချဘူး၊ တခါးတော့ ပိတ်မထားပါနဲ့နော်"

"မှုံ့သဘောပဲ"

သူ ... ဘာမှ မပြောချင်တော့။ အနားယူချင်နေမိသည်။





မှုံ့ ကိုယ်လေး နိုဝင်မှီတွယ်ခဲ့သော သူ့ရင်ခွင်က ကိုယ်သင်းနံ့ သင်းသင်းလေး မွှေးပျံ့စွာ ကျန်ခဲ့နေသေး၏။

မင်းဘဝမှာ ကိုကို့ကိုပဲ ရွေးချယ်ရမယ်။

ကိုကို ဆုံးဖြတ်ပြီးပြီ။

မှုံ့အကြောင်းတွေကိုပဲ နွေးထွေးစွာ စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"မောင့်ရင့်အကြောင်းတွေကို ခန့်ထယ်က စပ်စုနေတယ်၊ မင်းမှာ ချစ်သူရှိလားတဲ့"

"ဟင် ... ဆရာ ဘယ်လိုပြောလိုက်လဲ"

"မောင့်ရင့်ချစ်သူက ဒေါက်တာမှုံနှံ့သာလို့"

"ဗျာ"

"ဘာဖြစ်တာလဲကွ"

"သေရော ဆရာ ... ဒေါက်တာမှုံနှံ့သာက သူစောင့်ရှောက်ထားတဲ့ မိန်းကလေး၊ ညီမလို ဖြစ်နေတာ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်"

"ခန့်ထယ်က အဆောင်မှာပဲ နေတာများတယ်၊ ဒီကောင်က အမြတ်မ်း တစ်ယောက်တည်း အေးအေးဆေးဆေးနေတာပဲ"

ခန့်ထယ် မျက်နှာပျက်သွားတာ သူသတိထားမိသည်။

တော်တော်လေး မျက်နှာပျက်သွားတာ။





"ဒါကြောင့်ကိုး ... ခန့်ထယ် အရမ်းဒေါသထွက်သွားတယ် မောင်ရင် ... သဘောမတူသလိုဘဲ၊ ကိုယ်ကတော့ မောင်ရင့်ကို မိန်းကလေးတစ်ယောက် ရွေးချယ်တာ မမှားတဲ့အကြောင်းတွေ ပြောပြလိုက်တယ်"

"ပြဿနာတော့ အကြီးအကျယ် တက်နေပြီဆရာ"

"မတတ်နိုင်ဘူး ... ကိုယ်မှ မသိတာဘဲ"

ခန့်ထယ်ရဲ့ အမူအရာတွေက မရိုးသားဘူးဟု ထင်နေမိသည်။ ဒေါက်တာမြတ်နိုးကို ချစ်သူအဖြစ် ရွေးချယ်တာ မှားမှမမှားတာဘဲ။ ဘာဖြစ်လို့ ဒေါသတကြီး ပြန်ထွက်သွားရတာလဲ။

"မြတ်နိုး"

"ပြောပါ ဆရာ"

"ခန့်ထယ်စိတ်တွေက မရိုးသားဘူးလို့ ကိုယ်ထင်တယ်"

"ဗျာ"

"ဒေါက်တာမှုံနှံ့သာကို ညီမတစ်ယောက်ထက် မကတဲ့ သံယောဇဉ်တွေ ရှိနေလို့ပဲ"

"ဟင်"

သူ ... စိတ်ပျက်သွားမိသည်။ နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။

ဖြစ်နိုင်တယ် ... ဆရာပြောသလိုပဲ မှုံ့အပေါ် မရိုးသားဘူးထင်သည်။

"မှုံ့ကို စိတ်ချပါမောင် ... ကျွန်မ ဘဝအတွက် မောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား အသင့်တော်ဆုံး ... ကိုကို့ကိုလည်း ကျွန်မ ဥပေက္ခာ မပြုနိုင်သေးဘူး ... ကျွေးမွေးစောင့်ရှောက်ထားတဲ့အတိုင်းအတာက ကြီးမားလွန်းနေတယ်”

မှုံကိုယ်တိုင် သူမ ကိုကို့အပေါ် သံယောဇဉ်ငြိတွယ်နေသည်။ ကျေးဇူးတရား သိတတ်နေ၏။

“ကျွန်တော် စိတ်ပူနေပြီ ... ဘာဆက်လုပ်ရမလဲ ဆရာ”

“မှုံနံ့သာနဲ့ ဆွေးနွေးပေါ့ မောင်ရင်”

“တွေ့ခွင့်မရဘူး ဆရာ ... အဲဒါကြောင့် ခက်နေတာ”

“ဟင်း ... မောင်ရင်တို့အကြောင်း ကိုယ် အခုမှသိတယ် ကွာ ... ခန့်ထယ်က လှည့်ပတ်ပြီး မေးသွားတာပဲ”

သူ ... စိတ်ရှုပ်ထွေးနေမိသည်။

မှုံနှင့်တွေ့ကို တွေ့ရမှ ဖြစ်မည်။

“ကိုကိုက တည်ကြည်အေးချမ်းတဲ့ ယောကျ်ားတစ်ယောက် ပါမောင် ... ကျွန်မ သိတယ် ... ကိုကိုက ကျန်းမာရေးကြောင့်ပါ”

ကိုခန့်ထယ်က ကျန်းမာရေးကို အကြောင်းပြပြီး သူနှင့်မှုံ့ကို အကျပ်ကိုင်ပြီး ခွဲပစ်နိုင်နေသည်။

မှုံ့ကိုတွေ့မှ ဖြစ်မယ်။

သူ ... မှုံ့ဆီ ဖုန်းဆက်သည်။ ကိုခန့်ထယ်နှင့် တွေ့နေ၏။

“မောင်ရင်”

“ကျွန်တော် ... မှုံ့နဲ့တွေ့ပါရစေ”

“မောင်ရင်နဲ့ ကိုယ် တွေ့ချင်တယ်”





“ကျွန်တော်လည်း အစ်ကိုကြီးနဲ့ တွေ့ချင်ပါတယ်”

“ကောင်းပြီလေ ... မောင်ရင့်ကို ဘယ်မှာအေးအေးဆေးဆေး တွေ့ရမလဲ”

“ဒီလိုလုပ်ပါ အစ်ကိုကြီး ... ကျွန်တော် တစ်ယောက်တည်း နေတဲ့ တိုက်ခန်းကိုပဲ လာခဲ့ပါ ... ဒီနေ့ ကျွန်တော် အားနေပါတယ်”

“ကျုပ် လာခဲ့မယ်”

ဒေါက်တာမြတ်နိုးအား ခန့်ထယ် တွေ့ပြီး အပြတ်ပြောမှ ဖြစ်မည်။ မှုံနံ့သာကို လုံးဝစွန့်လွှတ်လိုက်ဖို့ ... ပြတ်ပြတ်သားသား လုပ်ပစ်ဖို့ ဆုံးဖြတ်ထားသည်။

“ကိုကို”

“ဟင် ... မှုံ”

“စောစောက မောင် ဖုန်းဆက်တာလား”

“ဟုတ်တယ် မှုံ ... အစ်ကိုကြီးကို တွေ့ချင်လို့ပါတဲ့”

“ဟင် ... မောင်က ကိုကို့ကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ”

“ပြောစရာရှိလို့တဲ့”

“ကိုကို သွားတွေ့မလား”

“တွေ့မယ် ... သူတစ်ယောက်တည်းနေတဲ့ အခန်းမှာ စောင့်နေမယ်တဲ့ မှုံ”

မောင် ... ဘာသဘောလဲ ... ကိုကိုနှင့်မောင် တွေ့လျှင် ပြဿနာက ပိုပြီးကြီးထွားနိုင်သည်။ သူမ စိတ်ပူမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မှို"

"ရှင်"

"မင်း အပြင်မသွားရဘူး"

"ဆေးရုံမှာ ဂျူတီရှိနေတယ်လေ ကိုကို"

"မသွားရဘူး"

"ရှင်"

"ဒေါက်တာမြသီတာကို အစားထိုးလိုက် ... မင်းဖုန်းဆက်ပြောလိုက်လေ မှို"

သူမ စိတ်ထဲမှာ ကိုကို့လုပ်ရပ်တွေအတွက် သဘောမကျမိပေ။ မောင်နှင့် တွေ့ချင်တယ်။ ဆွေးနွေးချင်တယ်။

ကိုကို့ကျန်းမာရေးကြောင့် ခဏလောက် သည်းခံစောင့်ပေးရန် ဖြစ်သည်။

"ကိုကို ပြောတာ ကြားလား မှို့နဲ့သာ"

"ဟုတ်ကဲ့ ကိုကို"

သူမ ဘာမှစောဒကတွေ မတက်ရဲလောက်အောင် ဖြစ်သွားမိသည်။

"မြသီတာဆီ ဖုန်းဆက်စမ်း"

"ဟုတ်ကဲ့"

ကိုကို့ဆန္ဒတွေကို သူမ လွန်ဆန်နိုင်ရန် အခက်ခဲဆုံးဖြစ်နေသည်။ သူမကြောင့် ကိုကို တစ်ခုခုဖြစ်သွားမှာ အကြောက်ဆုံး ဖြစ်





နေ၏။ မြသီတာဆီ ဖုန်းဆက်သည်။

"ရှင် ... ဘာဖြစ်နေလဲ"

"ဘာမှမမေးနဲ့ဟာ ... ဒီနေ့ ကိုယ့်ဂျူတီ ဝင်ပေးစမ်းပါနော်"

"မှို"

"ပြော"

"ဆရာမိုးဆွေဆီကို ရှင့်ကိုကို ရောက်လာပြီး မြတ်နိုးနဲ့ရှင့်အကြောင်း စပ်စုသွားတယ်"

"မှို့ သိပြီးပြီ"

"ရှင် ဘာဆက်လုပ်မှာလဲ"

"မသိဘူး"

"ရှင် မအူမလည် မလုပ်နေနဲ့ ... ကိစ္စတစ်ခုကို အပြတ်သားဆုံး ရှင် ဖြေရှင်းသင့်တယ်"

"နောက်မှတွေ့မယ်နော် မြသီတာ ... လောလောဆယ် ရှင် ကျွန်မဂျူတီ ဝင်ပေးစမ်းပါ"

"အိုကေ"

"ကျေးဇူးပဲ"

"မှို"

"ပြော"

"ဒေါက်တာမြတ်နိုးဘက်ကနေ ရှင် လုံးဝရပ်တည်ပေးချင်တယ်ကွာ"

"အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူ့အနား ရောက်လာပြီး ဖုန်းခွက်ကိုယူပြီး ချပစ်လိုက်သည်။

အခုတလော ... အမှုအရာတွေ ပျက်လွန်းနေတဲ့ ကိုကို့ကို နားမလည်နိုင်အောင် ဖြစ်ရသည်။

"မှုံနှံ့သာ"

"ရှင် ကိုကို"

"မင်း အနားယူပါ ... ကိုကို သဘောမကျတဲ့အလုပ် ဘာမှ မလုပ်ပါဘူးလို့ မင်းပြောထားတာပဲ မဟုတ်လား"

သူ ... အတ္တကြီးတဲ့လူ ဖြစ်ချင်ဖြစ်ပါစေ။ မှုံ့ကို ချုပ်ချယ်ရမှာပဲ။ သူ ချစ်မြတ်နိုးသော မိန်းကလေးဖြစ်နေ၍ ရယူပိုင်ဆိုင်ချင်တာပဲ စဉ်းစားနေမိသည်။

"ကိုကို ဒေါက်တာမြတ်နိုးကို သွားတွေ့မယ်မှုံ ... အပြေ တစ်ခုခုတော့ ထွက်မှာပါ"

"ကိုကို"

"မင်း ဘာမှထပ်ပြောစရာ မလိုဘူး မှုံနှံ့သာ ... သွားတော့"

သူ ... ထွက်လာခဲ့မိသည်။ ဒေါက်တာမြတ်နိုးကို အပြတ်ရှင်းရမယ်။ ဒေါသတွေ ပေါက်ကွဲထွက်မသွားအောင် အတတ်နိုင်ဆုံး ထိန်းချုပ်နေရသည်။

အပြတ်ရှင်းရမယ်။ ပြောပစ်မယ် ...

မှုံနှံ့သာကို သူ တစ်ယောက်တည်း ပိုင်ဆိုင်ဖို့ အလိုအပ်ဆုံး ဖြစ်နေသည်။ ဒေါက်တာမြတ်နိုးဆီရောက်တော့ ဖော်ရွေစွာ ဆီးကြို





နှုတ်ဆက်နေ၏။

"အစ်ကိုကြီး ... ကြွပါ"

အခန်းလေးက လှပသေသပ်ပြီး အဖိုးတန်ပစ္စည်းတွေနှင့် ပြည့်နှက်နေသည်။ မြတ်နိုးရဲ့ ချမ်းသာကြွယ်ဝမှုအတွက် သက်သေပြနေ၏။

"အစ်ကိုကြီးထိုင်ပါ ... ကျွန်တော့် မိဘတွေက မန္တလေးမှာ နေကြပါတယ်၊ ကျွန်တော် ငယ်စဉ်လေးတည်းက အဆောင်မှာပဲ နေရတာ ... မိဘတွေနဲ့ နေရတယ်ကို မရှိပါဘူး"

"မောင်ရင်"

"ဗျာ"

"အလုပ်တာဝန်ကို မန္တလေးကျအောင် မောင်ရင် ဘာဖြစ်လို့ မလျှောက်တာလဲ"

"ကျွန်တော် ရန်ကုန်မှာပဲ နေချင်လို့ပါ"

ချစ်သူ မှုံနှံ့သာရှိနေ၍ သူ ရန်ကုန်မှာပဲ နေချင်သည်။

မန္တလေးကိုပင် မလျှောက်။

ပြီးတော့ ... သူက ပညာထူးချွန်ထက်မြက်၍ အနာဂတ်အတွက် ကြိုးစားတည်ဆောက်မှုတွေက အများကြီး လိုအပ်နေသေးသည်။

"အစ်ကိုကြီးအတွက် ကော်ဖီသွားယူဦးမယ်နော်"

"ထိုင်ပါ မောင်ရင်"

သူ ... ပြန်ထိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘာတစ်ခုမှ ညှော်ခံနေစရာ မလိုပါဘူး မောင်ရင်၊ ကျုပ်တာ မောင်ရင်နဲ့ စကားပြောဖို့သက်သက်ပဲ ရောက်လာတာလေ"

"ပြောပါ အစ်ကိုကြီး"

ခန့်ထယ် ... စိတ်တွေကို တည်ငြိမ်အောင် ပထမဦးစွာ ထိန်းချုပ်နေရသည်။

သူ့ဘဝတစ်လျှောက်လုံးတွင် ခန့်ညားထည်ဝါစွာဖြင့် နေလာခဲ့ရသော အခြေအနေနှင့် ဆန့်ကျင်စွာ ဒေါက်တာမြတ်နိုးရှေ့တွင် သိမ်ငယ်နေရ၏။

မင်းကြောင့်ပဲ မှုံနှံ့သာ ... ကိုကို့အချစ်အတွက်နဲ့ သိမ်ငယ်နေရတာပါပဲ။

"အစ်ကိုကြီး"

"ဟင်"

"ကျွန်တော့်ကို ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပဲ ပြောပါနော်"

"ကောင်းပြီလေ ... မောင်ရင့်ကို အပွင့်လင်းဆုံးပြောရရင် မှုံနှံ့သာနဲ့ အဆက်အသွယ် ဖြတ်လိုက်ဖို့ပါပဲ"

"ဗျာ"

"မှုံနှံ့သာနဲ့ မောင်ရင့်ကို ကျုပ်လက်ထပ်ပေးဖို့ သဘောမတူဘူး"

"ကျွန်တော် တစ်ခုလောက် ပြောပါရစေ အစ်ကိုကြီး။ မှုံနဲ့





ကျွန်တော်က သိပ်ချစ်ကြတဲ့ချစ်သူတွေပါ ... ကျွန်တော်တို့ ချစ်ခြင်းကိုတော့ မခွဲပါနဲ့ ... အစ်ကိုကြီး ကျေနပ်တဲ့အတိုင်းအတာအထိ ကျွန်တော့်ဘက်ကနေ တာဝန်ယူပါတယ်"

သူ ... ခေါင်းခါပစ်လိုက်သည်။

မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်တာပါ။

"ကျွန်တော် လူကြီးလူကောင်းတစ်ယောက်ပါ အစ်ကိုကြီး။ ကျွန်တော်တို့နှစ်ယောက်လုံး အရာရာ ပြည့်စုံနေကြတာပဲ"

"ကျုပ်က မှုံ့ကို လက်မထပ်စေချင်တာ၊ ကျုပ်ရင်ခွင်ထဲမှာပဲ ရှိနေစေချင်တာ"

ကိုခန့်ထယ်ထံ ဒေါက်တာမြတ်နိုး အကြည့်တွေ ဆတ်ခနဲ ရောက်သွားသည်။ ဆရာပြောသလိုပဲ မရိုးသားတော့ဘူးဟု ထင်မိလာ၏။

သူ့မှာ မိန်းမတစ်ယောက်ကို ပြည့်စုံစွာ ထားနိုင်တဲ့အခြေအနေတွေက ရှိနေသည်။

ကိုခန့်ထယ်က ဘာဖြစ်လို့များ လက်မခံနိုင်အောင် ဖြစ်နေရတာလဲ။

"မှုံ့ကို အတင့်တယ်ဆုံးဖြစ်အောင် ကျွန်တော် လာပြီးတောင်းရမ်းပါ့မယ် အစ်ကိုကြီး"

"မလိုဘူး ... မလိုဘူး မောင်ရင် ... ကျုပ် ပြောပြီးပြီ ... မောင်ရင် နောက်ဆုတ်ပါ"

"မှုံနဲ့ တွေ့ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ခွင့်မရှိဘူး ... မောင်ရင် လုံးဝမပတ်သက်ဖို့ဘဲ သတိပေးပါရစေ"

"မဖြစ်နိုင်ဘူး"

"ဘာ"

"မှုံနဲ့တွေ့ခွင့်ရအောင် ကျွန်တော် ကြိုးစားရမှာပဲ ... ကျွန်တော်တို့ လူကြီးလူကောင်းတွေပါ ... ဒီကိစ္စတွေက ပေါ့ပေါ့တန်တန် တွေးလို့ မရဘူးနော်"

"မောင်ရင် ... လူတစ်ယောက် မထင်မှတ်ဘဲ အသက်သေဆုံးသွားရတာမျိုး၊ မောင်ရင်လို ဆရာဝန်တစ်ယောက်က တွေ့မြင်ချင်လို့လား"

"ဗျာ"

"မှုံနဲ့သာကို ကျုပ် လုံးဝ မစွန့်လွှတ်နိုင်ဘူး"

"ကျွန်တော်တို့က လက်ထပ်ပြီးရင်လည်း အစ်ကိုကြီးအနားမှာ နေမှာပါပဲ"

"တော်စမ်း"

သူ ... အော်ပစ်မိသည်။

"ကျုပ်မှာ နှလုံးရောဂါရှိတယ် ... မင်းက ဆရာဝန်တစ်ယောက်၊ ငဲ့ညှာထောက်ထားတတ်တဲ့ စိတ်တွေ မင်းမှာရှိသင့်တယ်"

"ကျွန်တော့်ကို မှုံနဲ့တွေ့ခွင့်ပေးပါ အစ်ကိုကြီး ... မှုံရဲ့အဆုံးအဖြတ်အတိုင်း နာခံပါ့မယ်"

"မင်းဘက်ကနေ တစ်ဖက်သတ်နောက်ဆုတ်ပေးဖို့ ကျုပ်





လာပြီး တောင်းပန်တာပဲ"

"ကျွန်တော် လက်မခံနိုင်ဘူး အစ်ကိုကြီး ... "

"မင်း ... မင်း ... ဆရာဝန် မပီသဘူး၊ မင်း လူတစ်ယောက်ရဲ့ အသက်ကိုကယ်ဖို့ တွန့်ဆုတ်နေတယ် ... မင်း ... မင်း ... အား"

သူ ... မောပန်းနွမ်းနယ်စွာ ကုလားထိုင်ပေါ် ပြန်ထိုင်ချမိသည်။ အသက်ကို ပြင်းပြစွာ ရှူသွင်းနေမိ၏။ တမင်လုပ်တာပါ။

ဒေါက်တာမြတ်နိုးက စိုးရိမ်တကြီးနှင့် သူ့ကိုကြည့်နေသည်။

"အစ်ကိုကြီး"

သူ ... လက်ကာပြလိုက်မိသည်။ အသက်ကိုပဲ ပြင်းပြစွာ ရှူရှိုက်သွင်းနေမိသည်။ ဒေါက်တာမြတ်နိုးက ဆေးအိတ်နှင့်နားကျပ်ယူလာ၏။

သူ ထလိုက်သည်။

"မလိုဘူး ... မင်းဆရာဝန်တစ်ယောက်မှ မဟုတ်တာ၊ အတ္တကြီးတဲ့ကောင် ... မင်းဟာ လူသတ်သမား ... "

"အစ်ကိုကြီး ... နောက်မှ ပြောစရာရှိတာ ပြောပါနော်၊ လောလောဆယ် ကျွန်တော် စစ်ဆေးပါရစေ"

"မလိုဘူး ... မလိုဘူး ... မင်း ငါ့ကို လာမထိနဲ့၊ မင်းကို ငါ မယုံဘူး"

ဒေါက်တာမြတ်နိုး ဖွတ်အတင်း တားခဲ့သည့်ကြားမှပင် ပြန်



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့မိသည်။

"အစ်ကိုကြီး ကားမမောင်းပါနဲ့ ကျွန်တော် လိုက်ပို့ပါရစေ"

သူ့ လက်မခံ ... ဒယိမ်းဒယိုင်နှင့် ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့မိသည်။



## အခန်း ( ၁၂ )

"မှုံနှံသာ"

"ကိုကို"

"ဒေါက်တာမြတ်နိုးဟာ အကြင်နာတရား မရှိတဲ့ လူတစ်ယောက်ပဲမှုံ ... ကိုကို ဒီလောက်အထိ အမောဖောက်နေတာ လုံးဝ ဂရုမစိုက်ဘူး"

"ဟင်"

"မှုံ့အကြောင်းတွေ ဆွေးနွေးရင်းနဲ့ ကိုကိုမောလာတယ်၊ ရင်ညွန့်ဆီက အောင့်တက်လာတယ် ... ကိုကိုက မပြောပါနဲ့ဆိုတဲ့ စကားတွေကို သူဆက်ပြောနေတယ်"

ကိုကို့မျက်နှာပေါ်မှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်နေတယ်။ နှုတ်ခမ်းတွေကလည်း တဆတ်ဆတ် တုန်ယင်နေသည်ဟု ထင်ရသည်။

"ကိုကို အနားယူလိုက်ပါ"

သူမက ဆေးတိုက်ဖို့ ပြင်ဆင်ပေးနေမိသည်။ မောင်နှံတို့ဘာပြဿနာတွေ တက်လာပြီလဲ။ စိတ်တွေ ပူလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှုံ"

"ရှင်"

"ဒီကောင် ကိုကို့ကို သတ်ဖို့ ကြံစည်တာပဲ"

"မဖြစ်နိုင်ပါဘူး ကိုကို ... မောင်က အကြင်နာတရားပြည့်ဝတဲ့ ဆရာဝန်တစ်ယောက်ပါ"

"ဘာ"

သူ့စကားတွေ မအောင်မြင်၍ သူ ဒေါသတကြီး အော်ဟစ်မိသည်။

"နင်ကပါ ငါ့အပေါ် စေတနာ မဲ့နေပြီလား မှုံ"

"မဟုတ်ပါဘူး ကိုကို ... မောင့် စေတနာတွေအပေါ် ကိုကို သံသယ ဝင်မှာစိုးလို့ပါ"

"ဘာသံသယ ဝင်စရာရှိလဲ ... ငါကိုယ်တိုင် ခံစားလာခဲ့ရတာပဲ မှုံနှံ့သာ"

ကိုကို ဒေါသဖြစ်နေသည်။ သူမ နှုတ်ဆိတ်နေလိုက်တာ အကောင်းဆုံးပဲ တွေးမိသွား၏။

ကိုကို့မှ ကျန်းမာရေး မကောင်းတာ။ ဆင်ခြင်သင့်သည်။

ကိုကို့မျက်ဝန်းတွေက ဒေါသတွေနှင့် ဝင်းဝင်းတောက်နေ၏။

"မှုံ"

"ရှင် ကိုကို"

"မင်းအပေါ် ကိုကို ဘယ်လောက်အထိ ကောင်းခဲ့လဲဆိုတာ မင်း သိပါတယ်နော်"





"သိပါတယ် ကိုကို"

"ကိုကို့အပေါ် မရက်စက်သင့်ဘူးကွာ"

"ရှင်"

သူမ အံ့ဩစွာဖြင့် ကိုကို့မျက်ဝန်းတွေကို မော့ကြည့်မိသည်။ ကိုကို့အပေါ် သူမ ဘာတစ်ခုမှ ရက်စက်ခြင်း မရှိခဲ့ပေ။ မောင်ရော ဘာတွေ ရက်စက်ခဲ့လဲ။

သူမ ... မစဉ်းစားတတ် ...

"ကိုကို့ကို မထားခဲ့ပါနဲ့ မှုံရယ်နော်"

"စိတ်ချပါ ကိုကို ... ကျွန်မအတွက် ကိုကို စိတ်အနှောင့်အယှက်တွေ မဖြစ်ပါနဲ့"

"ဒေါက်တာမြတ်နိုးကို မပတ်သက်ပါဘူးလို့ မင်း ကတိပေးစမ်းပါ"

သူမ ကတိပေးဖို့အတွက်တော့ တွန့်ဆုတ်နေမိတာတော့ အမှန်ပဲ ဖြစ်သည်။

အေးစက်နေတဲ့ ဒေါသမျက်ဝန်းတွေကို သူမ ရင်မဆိုင်ရဲပေ။ မောင့်မှာ အပြစ်မှ မရှိတာ။ ဘယ်လိုအကြောင်းပြချက်တွေနဲ့ မောင့်ကို စွန့်ခွာရမလဲ။

တွေ့ခွင့်မရှိ။ သူမအား အလုပ်မှပင် ထွက်စေချင်နေသည်။

"မှုံနှံ့သာ"

"ရှင်"

"မင်း ဒီကတိကိုပေးဖို့ အတော်လေး ဝန်လေးနေလား"

"မောင့်မှာ ဘာအပြစ်မှမရှိတာဘဲ ကိုကို ... ကျွန်မဘာထိထာ



www.burmeseclassic.com

www.burmeseclassic.com



နေ ဘယ်လိုအကြောင်းပြချက်နဲ့ စွန့်ခွာရမှာလဲ ကိုကို"

"မင်းရဲ့အစ်ကိုအပေါ် မထေမဲ့မြင် ဆက်ဆံတာ အပြစ်မဟုတ်ဘူးလား"

မောင် မထေမဲ့မြင်လုပ်တာ သူမရှေ့မှာ မဟုတ်၍ ခက်နေသည်။ ကိုကိုက တဖွတ်ထိုးပဲ။

"ဘာအကြောင်းအရာနဲ့ပဲဖြစ်ဖြစ် မင်းမြတ်နိုးကို မပတ်သက်ရဘူး"

သူမ ... ကိုကို့စကားတွေကို မနာခံ၍ မဖြစ်တော့ပေ။

ပြဿနာက ကြီးထွားနေသည်။ ကျန်းမာရေး မကောင်းသော ကိုကို့အပေါ် သူမ ရက်စက်သလို ဖြစ်နေ၏။

"ကိုကို"

ကိုကို မော့ကြည့်သည်။ အခုတလော ... ကိုကို့မျက်ဝန်းတွေက အလိုမကျမှုတွေပဲ ပြည့်နှက်နေသည်။

"မောင်နဲ့ မပတ်သက်တော့ပါဘူးလို့ ကတိပေးပါတယ် ကိုကို"

"ဝမ်းသာလိုက်တာ မှုံလေးရယ် ... မင်းတကယ်ပြောနေတာလားဟင်"

"ဟုတ်တယ် ကိုကို ... ကျွန်မဘဝအတွက်ထက် ကိုကို့စိတ်ချမ်းသာမှုတွေက အဓိကကျပါတယ်နော်"

"မှုံလေးရယ်"

ကိုကို့မျက်ဝန်းတွေထဲမှာ ဝမ်းသာကြေနပ်မှုတွေ ဝင်လာသည်။ နှုတ်ခမ်းတွေက ပြုံးနေ၏။



"ကိုကို"

"ပြော"

"ကျွန်မနဲ့ကိုကို အပေးအယူ တစ်ခုတော့ လုပ်ရလိမ့်မယ်နော်"

"ဘာများလဲ မှုံ"

"ကိုကို ဆေးစစ်တာတွေ ဆေးသောက်တာတွေ လုပ်ရမယ်၊ ကျွန်မရဲ့ ညွှန်ကြားမှုတွေကို လိုက်နာရမယ်"

"အိုကေ ... မှုံသာ ကိုကို့အနားမှာ ထာဝရရှိနေမယ်ဆိုရင် ကိုကို မှုံ့ဆန္ဒတွေအားလုံးကို လိုက်နာမယ်"

"ဒါဆို ကိုကို အခုပဲ ဆေးသောက်အနားယူ"

"ကောင်မလေးနော် ... ကိုကိုက လူနာမဟုတ်ဘူး"

"အင်းပါ"

သူမကတော့ ကိုကို့အား စိတ်ချမ်းသာမှုတွေ အပြည့်အဝ ရှိနေစေချင်သည်။ မောင့်ကိုတော့ တောင်းပန်ရမှာပဲ။

"ဒေါက်တာမြတ်နိုးဟာ ရက်စက်တတ်တဲ့ လူတစ်ယောက်ပဲ မှုံ ... ကိုကို့ကျန်းမာရေးကို သိသိကြီးနဲ့ မချေမင် ဆက်ဆံတယ်"

"ဒါတွေကို မေ့ပစ်လိုက်စမ်းပါ ကိုကိုရယ်နော် ... ကျွန်မ ကတိပေးထားပြီးပြီပဲ ... ကိုကို သဘောမကျတာကို ကျွန်မ လုံးဝ မလုပ်ပါဘူး"

သူမဘဝတွင် ကိုကိုက အဓိက အကျဆုံး ဖြစ်နေသည်။ ကိုကို့စိတ်ချမ်းသာမှုပင် အရေးကြီး၏။ ကျွန်မဘဝက ကိုကို့ဘဝ။

"ကိုကို ဖြစ်စေချင်တာတွေကို ကျွန်မ လုပ်ပေးချင်ပါတယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မှုံရယ်"

ကိုကို ဝမ်းသာလိုက်တာ။ မှုံက ချစ်သူ ဒေါက်တာမြတ်နိုး ထတ် သူ့အပေါ် ဦးစားပေးနေသည်။ ပျော်ရွှင်ကျေနပ်သွားမိသည်။

ကိုကို့ဘဝမှာလည်း ညီမလေး မှုံနှံ့သာက အလိုအပ်ဆုံးပါပဲ။

မှုံရယ် ... ကိုကို ချစ်တယ်။ လက်ထပ်ချင်တယ်။

နှုတ်ခမ်းတွေက စေ့ပိတ်ပြီး လုံးဝ မလှုပ်ရှားနိုင်အောင် ဖြစ်နေသည်။ မှုံနှံ့သာက မုန်းတီးရွံရှာသွားမှာလည်း စိုးရိမ်ပူပန်နေ၏။

လက်မခံမှာလည်း ကြောက်နေသည်။ ကိုကို မပြောရဲဘူး ကွာ။

"မှုံနှံ့သာလေးကို ချစ်တယ်"

သူ့ရင်ထဲမှာပြောနေသော စကားတွေပင် ဖြစ်နေသည်။ နှုတ် ခမ်းတွေက လှုပ်မရ။ ဝန်လေးနေမိသည်။

"ဆေးသောက်နော် ကိုကို"

"မှုံ"

"ရှင်"

"မင်း အပြုအစု အယုအယတွေက ကိုကို့အတွက် အင်အား အကြီးမားဆုံး ဆေးတစ်ခွက်ပါပဲကွာ၊ အခြားဆေးတွေ တိုက်နေ စရာ မလိုပါဘူး မှုံ"

သူမ ... မောင့်အတွက်တော့ စိတ်မကောင်း ဖြစ်နေမိလေ သည်။ ကိုကို့အတွက်ပဲ ... သူမ ဘဝတစ်လျှောက်လုံး ကြီးမားတဲ့ ကျေးဇူးတရားတွေ ရှိနေသည်။

"ကိုကို"





"မှုံ"

"မှုံ ဆေးရုံကို သွားတော့မယ်နော်"

"ကိုကို လိုက်ပို့မယ်"

"ကိုကို အနားယူပါနော် ... ကျွန်မကို စိတ်ချပါ ကိုကို ... နောက်ဆို ကိုကို သဘောကျသလို နေပေးပါ့မယ်"

"ကိုကို စိတ်မချဘူးကွာနော် မှုံ"

"ဟုတ်ကဲ့"

ကိုကို့ဆန္ဒတွေအတိုင်းပဲ လိုက်နာဆောင်ရွက်ဖို့ ကျွန်မ ဆုံး ဖြတ်ထားမိသည်။ ဆေးရုံကို လိုက်ပို့၏။

ကျွန်မကို ဒေါက်တာမြတ်နိုးနှင့် မပတ်သက်ရန် တတွတ် တွတ် ပြောနေသည်။

"ကိုကို့ဆန္ဒတွေအတိုင်း ဖြစ်စေရမှာပါ ... တစ်ခုတော့ ကျွန်မ တောင်းဆိုပါရစေ ... အလုပ်တာဝန်တွေကို ဆက်ပြီးထမ်း ဆောင်ခွင့် ပြုပါနော်"

ကိုကိုက လက်ခံကြောင်းပြော၍ သူမ ဝမ်းသာကျေနပ် သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

မောင်ကတော့ သူမနှင့်တွေ့ဆုံရန် ကြိုးစားနေတဲ့သတင်းတွေ သိနေရသည်။ သူမက ရှောင်နေတာပါ။

"မင်း တွေ့လိုက်သင့်တယ်မှုံ ... ကလေးတွေမှ မဟုတ်တာ မင်း ဘာဖြစ်ချင်လဲ ... အဲဒါ တစ်ခါတည်း အပြတ်ပြောလိုက်"

မြသီတာပင် ကြားထဲမှာ မောင့်အတွက် မကျေမနပ်ဖြစ်နေရပါသည်။

"မှုံ ရှင်တွေ့သင့်တယ်"

"ကိုကို့ကို ဒေါက်တာမြတ်နိုးနဲ့ လုံးဝမပတ်သက်ပါဘူးလို့ ကတိပေးထားတယ်"

"ရှင် ရူးနေလား"

"ဘာဖြစ်လို့လဲ မြသီတာ"

"မြတ်နိုးလို လူကြီးလူကောင်းတစ်ယောက်ကို ရှင် ဒီလို မလုပ်သင့်ဘူး"

"ကိုကို နေမကောင်းဘူး ... မောင်နဲ့လည်း မှုံ ရင်မဆိုင်ချင်





ဘူး။ မှုံ ဘယ်လိုလုပ်ပြီး ရင်ဆိုင်ရမလဲ"

"ရင်မဆိုင်လို့ မရဘူးလေမှုံ ... ရှင် ကလေးကလားအလုပ်တွေ မလုပ်ပါနဲ့ဟယ် ... မြတ်နိုးက ရှင့်အပေါ် အရမ်းကောင်းခဲ့တဲ့ သူပါ"

မောင်နှင့်တော့ တွေ့သင့်သည်ဟု သူမ ထင်မိသည်။

တောင်းပန်ရမည်။ လွန်နေတာက သူမ ...

"မှုံ"

"ဟင်"

"ရှင့်အစ်ကို မရိုးသားတော့ဘူး"

"မဟုတ်တာဘဲ မြသီတာ ... ကိုကိုက မှုံ့အပေါ် ညီမလေးတစ်ယောက်လို သံယောဇဉ်ကြီးတာပါ ... မောင်နဲ့ လက်ထပ်ပြီး သူ့ကို ထားခဲ့မှာ စိတ်ပူနေမှာပေါ့"

"မဖြစ်နိုင်ဘူး"

"ကိုကိုက ရိုးသားတည်ကြည်တဲ့ ယောကျ်ားတစ်ယောက်ပါကွာ၊ မှုံ ယုံကြည်တယ်"

"ရှင် စောင့်ကြည့်နေပေါ့"

ကိုကိုက သူမအား လက်ထပ်မည်ဟု ဆိုခဲ့သော် ... မဖြစ်နိုင်တာဘဲ။ မတွေးသင့်ဘူး။

ကိုကို့ကျန်းမာရေးကြောင့် သူမ အိမ်ထောင်ပြုရန် တားဆီးနေတာပါ။

"မှုံကတော့ ယုံတယ် ... ကိုကို့လို စိတ်ဓာတ်မျိုး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လေးစားတယ် ... ငယ်စဉ်လေးတည်းက ဒီနေ့အထိ ကိုကိုဟာ ဘယ်တော့မှ မို့အပေါ် မရိုးမသား မဆက်ဆံခဲ့ဘူး"

"ဟွန်း"

"မြသီတာ ... ကိုကို့ကို မင်း အထင်မသေးပါနဲ့"

"ဘာပဲဖြစ်ဖြစ် မင်းသတ္တိမကြောင်သင့်ဘူး၊ မြတ်နိုးကို တွေ့လိုက်ပါ ... ရင်ဆိုင်ဖြေရှင်းသင့်တယ်"

မြသီတာ ပြောတာလည်း မှန်သားပဲဟု သူမ တွေးမိလာသည်။ မောင့်ကို တွေ့သင့်တယ်။

သူမ ... ရွေးချယ်ခဲ့တဲ့ ချစ်သူ။

အပြစ်အနာအဆာ ကင်းမဲ့သော မောင့်ကို အရှက်သိက္ခာကျအောင် သူမဘက်မှ မလုပ်ဆောင်သင့်ဟု တွေးမိလာသည်။

"ကရင် ... ရင် ... ရင်"

ဖုန်းသံမြည်လာ၍ မြသီတာက ကောက်ကိုင်လိုက်သည်။

"ဟဲ့ မို့ ... မြတ်နိုး"

"ဟင်"

သူမ ကိုယ်လေးပင် ဆတ်ခနဲ တုန်ယင်လှုပ်ရှားသွားရသည်။

"ရော့"

သူမ ... လက်လေးတွေ တုန်ယင်နေသည်။

"မြတ်နိုး ... ဒီမှာ မို့ ပြောလိမ့်မယ်"

မြသီတာက ဖုန်းခွက်ကို သူမထံ ကမ်းပေးနေသည်။ သူမ လှမ်းယူလိုက်၏။





"မို့လား"

"အင်း"

မောင့်အသံတွေကလည်း တုန်ယင်လှုပ်ခါနေသည်။

"မောင့်ကို တွေ့ခွင့်ပြုပါ"

"မောင် ကျွန်မကို လာတွေ့ပါ"

မောင် ဝမ်းသာအားရနှင့် သူမထံ အခုချက်ချင်း ရောက်လာမည်ဖြစ်ကြောင်း ပြောသည်။

သူမကတော့ အင်းဟုပဲ ပြောနိုင်၏။ ရင်ထဲမှာ ... ဆို့နစ်နေသည်။ မောင့်ဘက်မှ သူမအား စွန့်ခွာရန် မောင် နားဝင်အောင် သူမ ဘယ်လိုပြောရမှန်းပင် မသိအောင် ဖြစ်နေတော့၏။

"မို့"

"ရှင်"

"မောင် လာခေါ်မယ်နော်"

"အင်းပါ"

ကိုကိုက ညနေမှ လာကြိုမှာပါ။ မြသီတာက သူမ ကြည့်ရှင်းပေးထားမည်ဖြစ်ကြောင်း မို့ ဘာမှ အားမငယ်ဖို့အကြောင်း အားပေးသည်။

"မင်း ရင်ဆိုင်လိုက်ပါ မို့"

သူမ ရင်မဆိုင်ရဲတာက မောင့်မှာ အပြစ်ကင်းမဲ့နေ၍ ဖြစ်သည်။ မောင် သူမအား နားလည်နိုင်ပါစေဟု ဆုတောင်းနေမိ၏။

"မြတ်နိုးနဲ့ ပြတ်ပြတ်သားသား ဆွေးနွေးပါမို့၊ အချစ်ကြီးချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ မင်းတို့နှစ်ယောက်ရဲ့ သောကတွေ ပူလောင်မှုတွေ အားလုံး ချုပ်ငြိမ်းပါစေတော့”

မြသီတာ စိတ်မကောင်းစွာပြောပြီး ထွက်သွားတော့သည်။ ခဏကြာတော့ မောင် ရောက်လာ၏။ ညိုးနွမ်းနေတဲ့ မောင့်အသွင်အပြင်တွေကိုပင် သူမ စိတ်မကောင်းစွာ တွေ့ရသည်။

“မှုံ”

“မောင်”

“မောင်တို့နှစ်ယောက် အေးအေးဆေးဆေး ဆွေးနွေးကြရအောင်နော်”

မောင် ခေါ်ရာနောက်သို့ သူမ ငြိမ်သက်တိတ်ဆိတ်စွာ လိုက်ခဲ့မိသည်။ ကားထဲမှာ တိတ်ဆိတ်နေ၏။ သူမကလည်း သူမ ပြောရမယ့် စကားတွေကို စဉ်းစားနေသလို မောင်ကလည်း မောင် ပြောရမယ့် စကားတွေကို စဉ်းစားနေပုံပင်။

မောင် ... ယောကျ်ားပီသစွာ ခန့်ညားချောမောသူဖြစ်သည်။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပဲ။

မှုံ မောင့်ကို ချစ်ပါတယ်။ ဒါပေမဲ့ ...

ကိုကို ...

ကျွန်မ ကိုကို ... ကိုကို တစ်ခုခုဖြစ်သွားမှာတော့ ကျွန်မ စိုးရိမ်ဆုံးဖြစ်နေမိသည်။ မောင်က သူ့အခန်းထဲ သူမအား ခေါ်လာခဲ့၏။





“မောင် ဒီနေရာပဲ ရွေးချယ်လိုက်တယ်မှုံ ... မောင့် ကိုယ်ကျင့်တရားတွေကို မှုံ ယုံကြည်တယ် မဟုတ်လား”

သူမ ... ဘာစကားမှ မပြောနိုင်။ ရင်ထဲမှာ မောင့်ကို တောင်းပန်ရမယ့် စကားတွေကိုပဲ စဉ်းစားရင်း မွန်းကျပ်လေးလံနေမိသည်။

“ဝင်လေ မှုံ”

မောင်တစ်ယောက်တည်းနေသော အခန်းကို ချစ်သူဘဝ တစ်လျှောက် သူမ တစ်ကြိမ်တစ်ခါပင် မရောက်ခဲ့ဘူး။ ဒီတစ်ခါက ပထမဆုံးအကြိမ်။ သူမ ဝင်လိုက်သည်။

လှပခေတ်မီလွန်းပြီး ချစ်စရာကောင်းတဲ့ အခန်းလေး တစ်ခန်းပါပဲ။ ကျယ်လည်း ကျယ်သည်။ သူမ ဓာတ်ပုံကြီးက မောင့် စားပွဲပေါ်မှာ ခမ်းနားစွာ ရှိနေ၏။

မောင်က သူမနှင့်ပတ်သက်လာလျှင် အလေးအနက်ထားတတ်တာ အသိဆုံးပါပဲ။

“မှုံ”

“ဟင်”

“ဒီအခန်းလေးကို မှုံ သဘောကျရဲ့လားကွာ”

“ကောင်းပါတယ် မောင်”

“မှုံ လွတ်လွတ်လပ်လပ်နေနော် ... ဘာမှအားမနာနဲ့ မောင် ပိုင်ဆိုင်တာတွေအားလုံး မှုံ ပိုင်ဆိုင်မှာပဲ”

သူမအတွက် အခက်တွေ့စေသော မောင့်စကားတွေသာ ဖြစ်သည်။ အခုရောက်လာတာ ... မောင့်ကို စွန့်ခွာဖို့စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောရန်သာ ဖြစ်သည်။

"မို့ အအေးသောက်မလား … ရေခဲသေတ္တာထဲမှာ စားစရာတွေ အပြည့်ရှိတယ် … မို့ကိုယ်တိုင် ပြင်ဆင်ကွာ"

ကော်ဖီဆိုင်မှာ သောက်ရင်တောင် မောင့်ကော်ဖီခွက်ကို သူမက မွှေနှောက်ပေးမှ မောင်က သောက်တတ်သည်။

"ကျွန်မ လုပ်ပေးမယ် မောင်"

သူမ … မောင့်ကို နောက်ဆုံးပြုစုပေးတဲ့အနေနှင့် ကျေနပ်အောင်တော့ လုပ်ဆောင်ပေးသင့်သည်ဟု ထင်မှတ်ထားမိသည်။

"မောင်"

"ပြော"

"ကျွန်မ ဖျော်ပေးတဲ့ကော်ဖီကို မောင် နောက်ဆုံးအကြိမ် သောက်ရတာမျိုးလည်း ဖြစ်နိုင်တယ်လေ"

"ဘာပြောတယ် မို့"

"မောင် ကော်ဖီသောက်ပါဦး"

"ထားလေ မို့"

သူ … နေ၍မရတော့။ မို့စကားတွေက ရှေ့ပြေးနိမိတ်တွေ ဖြစ်ကြောင်း မောင်သိလိုက်သည်။ ရီဝေကြေကွဲနေတဲ့ မို့မျက်ဝန်းတွေကို စူးစိုက်ကြည့်နေ၏။

မို့မျက်ဝန်းတွေ ကြေကွဲနေတယ်။ မောင်တို့နှစ်ယောက်ရဲ့ အနာဂတ်က မကောင်းနိုင်တော့ဘူး။

"မောင့်ကို ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောချင်တယ် …





ပြီးတော့ အနူးအညွတ် တောင်းပန်ချင်တယ်"

မောင့်ကိုယ်လုံးကြီးက တောင့်မတ်သွားတော့သည်။ သူမအားနာစွာဖြင့် မောင့်ကို ငေးမောကြည့်မိ၏။

"ကိုကိုက မောင်နဲ့ပတ်သက်ဆက်ဆံနေတာကို လုံးဝ လက်မခံဘူး"

"မို့ … မောင့်မှာ ဘာအပြစ်ရှိလို့ အစ်ကိုကြီးက လက်မခံချင်ရတာလဲ"

"ကျန်းမာရေးကြောင့်ပါ … ကျွန်မ အိမ်ထောင်ပြုပြီး ကိုကို့ကို ထားခဲ့မှာ စိုးရိမ်ကြောင့်ကြဖြစ်နေတယ်"

"မဆိုင်တာဘဲမို့ … မောင်ကရော ကျန်းမာရေးမကောင်းတဲ့ လူနာတစ်ယောက်တည်း ထားခဲ့ပြီး မို့ကို လက်ထပ်ပါ့မလားကွာ"

ကိုခန့်ထယ်ရဲ့ သဘောထားက မရိုးသားကြောင်း သူသတိထားမိသည်။ ညီမတစ်ယောက်အား ကာကွယ်စောင့်ရှောက်တာနှင့်မတူ။

အထူးသဖြင့် … ကိုခန့်ထယ်ရဲ့ မျက်ဝန်းတွေကို သူ့စိတ်ထဲက သဘောမကျမိ။ လှုပ်ရှားလွန်းနေသည်ဟု ထင်သည်။

ပြီးတော့ … သူ့အပေါ် အကောက်ကြံချင်တဲ့ သဘောမျိုး ဖြစ်နေခဲ့သည်။

"ကိုကို့ကျန်းမာရေးကြောင့် ကိုကို့ဆန္ဒတွေကိုပဲ ကျွန်မ ဦးစားပေးသင့်တယ် မောင်"

"မောင့်ဘက်ကရော ထည့်မစဉ်းစားပေးတော့ဘူးလား မို့



www.burmeseclassic.com

www.burmeseclassic.com



မောင် ချစ်ခြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကို မောင်ဘယ်လို လုပ်ပြီး မေ့ပစ်ရမလဲ”

မောင့်အသံတွေက ပေါက်ကွဲစွာဖြင့် တုန်ခါနေသည်။

မတတ်နိုင်ဘူး။ သူမအတွက် ရွေးချယ်စရာနည်းလမ်းက ဒီနည်းလမ်းပဲ ဖြစ်နေသည်။

“ကျွန်မ တောင်းပန်ပါတယ်မောင် ... အပြစ်ရှိသူဟာ မှုံပါ။ မောင်ဟာ အပြစ်မဲ့တဲ့ ယောကျ်ားတစ်ယောက်ပါ”

“ဒါဆို ... မောင့်ကို ဘာဖြစ်လို့ စွန့်ခွာဖို့စကားတွေ ပြောနေရတာလဲမှုံရယ် ... ကိုကို လက်ခံကျေနပ်တဲ့အထိ မောင်တို့စောင့်ကြည့်မယ် ... ကိုကို့ကျန်းမာရေးအရ ခဏခွဲခွာနေကြရအောင်နော် မှုံ”

မောင့်စကားတွေကြောင့် သူမ နှလုံးသားတွေထဲမှာ နာကျင်စူးရှသွားရသည်။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပင် ဝေ့တက်လာ၏။

“မောင့်ကို ဒီလောက်အထိ ကျွန်မ ချုပ်ကိုင်မထားချင်ဘူး၊ မောင် လွတ်လပ်စွာ ဆုံးဖြတ်ပါ ... ကျွန်မဘက်က မောင့်အတွက် အာမခံချက် မပေးနိုင်ဘူး”

“ဘာပြောတယ် မှုံ”

“မောင် တစ်နေ့နေ့ ကျွန်မစကားတွေကို နားလည်သဘောပေါက်မှာပါ”

“မှုံ ... မောင့်ကို ရှင်းရှင်းလင်းလင်းပြောစမ်းပါ ... အပွင့်





လင်းဆုံး ပြောစမ်းပါ”

မောင်က ဆောက်တည်ရာမရစွာဖြင့် သူမကိုယ်လုံးလေးအား လှုပ်ခါယမ်းနေသည်။ သူမအပေါ် မောင်သည် ဘယ်တော့မှ အခွင့်အရေးမယူခဲ့။ ရိုးသားလွန်းသည်။

ချစ်ခြင်းမေတ္တာကို တန်ဖိုးထားတတ်သော သူသာ ဖြစ်ခဲ့၏။ အပြစ်ရှိသူက သူမ ... မောင့်ကို ရက်စက်စွာ စွန့်ခွာဖို့ ကျွန်မ ကြိုးစားနေမိသည်။

“မှုံ”

“ဟင်”

“ပြောလေ”

“မောင် ... ကျွန်မကို မျှော်လင့်မနေပါနဲ့တော့”

“ဘာပြောတယ် မှုံ”

သူမ အပြတ်သားဆုံး ရင်ဆိုင်သင့်သည်ဟု ထင်မိသည်။

အကယ်၍ ...

ကိုကို့ဘက်မှ လက်ထပ်ခွင့် တောင်းခံခဲ့သော် ကျွန်မ ငြင်းဆန်၍ ရမှာမဟုတ်မှန်း ကျွန်မ အသိဆုံးဖြစ်နေသည်။ မောင့်အပေါ် လော်မာဖောက်ပြားလို၍လည်း မဟုတ်ရပါ။

သစ္စာမဲ့ချင်တာလည်း မဟုတ်။ ကိုကို ပိုင်ဆိုင်တဲ့စည်းစိမ်ဥစ္စာတွေကိုလည်း မမက်မော။

“ကိုကိုဟာ ကျွန်မကို ဘဝတစ်လျှောက်လုံး ကျွေးမွေးစောင့်ရှောက်ခဲ့တယ် ... လိုလေသေးမရှိ ဖြည့်စွမ်းပေးတယ်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတွေကို ကျွန်မ ဘယ်နည်းနဲ့ ပေးဆပ်ရမှာလဲ"

"မှုံ"

"ကျွန်မကို နားလည်ပေးပါမောင် ... ခွင့်လွှတ်ပေးဖို့လည်း ထပ်ပြောပါရစေနော် မောင်"

မောင်က ခေါင်းကို ခါယမ်းပစ်လိုက်သည်။ သူမရှေ့မှာ ထလိုက် ထိုင်လိုက်နှင့် မတည်မငြိမ် လှုပ်ရှားနေ၏။

"မှုံက မောင့်ကို ရက်ရက်စက်စက် စွန့်ခွာတော့မှာလား။ မျှော်လင့်ချက်တွေ လုံးဝ မရှိတော့ဘူးလား"

မောင်က သူမအနားမှ ပြန်၍ ထိုင်လိုက်ပြန်သည်။ သူမ ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲမှာ တင်းကျပ်စွာ ထွေးပွေ့ထား၏။

မောင် ပြုမူချင်သို ပြုမူပါစေ။ သူမ ကျေနပ်စွာဖြင့် ခံယူနေဖို့ ဆုံးဖြတ်မိသည်။

ဟုတ်တယ် ...

မောင် ပြောသလိုပဲ ကျွန်မဘက်မှ ရက်စက်လွန်းနေတယ်။ သူမဘက်မှ ဘယ်လိုမှ မောင်နှင့်ဆက်၍ လက်တွဲရန် မဖြစ်နိုင်တော့ကြောင်း တဖြည်းဖြည်း ပိုပြီးခိုင်မာစွာ သိလာနေခဲ့၏။

ပြတ်သားသင့်တယ်။ မောင်ရယ် ... ရှင့်ရဲ့ရင်ပွင့်မတတ် ခံစားနေရတာတွေကို မှုံ အသိဆုံးပါ။

မှုံပဲ ကိုယ်ချင်းစာတတ်ဆုံးပါ။ ဘာဖြစ်လို့လဲဆိုတော့ ... မှုံကိုယ်တိုင်လည်း မောင်နှင့်ထပ်တူထပ်မျှ ခံစားနေရတာပါပဲ။





"ကျွန်မကို လုံးဝ မျှော်လင့်မနေသင့်တော့လို့ပါ မောင်"

"မှုံ ... မင်း ... မင်းနဲ့ကိုကို"

မောင်က တုန်လှုပ်ချောက်ချားစွာဖြင့် ကျွန်မ မျက်ဝန်းတွေထဲ ထိုးဖောက်မတတ် စူးစိုက်ကြည့်နေသည်။

"ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ကျွန်မဘက်က မောင့်ဆန္ဒတွေကို ဖြည့်စွမ်းမပေးနိုင်တော့ဘူး ... အပွင့်လင်းဆုံးပြောရရင် မောင်နဲ့ လက်ထပ်ဖို့ကိစ္စက လုံးဝမဖြစ်နိုင်တာဘဲ"

"မှုံ"

"ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ် မောင်"

သူမ ... မောင့်ကို သနားကြင်နာစွာ ကြည့်မိနေရုံမှတစ်ပါး ဘာမှမတတ်နိုင်။ စွန့်ခွာခြင်းပဲ မောင်နဲ့သူမအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

မောင်ရယ် ... ကျွန်မ လေးစားအထင်ကြီးရပါတယ်။

သေးသိမ်ငယ်စေသော ပေးဆပ်ခြင်းမျိုးတွေ မောင်ဘယ်တော့မှ လက်မခံဘူးဆိုတာ ကျွန်မ ကြိုတင်တွေးမြင်သိပြီးသားပါ။

မောင်က သူမအား လိုက်ပို့သည်။ လမ်းတွင် ...

"မှုံ"

"ရှင်"

"မင်းကို မောင့်အသက်တွေ ရှင်သန်ခွင့်ရတဲ့ အချိန်ကာလအထိ ရိုးသားဖြူစင်စွာ မျှော်လင့်နေဦးမှာပါ၊ မောင်လက်ထပ်မယ့် မောင့်ချစ်သူ မိန်းကလေးဟာ မင်းတစ်ယောက်တည်းပါပဲ မှုံ"

သူမ နှလုံးသားတွေထဲမှာ အေးစက်ထုံကျင်သွားရတော့သည်။

"မင်းကို မောင့်အသက် ရှင်သန်နေသရွေ့ မျှော်လင့်နေမယ်"

သူမ ... ငြိမ်သက်နေမိသည်။





"မောင် ... မင်းကို နှုတ်မဆက်တော့ဘူးမှုံ၊ မင်းကို မောင် မခွဲတော့ဘူး ... နှုတ်ဆက်တာ ခွဲခွာခြင်း အထိမ်းအမှတ်ပဲ"

မောင့်ကို သူမ ထာဝရ ခွဲခွာရတော့မယ်ဆိုတာ သိနေသည်။

"မှုံ"

"ဟင်"

"မောင့်ကိုချစ်လား"

"ချစ်ပါတယ်မောင် ... ကျွန်မနှလုံးသားတွေထဲမှာ မောင် အမြဲတမ်း ရှိနေမှာပါ"

"မောင် ကျေနပ်ပြီ"

သူမ ... ကားပေါ်မှ ဆင်းလိုက်သည်။

နှုတ်မဆက်တော့ ... မောင် ကျေနပ်မှာပါ။

အဲဒါ ဘာဖြစ်လို့လဲ သိလား ... သူမကိုယ်တိုင်က မောင့်ကို မျှော်လင့်နေဆဲပင် ဖြစ်သည်။

"အဆင်ပြေလား မှုံ"

မြသီတာက ဆီးကြိုမေးသည်။

"မောင်က နားလည်မှုတွေ အပြည့်ရှိတယ် ... မောင့်ကိုယ်ကျင့်တရားတွေကိုလည်း ကျွန်မ တွေ့မြင်ခံစားခဲ့ရတယ်"

မောင့်ကို တစ်စုံတစ်ခု ပေးဆပ်ဖို့ သူမ ကြိုးစားခဲ့ကြောင်း ပြောပြမိသည်။

"ရှင် အရူးထတာပဲ ... မြတ်နိုးအကြောင်း ရှင်အသိဆုံးဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်တစ်ယောက်တည်း ကြေကွဲမှုတွေ ခံစားပြီး မှုန်းတွေနေမှာ စိုးလို့ပါ မြသီတာ"

"မို"

"ဟင်"

"ရှင့်ကိုကို ဖုန်းဆက်တယ် ... ရှင် ခွဲစိတ်ခန်းဝင်နေတယ်လို့ ပြောလိုက်တယ်"

သူမ ... စိတ်တွေ အနှောင့်အယှက် ဖြစ်သွားမိသည်။

ကိုကိုရဲ့ စောင့်ကြည့်ခြင်းကို ခံရတဲ့ ဘဝတွင် မှုန်းကျပ်လှောင်ပိတ်ပြီး စိတ်ညစ်ညူးတဲ့ ဝေဒနာကြီးကို ခံစားနေရ၏။

"မို"

"ဟင်"

"ရှင် ဖုန်းပြန်ဆက်လိုက်ဦး"

သူမ လေးလံနေသည်။ စိတ်တွေက ခန္ဓာကိုယ်နှင့်မတွဲကပ်မိသလို ဖြစ်နေ၏။ ကြေကွဲဝမ်းနည်းနေတဲ့ မောင့်မျက်ဝန်းတွေကို သူမ မေ့ပစ်၍မရ။

"ဟဲ့ ဖုန်းဆက်လိုက်လေ ... ရှင် ခွဲစိတ်ခန်းက ထွက်လာလာချင်း ဖုန်းဆက်ခိုင်းပါ့မယ်လို့ ကျုပ် ပြောခဲ့တယ်"

"အင်းပါ"

"သူ ထပ်ဆက်နေရင် ရှင်အဖြေရှင်းရ ခက်နေမယ်"

သူမ စိတ်မောလာသည်။ ကိုကို့ထံ ဖုန်းဆက်ရန်အတွက် သူမ လက်လေးတွေက တုံ့နှေးနေ၏။ မတက်ကြွ ...





"ကရင် ... ရှင်"

"ဟော"

သူမ ကောက်ကိုင်ပြီး နားထောင်မိသည်။

"ကိုကို အခုပဲ ကိုကို့ဆီ မို့ ဖုန်းဆက်မလို့"

ကိုကို ဖြစ်နေသည်။

"မင်း ဘယ်သွားနေတာလဲ"

"ခွဲစိတ်ခန်းထဲ ဝင်နေတာပါ ကိုကို"

"မင်း ဘာဖြစ်လို့ ကိုကို့ဆီ ဖုန်းမဆက်တာလဲ"

"အခုပဲ ဆက်မလို့ပါ"

"မဖြစ်နိုင်ဘူး ... မင်း လေးနေတယ်၊ ကိုကို့ဆီ ဖုန်းဆက်ဖို့ မင်းဝန်လေးနေတယ် မဟုတ်လားမို့"

ကိုကို့လေသံတွေက အပြစ်တင်သံတွေနှင့် တင်းမာခက်ထန်နေသည်။

"မင်း မဆက်လို့ ကိုကို ဖုန်းလှည့်တော့ ဖုန်းဝင်သွားတာပေါ့ မို့"

"ကျွန်မ အလုပ်ပင်ပန်းနွမ်းနယ်နေလို့ပါ ကိုကို"

"မင်းလိမ်တာ"

"ဒုက္ခပါပဲ"

"ဘာ"

"ကျွန်မ အလုပ်တွေများနေလို့ ခဏအနားယူနေတာပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို"

"မင်းကို လာကြိုမယ် ... ပြီးတော့ ပြောစရာတွေလည်းရှိသေးတယ် မှူ"

"ရှင်"

"မင်း ... ကိုကိုနဲ့ပြောရင် ကြောင်တောင်တောင်နဲ့ကွာ"

ကိုကို့ဘက်မှ တစ်စက်ကလေးမှပင် သူမအား အကောင်းမမြင်ပေ။ အပြစ်တင်နေတတ်သည်။ ကိုကို့မျက်စိအောက်မှာ နေရတာကပင် စိတ်ချောက်ချားလာ၏။

"မှူ"

"ရှင်"

"ကိုကို ပြောတာတွေ ကြားလား"

"ဟုတ်ကဲ့"

"အေးစက်စက်နဲ့ကွာ"

သူမ အင်အားချည့်နဲ့စွာဖြင့် ဖုန်းခွက်ကို ချပစ်လိုက်သည်။

"ရှင့်ကိုကြည့်ရတာ စိတ်ပျက်လိုက်တာဟယ်"

"မတတ်နိုင်ဘူး"

"ကံကြမ္မာကိုပဲ ရှင် ပုံချလိုက်တော့မှာလား"

"အင်း"

"မြတ်နိုးကိုပဲ သနားတယ်ဟာ ... ရှင် လုံးဝ မလုပ်သင့်ဘူးလို့ထင်တယ်"

"ကံကြမ္မာပဲလေ"





သူမ ... အလုပ်တာဝန်တွေထဲမှာ စိတ်တွေကို နှစ်မြှုပ်ထားလိုက်သည်။

မောင်ရော ... စိတ်တွေ ယောက်ယက်ခတ်ပြီး သောကတွေ ဝေနေပြီလား။

ညနေစောင်းတော့ ... ကိုကို လာကြိုနေသည်။ ကားကိုမှီပြီး စောင့်နေသော ကိုကို့မျက်ဝန်းတွေအောက် ရောက်စေရန် သူမ အတော်လေး ကြိုးစားနေရ၏။

"တက်"

သူမကို ကားတံခါး ဖွင့်ပေးနေသည်။ ပြီးတော့ ... ဝေါခနဲ မောင်းထွက်လာခဲ့သည်။

ကိုကိုက ကားကို အိမ်သို့မမောင်းဘဲ အေးဆေးစွာ စကားပြောနိုင်သော စားသောက်ဆိုင်တစ်ခုသို့ ခေါ်ဆောင်လာခဲ့၏။

"ဒီမှာ ညစာစားမယ် မှူ"

"ဟုတ်ကဲ့"

ကိုကို အရက်သောက်သည်။ နည်းနည်းပါးပါးပဲသောက်ရန် သူမက သတိပေးနေရ၏။

"ကိုကို့ကျန်းမာရေးက ရှိနေသေးတယ်နော် ... ကိုကို ဘာပြောချင်တာလဲ၊ ကျွန်မကို ပွင့်ပွင့်လင်းလင်းပြောပါ"

ကိုကို့ အပြုအမူတွေက ထူးခြားနေသည်။ သူမအား ရီဝေသော မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်နေ၏။

"မှူ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကိုကို မင်းကို လက်ထပ်ချင်တယ်"

"ဟင်"

သူမ ထင်ထားတဲ့အတိုင်းပင် ကိုကို လက်ထပ်ခွင့်တောင်းနေသည်။ အေးစက်တောင့်တင်းသွားတဲ့ သူမခန္ဓာကိုယ်လေးက တဒင်္ဂတော့ အသိမဲ့သလို ခံစားလိုက်ရ၏။

"မောင် ... ကျွန်မနဲ့မောင် ဝေးပြီ၊ ကျွန်မ သစ္စာမဲ့တာ မဟုတ်ပါဘူး၊ ကိုကို့ဆီက ငွေကြေးဥစ္စာတွေလည်း ကျွန်မ မက်မောလို့ မဟုတ်ပါဘူး"

သူမ ... ရင်ထဲမှ ပြောဖြစ်နေသည်။ အကြည့်တွေကို ကျွန်မဘက်မှ စတင်၍ လွှဲပစ်လိုက်မိ၏။

"မင်း လက်ခံမလား မှုံ"

ကိုကို့မေးခွန်းတွေကို သူမ ဘယ်လိုဖြေရမှန်းပင် မသိတော့။ ငြင်းဆန်ခွင့် ရှိလို့လား။

"မှုံ"

"ရှင်"

"ကိုကို မေးနေတယ်လေ"

"ကိုကို့ဆန္ဒတွေအတိုင်းပဲ စီစဉ်ပါ"

မှုံ့ဘက်မှ ငြင်းဆန်လိုက်မည် ထင်မှတ်နေရာမှ လက်ခံလိုက် ၍ အံ့ဩတကြီးတော့ ဖြစ်သွားမိတော့သည်။

အလွယ်တကူပင် လက်ခံခဲ့၏။ ဘာသဘောတွေလဲ ...





သူ ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောခြင်းလား။

ဒါမှမဟုတ် ... ကျေးဇူးဆပ်တာလား။ မြတ်နိုးနဲ့ရော ရှင်းရှင်းလင်းလင်း ဖြစ်ပြီလား။

"မှုံ ... မင်း ဘာဖြစ်လို့ အလွယ်တကူ လက်ခံရတာလဲ၊ ငါက မင်းငြင်းဆန်မယ်လို့ထင်တာ ... ဘာလဲ၊ မင်းက ငါ့ကိုကျေးဇူးဆပ်တဲ့အနေနဲ့ လက်ခံတာလားမှုံ"

ကိုကိုက ထိတ်ထိတ်ပျာပျာနှင့် သူမအား မေးနေသည်။

သူမ ဘယ်လိုဖြေရှင်းရမလဲ။

"ဒေါက်တာမြတ်နိုးနဲ့ရော ရှင်းသွားပြီလား"

"ကျွန်မဘဝမှာ ကိုကို့ဆန္ဒက အဓိကပါ ... အရာအားလုံးကို စွန့်လွှတ်ပြီး ကိုကို့ဆန္ဒတွေ ဖြည့်စွမ်းပေးချင်ပါတယ်"

"ဘာ"

မှုံ့အဖြေကို သူ သဘောမကျသလိုကြီး ဖြစ်နေသည်။ ကျေးဇူးဆပ်တာကိုပဲ လက်မခံနိုင်အောင် ဖြစ်ရ၏။ သူ လိုအပ်တာက အချစ်။ မင်းဆီက အချစ်တွေပဲ။

"မှုံ"

"ရှင်"

"ကိုကိုက မင်းဆီက အချစ်တွေပဲ လိုအပ်တယ်"

အချစ်တွေ ... သူမ အချစ်တွေက မောင့်ထံတွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ဝန်ခံရရင်တော့ အစ်ကိုတစ်ယောက်အဖြစ်ပဲ သူမ ကိုကို့အပေါ် သံယောဇဉ်တွယ်မိ၏။

"ကိုကို့အတွက် အချစ်ပဲ လိုအပ်တယ်မှုံ ... တခြား အကြောင်းတွေနဲ့ လက်ထပ်တာမျိုး မလိုအပ်ဘူး"

သူမ ... လက်ချောင်းလေးတွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ ရင်ထဲမှာ တဒိန်းဒိန်း ခုန်နေ၏။

အချစ် ... ကိုကို့ကို မချစ်ဘူး။ ချစ်သူတစ်ယောက်ကဲ့သို့ ချစ်ဖို့ အတော်လေး ကြိုးစားရမည်ဖြစ်သည်။

သူမအချစ်တွေကို မောင့်အတွက်ပဲ ပေးဆပ်ချင်တယ်။

"မှုံ ... ကိုကို့ကို ချစ်လား"

"ရှင်"

"ကိုကို့ကို ချစ်လား"

သူမ ... နှုတ်ဆိတ်နေမိသည်။ မဖြေ ... ဘယ်လိုမှ ဖြေလို့ မရ။

မောင့်အပေါ် သူမ ဒီလောက်တော့ သစ္စာရှိသင့်သည်ဟု ထင်မိသည်။ ကိုကို့ကျေးဇူးတွေကို ပေးဆပ်မှုပဲ ဖြစ်နေတာပါ။

မောင့်ကိုပဲ ချစ်တယ်။ သူမအချစ်တွေက မောင့်တစ်ယောက်တည်းအတွက်ပါပဲ။

"မှုံ ဖြေလေ"

"ကျွန်မ ... ကျွန်မ ချစ်သူတစ်ယောက်လိုတော့ မချစ်ရဲဘူး





ကိုကို ... ဟို ... ဟို ... အစ်ကိုတစ်ယောက်လိုပဲ ကျွန်မ သံယောဇဉ်ကြီးပါတယ်"

သူမအနေနှင့် လက်ထပ်ဖို့ လက်ခံလိုက်တာပဲ ကိုကို ကျေနပ်သင့်သည်။ အချစ်တွေကိုတော့ မတောင်းခံသင့်ဟု သူမ ထင်မှတ်နေမိ၏။

"မင်း ... မြတ်နိုးဆိုတဲ့ကောင်ကိုပဲ ချစ်နေတာ မဟုတ်လား"

ကိုကို အရက်တွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေသည်။ သူမ တားဆီးနေမိ၏။

"ကိုကို အရက်တွေသိပ်ပြီး မသောက်ပါနဲ့နော် ... ကျွန်မ တောင်းပန်ပါတယ်"

ပြောမရ။ ကိုကိုက သူမစကားတွေကို လုံးဝ လက်မခံပေ။ သူမထံမှ လက်ထပ်ရန်ကိစ္စ လက်ခံတာပဲ ကိုကို ကျေနပ်သင့်သည်။

ကိုကို အတော်လေး မူးနေမှ ထ၏။ သူမက တွဲသည်။

"ဖယ်စမ်း ... မတွဲနဲ့ ... ဒီလောက်က ငါ့အတွက် အသေးအမွှားပဲ"

သူ ... လုံးဝ မကျေနပ်။ မှုံ့ကို ဖယ်ပစ်သည်။

ရောဂါဝေဒနာသည် တစ်ယောက်ဖြစ်လို့ မင်းလိုက်လျောနေတာ မဟုတ်လား။

ငါ သိတယ် ... အချစ်မပါဘဲ မင်းက ငါ့ကို လက်ထပ်တော့မယ် မဟုတ်လား မှုံနဲ့သာ။

သူ ထသည်။ တစ်ခါမှ မသောက်ဘူး။ ခေါင်းထဲမှာ ချာချာ



www.burmeseclassic.com

www.burmeseclassic.com



လည်အောင် မူးနေသည်။ ဒယိမ်းဒယိုင် ဖြစ်နေ၏။

"ကိုကို ကားမမောင်းနဲ့နော် ... ကျွန်မ မောင်းမယ်"

"ဖမ်းစမ်းပါ ... မင်းက ငါ့ကို အထင်သေးတာလား"

ကိုကို ခေါင်းမာစွာဖြင့် ကားကို မောင်းဖို့ ပြင်နေသည်။

မဖြစ်နိုင်။ အရမ်းမူးနေသည်။ ကိုကို တစ်ကြိမ်တစ်ခါမှ အရက်မသောက်ဘူးကြောင်း သူမ သိထား၏။

"မင်းက ငါ့ကိုမူးနေပြီ ထင်လား ... မှိန်နိုသာ ... ဖယ်၊ ငါ မောင်းပြမယ်"

"ကိုကိုရယ် ... ကျွန်မ တောင်းပန်ပါတယ် ... လုံးဝကား မောင်းလို့ မဖြစ်နိုင်ပါဘူး"

"မောင်းမယ်ကွာ ... မင်း ငါ့ကို အထင်သေးတာပဲ"

ကိုကိုက ဇွတ်အတင်းတက်ပြီး မောင်းနေတော့သည်။ သူမ တားဆီးဟန့်တားခြင်းတွေ လုံးဝ မလုပ်တော့။ မတားနိုင်။

ကိုကို့ဆန္ဒတွေကို ကျွန်မ ဘယ်တော့မှ ဆန့်ကျင်မှာမဟုတ်။

တစ်ချက် တစ်ချက် ... စီယာတိုင်ချော်သွား၍ သူမ တည့် မတ်ပေးခဲ့ရသည်။ ဇွတ်တရွတ် လုပ်တတ်တဲ့ အလေ့အကျင့်တွေက ကိုကို့ဆီမှာ ရှိနေသည်။

ကိုကိုသည် အမြဲတမ်း အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်ခဲ့၏။ သူမ မျက်ဝန်းတွေကို စုံမှိတ်ထားသည်။ ဖြစ်ချင်ရာဖြစ်ပါစေတော့။

ကံကောင်းသည်။ ကားက ဘာမှမဖြစ်ဘဲ အိမ်သို့ရောက် လာတော့၏။ ကိုကို့ကို မြင်တော့ ဒေါ်နှင်းသက်ပင် တအံ့တဩ





ဖြစ်ရသည်။

"မောင်ခန့်ထယ် တစ်ခါမှ အရက်မသောက်ဖူးပါဘူးကွယ်၊ ဘယ်လိုဖြစ်လာတာလဲ မှူးရယ်"

သူမ ... ဘာမှ မရှင်းပြချင်တော့။

ဒေါ်နှင်းသက်က ကိုကို့ကို တွဲပြီး အိပ်ခန်းထဲ ပို့ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"မောင်ခန့်ထယ်က မှုံ့ကို လက်ထပ်မယ် ဟုတ်လား"

သူမ ... ခေါင်းညိတ်ပြလိုက်မိသည်။ နှုတ်ခမ်းသားတွေက ဖွင့်မရ၊ လှုပ်ရှားမရ၊ ငြိမ်သက်နေသည်။

"မှုံ့ကရော"

"လက်ခံလိုက်တယ်"

"ဟင် ... မောင်မြတ်နိုး အတွက်ရော"

"မောင်က နားလည်မှုတွေရှိပါတယ် ဒေါ်သက်"

"ဟင်"

မောင်နှင့်ရှင်းလင်းပြီးကြောင်း ပြောလိုက်တော့ ဒေါ်နှင်းသက် အံ့ဩနေမိသည်။

"မောင်မြတ်နိုးက သဘောထားပြည့်ဝလိုက်တာ"

မောင်ခန့်ထယ် ဘယ်လိုလုပ်ပြီး စိတ်သဘောထားပြောင်းလဲသွားရတာလဲ။

"မောင်ခန့်ထယ်က ဘာဖြစ်လို့များ စိတ်သဘောထား





ပြောင်းလဲသွားရတာလဲ"

"မသိဘူး"

"မှုံ့လေးကို လက်ထပ်ခွင့် တောင်းလိမ့်မယ်လို့ ဒေါ်သက် တကယ်ပဲ မထင်မိဘူး"

မှုံ့ကလည်း လက်ခံခဲ့သည်။

"မှုံ့ ငြင်းဆန်ခွင့်ရှိသားပဲဟာ"

"ကျွန်မက ကိုကို့ကို ပေးဆပ်တာပါ ... ကိုကို့ကျေးဇူးတရားတွေက ကျွန်မထံမှာ အများကြီးပဲ"

"မှုံ့ရယ် ... သမီးလေးက လက်ထပ်ဖို့ လက်ခံပါလျက်နဲ့ ဘာဖြစ်လို့ မောင်ခန့်ထယ် အရက်တွေ သောက်လာရတာလဲ"

"ကိုကိုက ကျွန်မနှလုံးသားတွေထဲက အချစ်တွေ လိုချင်တာတဲ့"

"ဟင်"

မောင်ခန့်ထယ် အတ္တကြီးလွန်းသည်။ မောင်မြတ်နိုးလို ယောက်ျားတစ်ယောက်ကို ရွေးချယ်တာ မမှားပါဘူး။ မှန်တာပဲ။

မှုံ့လေးအား မောင်ခန့်ထယ် ချစ်တယ်တဲ့။ မဖြစ်နိုင်တာဘဲ။

မောင်ခန့်ထယ်က မှုံ့လေးအပေါ် တည်တည်တံ့တံ့ ဆက်ဆံခဲ့သည်။ ချစ်ခင်ဟန် မပြခဲ့။

"မောင်ခန့်ထယ် ဘာဖြစ်သွားတာလဲ"

ချစ်သူ ရှိနေတဲ့ မိန်းကလေးတစ်ယောက်အား မောင်ခန့်ထယ်အနေနှင့် အတင်းအကျပ် လုယူခဲ့သလို ဖြစ်နေတာပဲ။

ဒီလို အရှက်သိက္ခာမဲ့သော ကိစ္စမျိုးကို မောင်ခန့်ထယ် လုပ်



www.burmeseclassic.com

www.burmeseclassic.com



ညော်မထင်မိ။ နားမလည်နိုင်ပေ။

"ကိုကိုက ကျေးဇူးဆပ်တာမျိုး မလိုချင်ဘူးတဲ့ ... မောင်နဲ့ ကျွန်မက သိပ်ချစ်ကြတဲ့ချစ်သူတွေပဲ ဒေါ်သက် ... ကိုကို့ကို ကျွန်မ ချစ်ဖို့ဆိုတာ မဖြစ်လာနိုင်ဘူး"

မှုံ့ ရင်တွင်းက ခံစားချက်တွေပဲ ဖြစ်သည်။ ကိုကို့ကို ပေးဆပ်တာ။ ကျေးဇူးကန်းတဲ့ မိန်းမတစ်ယောက်အဖြစ်တော့ အရောက်မခံနိုင်။

"မှုံ့"

"ရှင်"

"အလုပ်ကရော"

"ကိုကိုက ဆက်လုပ်ခွင့်ပေးပါတယ် ... ဒါပေမယ့် အမြဲတမ်း စောင့်ကြည့်ခြင်းခံနေရတဲ့ဘဝပါ ဒေါ်သက်"

ဒေါ်နှင်းသက်ကတော့ မောင်ခန့်ထယ်အား ဖျောင်းဖျကြည့်ဖို့ ဆုံးဖြတ်ထားမိသည်။

"ကိုကို့ကို မှုံ့ ချစ်သူတစ်ယောက်အနေနဲ့တော့ မချစ်ဘူး"

မှုံ့ ပြန်ထွက်လာခဲ့သည်။ ကိုကိုသည် သူမအပေါ် မရိုးသားစွာ ဆက်ဆံခဲ့ခြင်းသာ ဖြစ်၏။ ကျွန်မကို ချစ်လို့လား။ မနာလိုဝန်တိုစွာ သူမအား သိမ်းပိုက်လိုက်တာလည်း ဖြစ်နိုင်သည်။

မောင် ... ကျွန်မ ခံစားနေရတယ်။ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကိုကို့အပေါ် ကျွန်မ ပေးဆပ်မယ်။

ကျေးဇူးတရားကို သိတတ်တဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်ချင်တယ်။





သူမ ... အိပ်၍မပျော်။ ကိုကို မူးပြီးအိပ်နေတာ စိတ်ထဲမှာ ပူလောင်ပြီး မကြာခဏ ထကြည့်မိသည်။

"ဟင်း ဟင်း"

"ဟင်း"

ကိုကို ညည်းညူနေသည်။ ကိုယ်ကတော့ မပူပေ။

အမူးလွန်ပြီး အိပ်နေခြင်းဖြစ်၍ သူမ ထွက်လာခဲ့သည်။

နောက်နေ့တွင် ... သူမနှင့် လက်ထပ်ဖို့ အစီအစဉ်တွေကို ကိုကိုက စတင်ပြောလာသည်။

"ဒီနေ့ပဲ တရားရုံးမှာ လက်ထပ်ကြမယ် မှုံ့"

"ရှင်"

သူမ ... အံ့ဩတုန်လှုပ်သွားမိသည်။ တကယ်တမ်း ... ကိုကိုနှင့် တရားဝင် လက်ထပ်ရမယ်ဆိုတော့လည်း သူမ အနေနှင့် တုန်လှုပ်ချောက်ချားသွားမိတာ အမှန်ပဲဖြစ်သည်။

"ဘာလဲ ... မင်းကြောက်နေတယ် မဟုတ်လားမှုံ့ ... တကယ်တမ်းကျတော့ မင်းတွန့်ဆုတ်နေပြီ မဟုတ်လား"

ကိုကို့အကြည့်တွေက သူမထံ ဆတ်ခနဲ ရောက်လာသည်။ ခက်ထန်မာကျောတဲ့ မျက်ထောက်နီကြီးတွေနှင့် ကြည့်နေသည်။

"မှုံ့နဲ့သာ"

"ရှင်"

"မင်း လက်ထပ်ချင်တာ ဒေါက်တာမြတ်နိုး မဟုတ်လား"

"ရှင်"

"ဘာရှင်လဲ ... ပြောစမ်း ... မင်းချစ်တာ သံယောဇဉ်ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ချင်တာ ဒေါက်တာမြတ်နိုးပဲ မဟုတ်လား”

သူမ လက်မောင်းတွေကို တင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ထားသည်။

“မှုံနှံ့သာ”

“အား”

သူမ နာကျင်စွာဖြင့် အော်ပစ်လိုက်မိသည်။ ကိုကိုက မလွှတ်။

“ပြောလေ”

“ကျွန်မ ... ကျွန်မ ကိုကိုနဲ့လက်ထပ်ဖို့ ကျေကျေနပ်နပ် လက်ခံခဲ့တာပါ။ မောင် ... အဲ ... ဒေါက်တာမြတ်နိုးနဲ့ မပတ်သက်တော့တဲ့အကြောင်း ပြောထားပြီးပါပြီ”

“ဘာ ... နင်နဲ့ဒေါက်တာမြတ်နိုး လူချင်းတွေ့ပြီးကြပြီလား”

သူမ ... အပြောမှားသွားသည်။ ဒေါသတကြီး ပြောနေတဲ့ ကိုကို့ကို အထိတ်တလန့် ကြည့်မိ၏။

“ပြောလေ”

“မတွေ့ပါဘူးကိုကို ... ဖုန်းနဲ့ပြောတာပါ”

“နင် မလိမ်ပါနဲ့”

“တကယ်ပြောတာပါ ကိုကို ... ကျွန်မ လက်တွေကိုလွှတ်ပါ”

သူမ လက်မောင်းဖြူဖြူအိအိလေးပေါ်တွင် ကိုကို့လက်ချောင်းရာတွေက ညိုမည်းစွာဖြင့် ထင်ရှားနေသည်။

“မှုံ ... ကိုကို မှားသွားတယ် ... မင်းကို ဒီလောက်အထိ





ဒေါသတကြီး မဆက်ဆံသင့်ဘူး”

ကိုကို မင်းကို ချစ်လို့ပါ။ မြတ်နိုးလို့ပါ။

မှုံနှံ့သာဆိုတဲ့ မင်းကို တွေ့တွေ့ချင်းပဲ ကိုကို ချစ်မြတ်နိုးမိသည်။ အရူးအမူး ချစ်မိတယ်။ ကိုကို့မှာ အရက်တွေ သီကွာတွေ ဘာတစ်ခုမှ မရှိတော့ဘူး။

အဲဒါ ... မင်းကို ချစ်လို့။

“ကြည့်စမ်း ... မှုံ့လက်မောင်းမှာ အညိုအမည်းစွဲသွားပြီ၊ အရမ်းမှားသွားတယ်”

သူ့စိတ်တွေထဲမှာ စိတ်ထိခိုက်ကြေကွဲမှုတွေ ခံစားသွားရသည်။ စိတ်လိုက်မာန်ပါ လုပ်မိ၏။

“မှုံ”

“ရှင်”

“ကိုကို တောင်းပန်ပါတယ် ... မင်းနဲ့ပတ်သက်လာရင် ကိုကို့စိတ်တွေ ဆောက်တည်ရာမရ ဖြစ်လာတယ် ... မင်းရဲ့အချစ်တွေ သံယောဇဉ်တွေက ကိုကို့တစ်ယောက်တည်းမှာပဲ ရှိနေစေချင်တယ်”

ကိုကိုက သူမကိုယ်လုံးလေးကို ပွေ့ဖက်ထားသည်။

“မှုံ ဘာဆေးထည့်မလဲ ... ဆေးခန်းသွားမလား၊ ကိုကို ဘာလုပ်ပေးရမလဲ”

“ဘာမှမဖြစ်ပါဘူးကိုကို ... ခဏကြာရင် ပျောက်သွားမှာပါ”

ကိုကို့ထံက်မှ အေးအေးဆေးဆေးဖြစ်သွား၍ သူမ စိတ်သက်သာရာ ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှုံ"

"ရှင်"

"ကိုကိုတို့ ဒီနေ့ပဲ တရားရုံးမှာ လက်မှတ်သွားထိုးကြမယ် နော်"

"ကိုကို့သဘောပါပဲ"

"မင်း သဘောကရော ..."

ကိုကို့ရှေ့မှာ စကားမမှားအောင် သတိထားပြီး ပြောနေရသည်။ ဒါတောင် ... အဆင်ကမပြေချင်။

"ပြောလေ"

"ကိုကို့ဆန္ဒတွေက ကျွန်မဆန္ဒတွေပါပဲ"

"မင်း စိတ်မပါပါဘူး မှုံနှံ့သာ ... ကိုကိုသိတယ် ... မင်း မလွဲသာ မရှောင်သာလို့ လိုက်လျောနေတာ၊ မင်းမျက်လုံးတွေထဲမှာ ပျော်ရွှင်တက်ကြွမှု လုံးဝမရှိဘူး"

ကိုကို့ရဲ့စွပ်စွဲချက်တွေကို သူမ ဘယ်လိုဖြေရှင်းရမှန်း မသိတော့။ မှုံ ပြောသမျှ အထအနကောက်ပြီး ကိုကို လိုက်ပြောနေသည်။ သေချင်လာရ၏။

ကိုကို ကျေနပ်အောင် သူမ ဘယ်လိုပြောရမှန်းမသိ။

"မင်း ... မင်း ... ငါ့ကိုမချစ်ဘူး မုန်းနေတယ် မဟုတ်လား၊ ရှုံနေတာ မဟုတ်လား"

"မဟုတ်ရပါဘူး ကိုကိုရယ် ... ကျွန်မဘဝမှာ ကိုကိုပဲ အစိက အကျုံဆုံးပါ"

သူ ကြားချင်တာက ကိုကို့ကို အချစ်ဆုံးဟုပင် ဖြစ်သည်။





မပြောပေ ... မှုံနှံ့သာ ချစ်နေတာက ဒေါက်တာမြတ်နိုးဆိုတာ သေချာသည်။ မင်းချစ်တာ မြတ်နိုးပဲ။

"မင်း ... မင်း ... ကိုကို့ကို အချစ်ဆုံးလို့ ဘာဖြစ်လို့မပြောတာလဲ ... မပြောချင်တာ မဟုတ်လား"

သူမ ... ငိုပစ်ချင်လာမိသည်။ အင်အားတွေ မဲ့လာ၏။

ကိုကို့အကြည့်အောက်မှာ သူမ ခန္ဓာကိုယ်လေး မီးလောင်ပြာကျမတတ်ပင်။

"သွားစမ်း ... မင်း ထွက်သွားစမ်း"

သူ ... အော်ဟစ်နေမိသည်။ သူမကို မောင်းထုတ်ပစ်မိ၏။ ဆောက်တည်ရာမရအောင် ပေါက်ကွဲပစ်ချင်နေမိသည်။

"မောင်ခန့်ထယ်"

"ဒေါ်သက်"

"ဘာဖြစ်လို့ ဒေါသတွေ ကြီးနေရတာလဲကွယ်"

ဒေါ်နှင်းသက် မောင်ခန့်ထယ်ကို ရောဂါရှိနေ၍ သတိထားပါဟု မပြောရဲပေ။ အရင်ကနှင့်မတူ။ နေရာတကာ စိတ်တိုင်းမကျတဲ့ ဒေါသတကြီး ဖြစ်နေသည်။

"ဒေါ်သက်"

"ပြောလေကွယ်"

"ကျွန်တော့်ကို ဖေဖေက ကတိတစ်ခု တောင်းထားတယ်လေ ... ဘာလဲဆိုတော့ မှုံနှံ့သာကို လက်ထပ်ဖို့ပဲ"

"မှုံက ပြောပါတယ်"

"မှုံက ဘာပြောလဲ ... ဒီကောင်မလေး ကျွန်တော့်ကို မချစ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ လက်ခံတာ ... မနှစ်သက်ဘဲ သဘောတူတာ"

လူကြီးတွေ စီစဉ်ထားတာလည်း ဖြစ်နိုင်သည်။ မောင်ခန့်ထယ်က မှုံနှံ့သာအား ချစ်သူယောကျ်ားလေး မထားဖို့ မှာခဲ့၏။

"မောင်ခန့်ထယ် ... မှုံနှံ့သာကို မင်း မနှစ်သက်ရင်လည်း လက်မထပ်ပါနဲ့ကွယ်"

"ဘာပြောတယ် ဒေါ်သက် ... မှုံက ကျွန်တော့်ကို မနှစ်သက်လို့လား"

"မောင်ခန့်ထယ် စိတ်အနှောင့်အယှက်တွေ မဖြစ်စေချင်လို့ပါ"

ကျွန်တော် ချစ်နေတာဟု သူ ပြောချင်သည်။ နှစ်သက်မြတ်နိုးလို့ ကျွန်တော် ဒီလောက်အထိ ခံစားနေရတာ။

"လူကြီးတွေစကားကို ကျွန်တော် မပယ်ရှားဘူး ... ဖြစ်အောင်လုပ်မယ်"

"မောင်ခန့်ထယ် ဖြစ်စေချင်တာတွေ မှုံ့ လိုက်လျောတယ် မဟုတ်လား"

"ဒေါ်နှင်းသက်"

"ပြောပါ မောင်ခန့်ထယ်"

"ကျွန်တော် မှုံ့ကို ဒီနေ့ပဲ လက်ထပ်မယ်"

"မောင်ခန့်ထယ်က လူကြီးလူကောင်းတစ်ယောက် ဖြစ်နေတယ်လေ ... အေးအေးဆေးဆေး စီစဉ်စေချင်တယ်"

"မဖြစ်ဘူး ... ဒီကောင်မလေးကို ကျွန်တော် မယုံဘူး။ အခုချက်ချင်းပဲ တရားရုံးမှာ လက်ထပ်မယ်"





"မှုံ့မှာလည်း ဂုဏ်သိက္ခာတွေရှိသေးတယ်လေ မောင်ခန့်ထယ်"

"ကျွန်တော် ဘာမှမစဉ်းစားချင်ဘူး ... အရေးကြီးတာက ဒီကောင်မလေး ကျွန်တော့်အနားမှာ ရှိနေဖို့ပဲ"

မောင်ခန့်ထယ်က မှုံစွန့်ခွာသွားမှာ စိတ်ပူနေတာ ဖြစ်နိုင်သည်။ ကျန်းမာရေးကြောင့် မှုံ့ကို သူ့အနားမှာ ရှိနေစေချင်တာလား။

"မှုံက မောင်ခန့်ထယ်ကို ချစ်ပါတယ် ... သံယောဇဉ်လည်းကြီးပါတယ်"

"ကျွန်တော် မယုံဘူး"

ဒေါ်နှင်းသက် မပြောတော့။

"ဒေါ်နှင်းသက် ကောင်မလေးဆီသွားပြီး ပြင်ဆင်ခိုင်းထားပါ ... ကျွန်တော်တို့ ဒီနေ့ပဲ တရားရုံးကို သွားကြမယ်"

"အေး ... အေး"

"ဒေါ်နှင်းသက်လည်း လိုက်ခဲ့ပါ"

"အေးကွယ်"

မောင်ခန့်ထယ် ဆန္ဒတွေပြည့်စေရန်ပဲ လုပ်သင့်သည်။ မိမိငယ်စဉ်လေးတည်းက ကျွေးမွေးစောင့်ရှောက်ထားခဲ့ရသော ကလေးတွေပဲ ဖြစ်နေရ၏။ သံယောဇဉ် ကြီးရသည်။

"ကျွန်တော် ကားပေါ်ကနေ စောင့်နေမယ်"

မောင်ခန့်ထယ် ဒီလောက်အထိ အလောတကြီး မဖြစ်သင့်ပေ။ လူကြီးလူကောင်းတွေပဲ။ မှုံလေးရဲ့ အသိုင်းအဝိုင်းနှင့် ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာတွေကလည်း ရှိသေးသည်။

"မို့ အဝတ်အစားလဲပြီး ပြင်လေ ... မောင်ခန့်ထယ်က လက်ထပ်ဖို့ကိစ္စတွေ ဒီနေ့ပဲ စီစဉ်ချင်တယ်တဲ့"

"ကျွန်မ သိပါတယ်"

မို့ မငိုချင်။ ဘာပဲဖြစ်ဖြစ် ... ကိုကိုနှင့်သူမ လက်ထပ်ပွဲက အေးချမ်းပျော်ရွှင်စွာပဲ ပြီးမြောက်စေချင်သည်။

"ကိုကိုက ကျွန်မအပေါ် အထင်လွဲနေတယ် ဒေါ်သက် ... ကျွန်မ ဘာမှမတတ်နိုင်ဘူး၊ ကိုကို့ကို စိတ်ချမ်းသာစေချင်ပါတယ်"

သူမ ... ကိုကို့မျက်စိထဲမှာ အမြင်မတော် မဖြစ်စေလိုပေ။ သတိထားနေရသည်။

"အဆင်ပြေလား ဒေါ်သက်"

"ပြေပါတယ်ကွယ် ... သွားစို့နော် မြန်မြန်လာ"

သူမဘဝအတွက် အရေးကြီးသော ပြောင်းလဲခြင်းများဖြစ်ရတော့မည် ဖြစ်သည်။ မောင့်ကို သတိရမိ၏။

သူမ နှလုံးသားတွေထဲတွင် နာကျင်စူးရှသော ဝေဒနာတွေ ခံစားလာရသည်။

"မောင် ကျွန်မကို မျှော်လင့်မနေစေချင်တော့ဘူး"

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

အခန်း ( ၁၆ )

"မို့ ... ရှင် ကိုကိုနဲ့ လက်ထပ်လိုက်ပြီ ဟုတ်လား"

"အင်း"

"မြန်လိုက်တာ ... ကိုခန့်ထယ်က ရှင့်ကိုဂုဏ်သိက္ခာမဲ့စေရတာလဲ"

မြသီတာ မကျေနပ်။ အခမ်းအနားမရှိဘဲနှင့် ဂုဏ်သရေရှိသော မိန်းကလေးကို လက်ထပ်ယူခဲ့သည်။

ချမ်းသာကြွယ်ဝပြီး ဂုဏ်သိက္ခာကြီးမားသော ယောက်ျားတစ်ယောက်အနေနှင့် ထိုကဲ့သို့ မလုပ်သင့်ဟု ထင်မိ၏။ မြတ်နိုးကို သနားသည်။

"မြတ်နိုးကို သနားပါတယ်ဟယ် ... သူ ကြားရင် အရှမ်းကြေကွဲမှာပဲ ... ရှင် မတရားဘူး မို့"

"မတတ်နိုင်ဘူးလေ"

"ကိုခန့်ထယ်ကို ဒီလိုအလုပ်မျိုး လုပ်မယ်လို့ မထင်မိဘူးဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် တရားရုံးတွင် ဒေါ်သက်ကို သက်သေထားပြီး လက်ထပ်ကြသည်။

"အခမ်းအနား မလုပ်တော့ဘူးလား မှို့"

"မလိုပါဘူး ... မှို့လည်း မလုပ်ချင်ဘူး"

"မှို့"

"ရှင်"

"ရှင် ဘာဖြစ်လို့ အလွယ်တကူ လက်ခံလိုက်ရတာလဲ"

"ကိုကို့ဆန္ဒတွေကို ဖြည့်ဆည်းပေးချင်တာလေ"

"မြတ်နိုးအတွက်တော့ ရှင် ထည့်စဉ်းစားသင့်ပါတယ်မှယ်"

"ကိုကိုက ကျန်းမာရေးမကောင်းဘူး၊ မှို့က ဆရာဝန် ... မောင်လည်း ဆရာဝန်တစ်ယောက်ပဲ မဟုတ်လား"

"အင်းလေ ... ရှင့်ဘက်ကကြည့်တော့လည်း မှန်နေတာပဲ"

မြသီတာကတော့ မှို့ရဲ့အနစ်နာခံတတ်တဲ့စိတ်တွေ ရိုးသား ဖြူစင်တဲ့ နှလုံးသားတွေရှိနေခဲ့တာ သိနေသည်။ အပြစ်မတင်ချင် တော့။

"ရှင့်ကိုလည်း သနားတယ် ... ရှင့်ဘက်ကကြည့်တော့လည်း မဖွဲ့မရှောင်သာဘူး မဟုတ်လား မှို့"

သူမ ... ငြိမ်သက်နေမိသည်။ မောင် ဘာပြောမလဲ။

ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲတွေကို ကိုကို မလုပ်ပါ စေနဲ့ဟု သူမ ဆုတောင်းနေရသည်။ မောင့်ကို စိတ်အနှောင့်အယှက် တွေ ထပ်မပေးချင်၍ ဖြစ်၏။





"မှို့ဘဝက ပြီးဆုံးသွားပြီလေ မြသီတာ ... ကိုကို့ရဲ့ဇနီးတစ် ယောက်အဖြစ် တာဝန်တွေ ကျေပွန်ရတော့မယ် မဟုတ်လား"

"အင်းလေ ... မှို့ဘဝအတွက် အဆင်အပြေဆုံး နည်းလမ်း တစ်ခုကို ရှင် ရွေးချယ်သင့်တာပဲ"

"မြသီတာ ... ကျွန်မကို ရှင်နားလည်ပေးတာ ကျေးဇူးတွေ အများကြီးတင်ပါတယ်ကွာ"

"ကျုပ်က အပြစ်တင်နေရင် ရှင် ပိုပြီးစိတ်အနှောင့်အယှက် ဖြစ်နေလိမ့်မယ်ဆိုတာ တွေးမိသွားတယ်မှို့"

"ကျေးဇူးပဲ"

"မှို့"

"ပြော"

"ကိုကိုနဲ့ ရှင် အတူနေပြီလား"

"ဟင့်အင်း"

"ဘာ"

"ကိုကိုက ကျွန်မကို ပိုင်ဆိုင်ထားချင်တာ တစ်ခုပဲတဲ့"

"အင်းလေ ... သူ့အနားမှာ စောင့်ရှောက်ပြုစုပေးဖို့တစ်ခုပဲ ထင်တယ်"

မြသီတာကတော့ ကိုကို့ကို ပြစ်ပြစ်နှစ်နှစ် ဝေဖန်နေတတ် သည်။ မကျေမနပ်လည်း ဖြစ်နေ၏။

"ရှင့်ဘဝကို အညွန့်တုံးပစ်လိုက်တာပဲ"

သူမ ရင်ထဲမှာတော့ ပြောချင်တဲ့ဆန္ဒတွေ ကုန်ခန်းနေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုကို ... ဘာသဘောလဲ။ လက်ထပ်ပြီး အတူမနေ။

ဘာကြောင့်လဲဆိုတာ သူမ လုံးဝစဉ်းစားမရ ဖြစ်နေသည်။ သူမကတော့ ကိုကို့ဆန္ဒပဲ ... ကိုကို့ဆန္ဒအတိုင်းပဲ ဆိုတာကိုပင် မကျေမနပ် ဖြစ်နေတာလား။

ကျွန်မ မောင့်ကိုချစ်တယ်။ တမ်းတမနေသင့်တော့ဘူးဆိုတာ သိပေမယ့် သတိရနေတယ်။ ကြေကွဲနေသည်။

ကိုကို့ကိုလည်း သံယောဇဉ်ကြီးမားစွာ တွယ်တာမိ၏။ သူမအနေနှင့် ကိုကို့အနားမှာ ထာဝရရှိနေသင့်သည်။ ပေးဆပ်ရမှာပဲလေ။

"ကာရင် ... ရင်"

ဖုန်းသံ မြည်လာသည်။ သူမ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားကာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဖုန်းခွက်ကို ကြည့်မိနေသည်။ မြသီတာက ဖုန်းကိုင်၏။

"ရှင်"

"ဟင်"

"မြတ်နိုးလေ"

မပြောသင့်တော့ဘူးဟု သူမ တွေးတောမိလိုက်သည်။

"ဟင့်အင်း"

"ရှင် ... မစိမ်းကားပါနဲ့၊ မြတ်နိုးက တည်ငြိမ်ရင့်ကျက်တဲ့ လူကြီးလူကောင်းတစ်ယောက်ပါ မှန်ရယ်"



မြသီတာက ဖုန်းခွက်ကို ဖွတ်အတင်း ထိုးပေးသည်။ သူမ တွန့်ဆုတ်နေမိ၏။ ကိုကို့အပေါ် သစ္စာရှိရမယ်ဆိုတာ အသိတွေ ဝင် လာသည်။

"ကိုကို သိသွားရင် မလွယ်ဘူး မြသီတာ ... ရှင်ပဲ ပြောလိုက်ပါ၊ ကျွန်မ မောင်နဲ့ ရင်မဆိုင်ရဲဘူး"

မောင့်မေးခွန်းတွေကို သူမ ဖြေနိုင်စွမ်း ရှိမှာမဟုတ်။

သူမ အသံတွေလည်း ထိန်းချုပ်၍ မရနိုင်ပေ။ ပြီးဆုံးသွားပြီပဲ။ သူမက ကိုကို့ဇနီး ...

မောင့်ဘက်က သူမအား အပြစ်တင်မှာ မဟုတ်တာလည်း သူမ သိထားပြီးသား ဖြစ်သည်။

"မြတ်နိုး ... ရှင် ဘာပြောမလို့လဲ၊ မှန်ကတော့ ရှင်နဲ့ရင်မဆိုင်ချင်ဘူးတဲ့"

မြသီတာက သူ့ကိုပြန်ပြောနေသည်။

"ရှင် ပြောစရာရှိတာတွေ ပြောခဲ့လေ မြတ်နိုး"

သူမ ... ရင်ထိတ်နေမိသည်။

"မိတ်ဆွေတစ်ယောက်အနေနဲ့ ဟုတ်လား ... အင်း ... မြသီတာ မေးကြည့်ပေးမယ်"

မြသီတာက သူမဘက်သို့ ဆတ်ခနဲ လှည့်ကြည့်သည်။

"ရှင် ... ကြားလား"

"အင်း"

"ပြောလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးတော့မှာလဲ"

"နောက်ဆုံးအနေနဲ့ မြတ်နိုး ကျေနပ်အောင် ရှင်ပြောသင့်တယ်"

မြသီတာက ဖွတ်အတင်းပင် ပြောဖို့ တိုက်တွန်းနေသည်။

သူမ အတန်တန် ငြင်းဆန်၏။ မရပေ ...

"မိတ်ဆွေအဖြစ်နဲ့ပဲဟာ ... နောက်ဆုံးအနေနဲ့ဖြစ်ဖြစ် ပြောပါ"

သူမ တုန်ယင်တဲ့ လက်လေးများဖြင့် ဖုန်းခွက်ကို လှမ်းယူလိုက်မိသည်။

"မှုံ"

"ရှင်"

"မင်း လက်ထပ်လိုက်ပြီ မဟုတ်လား"

"ဟုတ်တယ် ကိုမြတ်နိုး"

"မောင်လို့တောင် မခေါ်တော့ဘူးလား မှုံ"

"ကျွန်မတို့ မိတ်ဆွေတွေအဖြစ်ပဲ ဆက်ဆံကြရမယ်လေ"

"မှုံ့ကို လေးစားပါတယ် ... မင်းလုပ်သင့်တဲ့ အလုပ်တစ်ခုကို လုပ်လိုက်တာပဲ ... တစ်ခုပဲ တောင်းပန်ချင်တာက ကိုယ့်ကို မိတ်ဆွေတစ်ယောက်အဖြစ် ဆက်ပြီး ခင်မင်ခွင့်ပြုစေချင်တာပါ"

"ကျွန်မတို့နှစ်ယောက် သူစိမ်းတွေအနေနဲ့ နေကြတာ အကောင်းဆုံးပါပဲ ကိုမြတ်နိုး"

"မှုံ အဲဒီလောက်အထိ ရက်စက်တော့မှာလား ... ကိုယ့်



အနေနဲ့ မှုံ့ကို အများကြီး နားလည်မှုပေးထားပြီးပြီပဲ"

မောင့်အသံတွေက ကြေကွဲဆို့နင့်စွာ ဟန်ဆောင်ဖုံးကွယ်နေခြင်းဖြစ်ကြောင်း သိသာလွန်းနေသည်။

"ကျွန်မဘဝကို ရှင်နားလည်ပေးတာပဲ ကျေးဇူးအများကြီးတင်ပါတယ်နော်"

"အင်းလေ ... မှုံ့ဆန္ဒတွေက ကိုယ့်ဆန္ဒပါပဲ ... မင်းစိတ်တွေ အေးချမ်းပျော်ရွှင်လွတ်လပ်နေတာပဲ ကိုယ်မြင်ချင်တာပါ"

သူမ ဖုန်းခွက်လေးကို အသာအယာ ချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

သူမနှင့်ဒေါက်တာမြတ်နိုး အကင်းဆုံးနေတာပင် ကိုကိုက သံသယမျက်ဝန်းတွေနှင့် စောင့်ကြည့်နေတတ်သည်။

ကိုကို့မျက်ဝန်းတွေအောက်မှာ သူမ အနေကျဉ်းကျပ်ခဲ့၏။ စိတ်သောကတွေ ရောက်ခဲ့ရသည်။

"မင်း အလုပ်တာဝန်တွေကနေ ထွက်ဖို့ ဘာဖြစ်လို့ လက်မခံချင်ရတာလဲ မှံ"

သူမ အလုပ်တွေကို သူမ အနေဖြင့် ကောင်းမွန်မြင့်မြတ်သော အလုပ်ဟု ခံယူသတ်မှတ်ထားတဲ့အပြင် ဝါသနာလည်း ကြီးမားခဲ့မိသည်။

ကိုကို မတရားတာပဲ။ အတ္တကြီးတာပဲ။

"မင်း အလုပ်ကထွက်ရမယ် ... ငွေရှာစရာမလိုအပ်ဘဲ မြတ်နိုးနဲ့ ပတ်သက်ချင်လို့ မင်း တမင်သက်သက် လုပ်နေတာ"

"မဟုတ်ပါဘူး ကိုကို ... ကျွန်မနဲ့မြတ်နိုး မိတ်ဆွေအဆင့်တောင် မပတ်သက် မဆက်ဆံကြတော့ပါဘူး"





သူမ ... အမှန်အတိုင်းပဲ ပြောမိသည်။ မောင်နဲ့သူမ ရိုးရိုးသားသားနှင့် နှုတ်ဆက်စကားပြောခြင်း မရှိကြ။ ရှောင်နေကြသည်။

သူမ စိတ်အနှောင့်အယှက်ဖြစ်မှာစိုး၍ မောင်ကိုယ်တိုင်ပင် မလာတော့။ မောင့်နားလည်မှုကြောင့် သူမစိတ်သက်သာမှု ရခဲ့သည်။

သူမအနေနှင့် ကိုကို့အပေါ် ဓနီးကောင်းပီသစွာ ပြုစုခဲ့၏။ တာဝန်ကျေမိသည်။

"မင်းကို ငါလက်ထပ်ခဲ့တာ ငါ့အနားမှာ ထာဝရရှိနေဖို့ပဲ မှံနှံသာ"

သူ ... သဝန်ကြောင်နေမိသည်။ မှံ့အား သူ့မျက်စိအောက်မှ အပျောက်မခံနိုင်အောင် ဖြစ်နေမိ၏။

ကိုကို ချစ်လို့ပါ မှံ ... မြတ်နိုးလို့ပါ။ မင်းကို စိတ်မချဘူး။

အချစ်တွေ ... မင်း နှလုံးသားတွေထဲက အချစ်တွေ ကိုကို မရနိုင်ပါဘူး။ မင်းအနေနဲ့ မလွှဲသာမရှောင်သာလို့ လက်ထပ်ခဲ့တာ မဟုတ်လား။

ပေးဆပ်တာလား။ အနစ်နာခံတာလား။ အဲဒါတွေအားလုံး ငါ လုံးဝ လက်မခံနိုင်တဲ့အချက်တွေပဲ မှံနှံသာ။

မင်း နှုတ်ခမ်းသားတွေဆီက ကိုကို့ကို ချစ်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းတလေတောင် မပြောခဲ့ဘူး မဟုတ်လား။

"မှံ"

"ရှင်"

"မင်း အလုပ်ကနေထွက်ပါ ... စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မင်းဘဝမှာ အလုပ်လုပ်ဖို့မှ မလိုအပ်တာဘဲဟာ"

"ကိုကိုမှားနေပြီ ... မှုံ ဒီအလုပ်လုပ်တာ ငွေကြေးကြောင့်မှ မဟုတ်တာဘဲ၊ ဝါသနာပါလို့ရမယ်၊ ကုသိုလ်ရတဲ့ အလုပ်ဖြစ်နေတယ်လေ ... လူ့အသက်တစ်ချောင်း ကယ်ခွင့်ရတယ် မဟုတ်လား"

မင်း ငါ့ကို လက်ထပ်တာရော လူ့အသက်တစ်ချောင်း ကယ် တာလား။

"ကောင်းပြီလေ ... မင်းက လူ့အသက်တစ်ချောင်း ကယ်တာပဲ ... ကိုကို့အသက်ကို ကယ်တင်ပါ မှုံ"

"ကိုကို့အနားမှာ ကျွန်မ အမြဲတမ်း ရှိနေတာပဲ"

"မင်း ... ကိုကို့အနားမှာပဲ ထာဝရရှိစေရမယ်မှုံ ... စက္ကန့် မလပ်ရှိစေရမယ်"

တစ်စက္ကန့်လေး ပျောက်ကွယ်သွားမှာတောင်မှ ကိုကိုနေလို့ မရဘူး။ သောကတွေ လောင်မြိုက်နေတယ်။ စိုးရိမ်ပူပန်နေရတယ်။

ဒေါက်တာမြတ်နိုးနဲ့မင်း ပတ်သက်ဆက်ဆံမှာ ကိုကို အကြောက်ဆုံးပဲ။ မင်းတို့က ချစ်သူတွေ။ သိပ်ချစ်ကြတဲ့လူတွေ။

မှုံရယ် ... ကိုကို့အချစ်တွေကို ဘယ်လိုထုတ်ဖော်ပြသရမှန်း မသိတော့ဘူးကွာ။

"ကျွန်မကို အလုပ်က မထွက်ခိုင်းပါနဲ့ ကိုကိုရယ်နော် ... ကျွန်မက ကိုကို့ရဲ့ တရားဝင်ဇနီးပါ ... ကျွန်မရဲ့ သစ္စာတရားတွေကို ယုံပါနော်"





သူမ ... ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ဘယ်လောက်အထိ ကြိုးစားခဲ့ရလဲ။ ဝါသနာအရ ကြိုးစားခဲ့မိခြင်းဖြစ်ကြောင်း သူမ အသိ ဆုံးပင်။

ထိုအလုပ်ကို သူမ လွယ်လွယ်နဲ့ စွန့်ပစ်ရမလား။ ကိုကို အတ္တကြီးလွန်းသည်။ သူမ လုံးဝ မထင်မှတ်လောက်အောင် ကိုကို့ စိတ်ခေတ်တွေ အောက်တန်းကျလွန်းနေ၏။

အုံ့ဩဖို့ ကောင်းတယ်။ ကိုကို ဘာဖြစ်လို့ ဒီလောက်အထိ သဘောထားသေးသိမ်နေရတာလဲ။

"မင်းကို ငါလုံးဝ မယုံဘူး ... မင်း ဒီအလုပ်က မထွက်နိုင်တာ အကြောင်းရှိတယ် ... အဲဒါ ဒေါက်တာမြတ်နိုးနဲ့တွေ့ဆုံဖို့ပဲ"

"မဟုတ်ဘူး ကိုကို ... လုံးဝ မဟုတ်ဘူး ... ကိုကို ယုံပါနော်"

"မယုံဘူး"

သူမကို ဘယ်လိုမှ လက်မခံနိုင်လောက်အောင် ဖြစ်နေရသည်။ အလုပ်က ထွက်စေရမယ်။ မင်းကို စိတ်မချဘူး။

"မင်း အခုချက်ချင်းပဲ အလုပ်ကနေ ထွက်စာတင်ပါ"

"ကျွန်မကို ဒီလောက်အထိ မချုပ်ကိုင်ချင်ပါနဲ့ ကိုကို"

"ဘာ"

ကိုကို့ ကိုယ်လုံးကြီးက သူ့အနားသို့ ဆတ်ခနဲ ကပ်လာသည်။ သူမ ကိုယ်လုံးလေး သိမ့်ခနဲ တုန်လှုပ်သွား၏။

ကိုကိုက သူ့လက်တွေနှင့် ကြမ်းတမ်းစွာဖြင့် သူမ လှုံ့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဇက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး စူးရှစွာ စိုက်ကြည့်နေသည်။

"မင်း ... မင်း ... ငါ့ကို အာခံတာလား မှုံနှံ့သာ"

"ကျွန်မ ... ကျွန်မ"

"ဘာ ကျွန်မလဲ"

သူမကိုယ်လေးက ဆောင့်တွန်းပစ်ခြင်း ခံလိုက်ရသဖြင့် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားတော့သည်။ နာကျင်တဲ့ ဝေဒနာတွေကို သူမ ခါးဆီးမှ ပြင်းပြစွာ ခံစားလိုက်ရ၏။

"အား"

သူမ အော်သံကြောင့် ဒေါ်နှင်းသက် အပြေးအလွှား ရောက်လာသည်။ အခန်းဝမှာ ရပ်နေ၏။ အထဲ မဝင်ရဲ။

"မောင်ခန့်ထယ် ... စိတ်တွေကို ထိန်းချုပ်ပါကွယ်၊ ဂုဏ် သိက္ခာအရ မလုပ်သင့်တာတွေကို မလုပ်သင့်ပါဘူး"

"ခင်ဗျားနဲ့ဘာဆိုင်လဲ ဒေါ်နှင်းသက် ... နောက် ဘယ်တော့ မှ မလာပါနဲ့ ... ကျွန်တော်တို့ လင်မယားကြားထဲ လုံးဝဝင်မစွက် ပါနဲ့"

မောင်ခန့်ထယ်ရဲ့ ဒေါသတကြီး ပြောဆိုမှုတွေကို ပထမ ဦးစွာ ကြားလိုက်ခြင်းသာ ဖြစ်သည်။

အံ့ဩသွားမိ၏။ အရင်ကနှင့် လုံးဝဆန့်ကျင်စွာ ပြောဆိုပြုမူ နေသည်။ ဘာတွေ ဖြစ်တာလဲ ... ဘာဖြစ်လို့ ဒီလောက်အထိ ပြောင်းလဲခဲ့ရတာလဲဆိုတာ စဉ်းစားမရ၊ မောင်ခန့်ထယ်က ရိုးသား တည်ငြိမ်လွန်းတဲ့ ယောကျ်ားတစ်ယောက်ပဲ ဖြစ်သည်။





"ဒေါ်နှင်းသက်"

"ပြောပါ မောင်ခန့်ထယ်"

"ခြံစောင့် ဘပုကို ပြောလိုက်ပါ ... ကျုပ် အမိန့်တစ်စုံတစ်ရာ မရဘဲ ခြံတံခါး မဖွင့်ရဘူးလို့"

"အေးကွယ်"

မောင်ခန့်ထယ်ရဲ့စကားတွေကို မိမိ နာခံဖို့ပဲရှိသည်။ မိမိက အလုပ်သမား။ ဝင်ရောက်စွက်ဖက်ခွင့်မရှိ။ ပြီးတော့ ... မိမိဘဝမှာ မောင်ခန့်ထယ်ရဲ့ အရိပ်အာဝါသကလွဲပြီး တခြားမှီခိုအားထားရာ မရှိသော အခြေအနေ ဖြစ်နေသည်။

အသက်ကြီးပြီ။ မောင်ခန့်ထယ်ရဲ့စကားကို နာခံပြီးအပြင် ပြန်ထွက်လာခဲ့သည်။

မှုံ့ဘဝမှာလည်း တခြားရွေးချယ်စရာနည်းလမ်းတွေ မရှိ တော့။ ကိုကို့ဆန္ဒပါပဲ ...

"မင်း ဒီနေ့ကစပြီး အလုပ်လုပ်စရာ မလိုတော့ဘူးမှုံ ... အိမ်ထဲမှာပဲ နေရမယ်"

သူ ဆုံးဖြတ်ချက်ပဲ ... မှုံနှံ့သာအား သူ့အနားမှာပဲ ရှိနေစေ ချင်ခဲ့သည်။ မလွှတ်နိုင်တော့ဘူး။

"မှုံ"

မှုံ မထနိုင်။ သူတွဲ၍ ထူပေးကာ အိပ်ရာပေါ်မှာ လှဲစေသည်။

"ကိုကို မှားသွားတယ် ... မင်းကို အဲဒီလောက်အထိ စော် လိုက်မာန်ပါ မလုပ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ ... ပြန်ရွှေ့လိုက်သည်။ တကယ်ဆို ...

မှုံ့ကို ဘယ်တော့မှ အကြမ်းပတမ်း နာကျင်ထိခိုက်သွားအောင် ကိုကို မလုပ်ချင်ပါဘူးမှုံ့။

ဒေါသကြောင့်ပါ။ အခုတလော ... မှုံ့ကို ချစ်တဲ့အချစ်တွေကြောင့် ကိုကို အမြဲတမ်း ဒေါသတွေနဲ့ ပေါက်ကွဲနေရတာပါ။

"မင်း ... ဘာဖြစ်သွားလဲမှုံ့"

သူမ ခါးဆီမှ နာကျင်တဲ့ဝေဒနာထက် နှလုံးသားထဲမှာ နာကျင်တဲ့ ဝေဒနာတွေက ပို၍ပြင်းပြစွာ ခံစားနေရသည်။

လှုပ်၍မရ။

"အား"

"မှုံ့ ... မင်း ဘာဖြစ်လဲ ... ခါးနာသွားတာလားဟင်"

ကိုကို ပျာပျာသလဲ ဖြစ်နေတာ ဟန်ဆောင်တာဟု ထင်မိသည်။ သူမအနားမှာ ကိုကို ရှိနေတာပင် သူမ စိတ်တွေ မွန်းကျပ်နေရ၏။

"မှုံ့နှံ့သာ"

"ရှင်"

"ကိုကို ဆေးလိမ်းပေးရမလား ... ဒေါက်တာမြသီတာဆီ ဖုန်းဆက်ခေါ်ပေးရမလား"

မြသီတာနှင့်ဒေါက်တာမြတ်နိုးတို့ ခင်မင်ကြတာ ကိုကို မသိပေ။ ထို့ကြောင့်ပင် ... သူမနှင့်မြသီတာကို ပတ်သက်ဆက်ဆံခွင့်ပေးနေခြင်းဖြစ်သည်။ မြသီတာကို တွေ့ချင်လာ၏။





ဒီနေ့ ... သူမ ဂျူတီ။ တစ်ခုခုတော့ အပြတ်သားဆုံး ဆုံးဖြတ်ရမည်ဖြစ်သည်။

"ကျွန်မ ဖုန်းဆက်ပါ့မယ်"

"မှုံ့ ... ကိုကို့ကြောင့် ဖြစ်တာလို့ မင်း လုံးဝမပြောနဲ့နော်"

"ဟုတ်ကဲ့"

မြသီတာဆီ ဖုန်းဆက်သည်။ ကိုကိုက လသာဆောင်မှာ။ မြသီတာ ရောက်လာသောအချိန်အထိ သူမ ခါးနာကျင်နေဆဲပင်။

"ဘယ်လိုဖြစ်တာလဲ မှုံ့"

"ချော်လဲတာ"

"ဖြစ်ရလေဟယ်"

မှုံ့ ဒဏ်ရာကို ကြည့်သည်။ မထင်မှတ်ဘဲ လက်မောင်းဆီမှ လက်ချောင်းရာတွေကို တွေ့သွား၏။

"ဒါကရောမှုံ့ ... ရှင်နဲ့ကိုခန့်ထယ်တို့ ပြဿနာတွေ ဖြစ်နေကြတယ် မဟုတ်လား"

မြသီတာကိုတော့ မလိမ်ညာသင့်ဟု သူမ ထင်မိသည်။ ရင်ဖွင့်စရာ သူငယ်ချင်း မြသီတာပဲ ရှိ၏။

"မှုံ့"

"ဟင်"

"ရှင်တို့ ရန်ဖြစ်လား"

သူမ ငြိမ်သက်နေမိသည်။

"ရှင့်ကို ဒီလောက်အထိ ရက်စက်လား မှုံ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... မတော်တဆပါနော် ... မှုတ်ကိုက်စွ မဝေဖန်ပါနဲ့ မြသီတာ"

"ဖြစ်မှဖြစ်ရလေ ... ရှင့်အပေါ် အမြဲတမ်းစောင့်ကြည့်ပြီး သဝန်ကြောင်နေတာ မဟုတ်လား"

"ကျွန်မ အလုပ်က ထွက်ရတော့မယ် မြသီတာ"

"ဘာ ... အလုပ်ကနေ ထွက်ရမယ် ဟုတ်လား"

"အင်း"

"ဘာဖြစ်လို့ အလုပ်ကနေ ထွက်ရမှာလဲ"

"ကိုကိုက သူ့အနားမှာပဲ ရှိနေစေချင်တာ"

"ရှင့်ကို အစေအပါးတစ်ယောက်လို သဘောထားနေတာလားဟယ် ... ဘာဆိုင်လဲ ... ရှင့်လို စိတ်သဘောထားပြည့်ဝတဲ့ လူတစ်ယောက်ကို ရှာကြည့်ပါဦး"

မြသီတာက မကျေမနပ်ဆိုသည်။

"ကိုခန့်ထယ်ကို ဒီလောက်အထိ အတ္တကြီးလိမ့်မယ်လို့ မထင်မိဘူး"

"ရှင် ဒီလိုမပြောပါနဲ့ မြသီတာရယ် ... ကိုကိုက မှုံ့ကို အရမ်းချစ်တာ"

"ချစ်လို့"

"အင်း"

"မှုံ့ရယ်"

မောင်က သူမအတွက် စိတ်မအေးကြောင်း ပြောသည်တဲ့။





ဟင့်အင်း ... သူမ ဘာမှမကြားချင်ဘူး။ မပြောပါနဲ့ ...

"မှုံ့ရယ် ... ရှင် ဒီအလုပ်ကနေ မထွက်ချင်ဘူးဆိုတာ မြသီတာ သိတာပဲ"

"မှုံ့ ထွက်ရလိမ့်မယ် မြသီတာ ... အရာအားလုံးက ကံကြမ္မာပါပဲ"

သူမ ... မျက်ရည်တွေ ပြည့်လာသည်။

"မြတ်နိုးသာ သိသွားရင် ရှင့်အတွက် အရမ်းခံစားရမှာပဲ"

"မပြောနဲ့နော် မြသီတာ"

"မြတ်နိုးကို လူကြီးတွေက ရှင့်လိုပဲ ဆရာဝန်မတစ်ယောက်နဲ့ပဲ လက်ထပ်ဖို့ စီစဉ်ကြတယ် ... မြတ်နိုးက လက်မခံဘူး"

"ဟင်"

မောင့်ကို ကျွန်မအတွက် စိတ်သောကတွေ မခံစားစေလိုပေ။

လက်ထပ်စေချင်မိသည်။ မောင့်အနာဂတ်သည် သူမကြောင့် မှေးမှိန်ကွယ်ပျောက်သွားမှာ စိုးမိသည်။ နှုတ်ခမ်းလေးတွေပင် တုန်ယင်လာ၏။

"ကိုမြတ်နိုးကို ပြောလိုက်ပါ ... မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပါလို့"

"လက်မခံဘူး ... ရှင့်ကိုမျှော်လင့်တာ မဟုတ်ပါဘူးတဲ့၊ သူ့နှလုံးသားတွေထဲမှာ အချစ်ဆိုတာ မရှိတော့လို့တဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အချစ်မရှိတော့ဘူးလား မောင် ... ဟုတ်တယ်။ ကျွန်မနှလုံးသားတွေထဲမှာလည်း အချစ်ဆိုတာ မရှိတော့ပါဘူး။

"မှို"

"ပြော"

"ရှင့်ကို တစ်ခုမေးမယ်"

"မေးလေ"

"ကိုကို့ကို ချစ်လား"

အချစ်တွေက မောင့်ကိုပေးထားခဲ့ပြီဖြစ်၍ အချစ်အကြောင်းထပ်ပြီး တစ်ကြိမ် တစ်ခါမျှပင် မတွေးတောမိခဲ့ပေ။

"ဖြေလေ"

"ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ သံယောဇဉ်ကြီးရတာပါ မြသီတာ"

"မချစ်ဘူးပေါ့"

"မှို မဖြေချင်ဘူး"

"ရှင်ချစ်တာ မြတ်နိုးပါဟယ်"

"အခုချိန်မှာ မြတ်နိုးလည်း မှို့ရင်ထဲမှာ မရှိတော့ပါဘူး မြသီတာ"

"ရှင် တမင်မောင်းထုတ်ပစ်နေတာ မဟုတ်လား"

"မှို အလုပ်က ထွက်ဖို့ ရှင် စီစဉ်ပေးပါ"

"စဉ်းစားပါဦးဟာ"

"ဒီအခြေအနေကပဲ အကောင်းဆုံးပါ မြသီတာ ... ကိုကိုမှ





လက်မခံတာ"

ကိုကို့ကျန်းမာရေးကလည်း ရှိနေသေးသည်။ သူမဘက်မှ တင်းမာနေ၍ မဖြစ်တော့ဘူးဆိုတာ သိနေ၏။ လိုက်လျောရမှာပဲ။ ဆန့်ကျင်နေ၍ မဖြစ်တော့။

"ကိုကို့ကျန်းမာရေးက ရှိသေးတယ် မြသီတာ ... မှို့ဘက်က နေ လူ့အသက်တစ်ချောင်းကို ကယ်တင်ရမယ် ... "

"အင်းလေ ... ရှင့်သဘောပဲပေါ့၊ နှမြောလိုက်တာမှို့ရယ်"

မြသီတာက စိတ်မကောင်းစွာ ပြောနေသည်။ မောင်နှင့်မြသီတာတို့ ပတ်သက်ဆက်ဆံကြတာ ကိုကို မသိ၍ ဖြစ်၏။

"ရှင်ဖြစ်ချင်တာတွေ လုပ်ချင်တာတွေအားလုံး မြသီတာ အားလုံး ကူညီမယ်"

မြသီတာက သူမလက်တွေကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး အားပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"မှုံ မင်းအတွက် စိန်တစ်ဆင်စာ ကိုကို ပေးတာလေ"

သူ ... မှုံ့ကို ချော့နေမိသည်။ အလုပ်က ထွက်လိုက်ရ၏။ စိတ်ထိခိုက် ကြေကွဲနေတာတွေကို မှုံက ကျိတ်ပြီး ခံစားနေရသည်။

သူ သိနေ၏။ မတတ်နိုင်။

မင်းကို ရက်စက်တာ မဟုတ်ရပါဘူး မှုံရယ် ... ချစ်လို့ပါ။ သိပ်ချစ်လို့ပါ။ ကိုကိုပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ မင်းအတွက်ပါပဲ။

"မှုံ ... မင်းသုံးချင်သလောက်သုံးဖို့ ကိုကို မင်းနာမည်နဲ့ ဘဏ်စာရင်း ဖွင့်ထားပေးတယ်နော်"

မှုံ အပြင်မှ မထွက်ရတာ။ ငွေတွေ ဘာလုပ်ရမလဲ။ ကိုကို့ အနားမှာနေပြီး ကိုကို့တာဝန်ဝတ္တရားတွေပဲ ထမ်းဆောင်နေရ သည်။

သူမ အလှအပ ပြင်တာပင် ကိုကိုက သဘောမကျ။ အပြစ် ပြောနေတတ်သည်။ မောင်နှင့်ပတ်သက်နေသော ဆရာဝန်ကို လည်း မပြ။





"တခြားဆရာဝန်တစ်ယောက်ကို ပြသင့်တယ်နော်"

"မပြဘူး ... ငါက လူနာတစ်ယောက် မဟုတ်ဘူးနော်မှုံ၊ မင်းစိတ်ထဲမှာ ရောဂါသည်ကြီးတစ်ယောက်လို သတ်မှတ်ထား တယ် မဟုတ်လား"

"မဟုတ်ပါဘူးကိုကို ... ကျွန်မ စေတနာနဲ့ပြောတာပါ"

"ဘာ ... စေတနာနဲ့ ဟုတ်လား ... မှုံနှံ့သာ"

ကိုကို့ကို သိပ်ချစ်လို့ပါလို့ မင်း ဘာဖြစ်လို့ မပြောတာလဲ မှုံနှံ့သာ။ မချစ်လို့ဘဲ။ မင်း မလွဲသာမရှောင်သာလို့ လက်ထပ်တာပဲ။

သေချာတယ် ... စိန်တွေ ... ငွေကြေးတွေ ဘယ်လောက် ပြပြ မှုံနှံ့သာ မက်မောဟန်မပြ။ မင်း မက်မောတာ ဒေါက်တာမြတ် နိုး‌ပဲ။

မြတ်နိုး ... မင်းကရော ဘာဖြစ်လို့ မိန်းမတစ်ယောက်နဲ့ လက်မထပ်ရတာလဲ။ ဒေါက်တာမိုးဆွေက ပြောသည်။ မြတ်နိုးက လူကြီးတွေ စီစဉ်တဲ့ မိန်းမတစ်ယောက်ကို ငြင်းဆန်ခဲ့တယ်တဲ့။

ဘာဖြစ်လို့ ငြင်းဆန်ရတာလဲ။ မှုံ့ကို မျှော်လင့်နေလို့လား။

"မှုံ"

"ဟင်"

"မင်း ဟိုကောင့်ကို မျှော်လင့်နေသေးတယ် မဟုတ်လား"

"မဟုတ်ပါဘူး ကိုကို ... ကျွန်မ စေတနာနဲ့ ..."

"တော်စမ်း ... ဒီစေတနာဆိုတဲ့စကား"

ကိုကို့နှင့်ဘယ်လိုပဲ ပြောပြော အဆင်မပြေအောင် ဖြစ်နေ သည်။ ခဏပဲ အဆင်ပြေနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ... ပြဿနာက တက်နေတတ်သည်ကများနေသည်။ သူမ ဘယ်လို လုပ်ရမလဲ။

"ငါ့အပေါ် စေတနာထားစရာ မလိုဘူး မှုံနဲ့သာ"

မင်းမှာ အချစ်တွေမရှိဘူး မဟုတ်လားလို့ မမေးရဲပေ။ ဖြေမှာမဟုတ်။ သူ့အပေါ် မတရား သိမ်းပိုက်တယ်ဆိုပြီး မုန်းချင်မုန်းနေမှာ။

မုန်းနေမှာ ... ဒေါသတွေက ဖြစ်လာရသည်။ မင်းအချစ်တွေကို ငါလိုအပ်နေတာ။ အေးစက်လေးလံထုံထိုင်းနေတဲ့ မင်းရဲ့ အပြုအမူတွေက ငါ့ကိုမလွှဲသာ မရှောင်သာလို့ လက်ထပ်ခဲ့တယ်ဆိုတာ သိသာနေတာပဲ။

မကျေနပ် ... သူ့စိတ်တွေ အမြဲတမ်း အလိုမကျ။ နှလုံးသားတွေထဲမှာ စူးအောင့်တဲ့ဝေဒနာတွေကို ခံစားနေရသည်။

"မှုံ ... မင်းသွားတော့၊ ငါ့အနားကနေ မင်းသွားတော့"

"ကိုကို"

"သွားလေ"

သူမ ထွက်သွားသည်။ မင်းကို ငါဘာဖြစ်လို့ မောင်းထုတ်ပစ်လိုက်မိတာလဲ။ သူမ ထွက်သွားတော့ သူ စိတ်မကောင်းဖြစ်သွားမိသည်။ ရင်ထဲမှာ စူးအောင့်လာ၏။

"အား"

မှုံ မသိစေရန် ဆေးတွေကို တိတ်တိတ်လေး ယူသောက်မိ၏။ ဒီအတိုင်းဆို မလွယ်ဘူး။ မလွယ်ဘူး ... ကိုကို ဘာလုပ်ရမလဲ။

ဒေါက်တာမြတ်နိုး လက်ထပ်သွားမှ စိတ်အေးမှာပဲ။ စိတ်





တွေ လှုပ်ရှားနေမိသည်။ သူ ထလိုက်၏။ ဒေါက်တာမြတ်နိုးနဲ့ တွေ့ရမယ် ... မိန်းကလေးတစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်ဖို့ ပြောရမယ်။

ဒီကောင် ... မှုံ့ကို မျှော်လင့်နေတာ။ ကိုယ်သိတယ်။ သူ အပြင်ထွက်ခဲ့သည်။ ဒေါက်တာမြတ်နိုး တစ်ယောက်တည်းနေတာပင် သဘောမကျမိ။

လေကားထစ်တွေပေါ် တက်ရင်း ရင်ထဲမှာ မောဟိုက်နေသည်။ ဒီရောဂါက တစ်မျိုး ...

မှုံ ... မင်းကို သိပ်ချစ်လို့ ဝေဒနာတွေ ခံစားနေရတာ မင်းသိရဲ့လား။

"တီ ... တီ ..."

လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ အထဲမှာ လူရှိနေ၏။

"တီ ... တီ"

တံခါးဖွင့်လာသည်။

"ဩော် ... အစ်ကိုကြီးပါလား ... ဝင်ပါ အစ်ကိုကြီး"

ဒေါက်တာမြတ်နိုးက ဖော်ရွေစွာ ဆီးကြိုနှုတ်ဆက်သည်။ သူ ဘဝင်မကျ။ မှုံနဲ့ ပတ်သက်နေလား။ ဒေါက်တာမြတ်နိုးက သူ့အပေါ် တရင်းတနှီး ဆက်ဆံနေတာပဲ သူ သဘောမကျမိသလိုဖြစ်နေသည်။

"ထိုင်ပါ အစ်ကိုကြီး"

ဝင်ထိုင်လိုက်သည်။ မင်းရဲ့ချမ်းသာကြွယ်ဝမှုနဲ့ အရှိန်အဝါက အဆင့်အတန်းမြင့်တဲ့ မိန်းမတစ်ယောက်ကို အလွယ်တကူ ရယူနိုင်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ မယူတာလဲ။ အကြောင်းရှိရမည်။ မှုံ့ကို မျှော်လင့်နေတာပဲ ဖြစ်နိုင်နေသည်။

"ကိစ္စရှိလို့လား အစ်ကိုကြီး"

"အေး"

"ပြောပါ"

ဦးခန့်ထယ်ကို သူ လေးစားအထင်ကြီးတဲ့ စိတ်တွေ မရှိတော့။ လူကြီးလူကောင်း မဆန်လိုက်တာဟု ထင်မိသည်။ မှုံ့ကို နှိပ်စက်နေ၏။

မြသီတာ ပြောပြ၍ မှုံ့ရင်ဆိုင်နေရတဲ့ အခြေအနေတွေကို သိနေရသည်။

"မောင်ရင်"

"ပြောပါ အစ်ကိုကြီး"

"မင်းကို ငါတည့်တည့်ပဲ မေးမယ်ကွာ"

"မေးပါ"

"မင်းကို လူကြီးတွေက မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ်တာ မင်း ငြင်းလိုက်တယ်ဆို"

"ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"မောင်ရင် ဘာဖြစ်လို့ ငြင်းပယ်ရတာလဲ"

"မချစ်လို့"

"ဘာ"

"ကျွန်တော့် နှလုံးသားတွေထဲက ချစ်တဲ့ မိန်းကလေး မဟုတ်လို့ပါ"

"မင်းချစ်တာ မှုံ့နှံ့သာလား"





"ဟုတ်ပါတယ် အစ်ကိုကြီး"

"ဘာ ... မင်းက မှုံ့နှံ့သာကို မျှော်လင့်နေသေးတယ်ဆိုတဲ့ သဘောလား"

"အဲဒါလည်း လုံးဝမဟုတ်ပါဘူး အစ်ကိုကြီး ... ကျွန်တော် တစ်ယောက်တည်းပဲ နေချင်လို့ပါ"

"မဖြစ်နိုင်ဘူး ... မင်းတစ်ယောက်တည်း နေချင်တာက မှုံ့ကို မြှူဆွယ်နေတာပဲ"

"ကျွန်တော့်ရဲ့ နေထိုင်မှုက ဘယ်သူ့မှ အနှောင့်အယှက် မဖြစ်စေပါဘူး အစ်ကိုကြီး ... မှုံ့နဲ့ကျွန်တော်က ပြီးဆုံးသွားပါပြီ"

"မပြီးသေးဘူးကွ"

"ဗျာ"

သူ နားမလည်နိုင်။ မပြီးဆုံးသေးတာ အစ်ကိုကြီးတစ်ယောက်တည်းပဲ ဖြစ်နေသည်။ မှုံက အရေးပင်မလုပ်။

မိန်းမကောင်းပီသစွာဖြင့် သူ့နှင့်လုံးဝ မပတ်သက်ခဲ့။

"အစ်ကိုကြီး အထင်လွဲနေပြီ ထင်တယ်"

"မောင်ရင် အမှုကြောင်းကြောင်း လုပ်မနေနဲ့နော် ... မင်း မှုံ့နှံ့သာကို မျှော်လင့်နေသေးတယ် မဟုတ်လား"

ဟုတ်တယ် ... ကျွန်တော် မျှော်လင့်နေသေးသည်ဟု ပြောပစ်ချင်သည်။ မပြောသင့်တော့ ... ကိုခန့်ထယ်က နှလုံးရောဂါ ဝေဒနာရှင်တစ်ယောက် ဖြစ်နေသည်။ သူ့ဘက်မှ ထိန်းချုပ်ရသည်။

"မောင်ရင် လက်ထပ်ပါ"

"အဲဒါက ကျွန်တော့်ကိစ္စပါ ကိုခန့်ထယ် ... ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ပတ်သက်စရာအကြောင်းတောင် မရှိတော့ဘူးထင်ပါတယ်”

“ဘာပြောတယ် မောင်ရင်”

သူ … ဒေါသဖြစ်ချင်လာသည်။ ဒီကောင် … သက်သက်ကတ်သတ်နေတာပဲဟု ထင်မိလာ၏။

“မောင်ရင့်အရွယ်က လက်ထပ်သင့်တဲ့အရွယ်ပဲ … မောင်ရင်သာ ရိုးသားမယ်ဆိုရင် လူကြီးတွေ စီစဉ်တဲ့ကိစ္စ နာခံမှာပဲ”

“ကျွန်တော့်ဘဝတစ်လျှောက်လုံး တစ်ယောက်တည်းပဲ နေဖို့ ဆုံးဖြတ်ထားတယ် အစ်ကိုကြီး”

“မင်း … မှုံ့ကို မချစ်ဘူးလား၊ မှုံ့ လွတ်လပ်ပျော်ရွှင်နေတာ မင်း မမြင်ချင်ဘူးလား”

“မှုံ့နဲ့ကျွန်တော့်ကဏ္ဍက ပြီးဆုံးသွားပါပြီ … အစ်ကိုကြီးဘက်ကလည်း ဇနီးမယားကောင်းဖြစ်လို့ အများကြီး နားလည်ခွင့်လွှတ်သင့်ပါတယ်လေ”

“မောင်ရင်”

“ဗျာ”

“မင်း လက်ထပ်လိုက်ရင် အားလုံးအဆင်ပြေသွားမှာပဲ မြတ်နိုး”

သူ့အတွက် တစ်ယောက်တည်းနေချင်တဲ့ဆန္ဒတွေပဲ ဖြစ်ပေါ်နေမိသည်။ မိန်းမတစ်ယောက်ကို ဒုက္ခမပေးချင်။ မချစ်မနှစ်သက်ဘဲ လက်မထပ်ချင်တာလည်း အဓိက ဖြစ်နေသည်။

“မောင်ရင် လက်ထပ်ပါ … ကိုယ် တောင်းပန်ပါတယ်၊ မင်း





ဘက်က ရိုးသားတယ်ဆိုရင် လူကြီးတွေ စီစဉ်တဲ့ကိစ္စ မင်းလက်ခံပါ မြတ်နိုး”

“ကျွန်တော် လက်မထပ်ဘူး”

“ဘာကွ”

“မိန်းမတစ်ယောက်ကို အပြစ်မရှိဘဲ မနှိပ်စက်ပါရစေနဲ့၊ အချစ်မရှိဘဲ လက်ထပ်ပြီး အဲဒီမိန်းကလေး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ဘူး”

ခင်ဗျားကြီး … မှုံ့နှသာကို နှိပ်စက်နေတာ မတရားဘူးဆိုတာ သိရဲ့လား။

“မှုံ့ဟာ ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပါ … အစ်ကိုကြီး အထင်မလွဲသင့်ဘူး၊ ကျွန်တော်နဲ့လည်း လုံးဝမပတ်သက်ပါဘူး အစ်ကိုကြီး”

မယုံဘူး။ မှုံ့ … မင်းနှလုံးသားတွေထဲမှာ ဒေါက်တာမြတ်နိုးပဲ ချစ်တာ။ ဒီကောင်ကရော … မှုံ့ကို မျှော်လင့်နေတာပါ။ သူ့ကို ကျတော့ ရောဂါဝေဒနာသည်ကြီးဆိုပြီး သေလူလို့ သတ်မှတ်ထားနေကြလားမှ မသိတာဘဲ။

“မောင်ရင် … မင်းကိုထပ်ပြောမယ်၊ မှုံ့ဘဝရှေ့ရေးအေးချမ်းအောင် မောင်ရင် လက်ထပ်လိုက်စေချင်တယ်”

သူ ထသည်။ ဆက်ပြောနေရင်လည်း အကြောင်းမထူးတော့မှန်း သိလာ၏။ အသက်ရှူ မဝချင်။ မွန်းကျပ်လာသည်။

“အစ်ကိုကြီး”

သူ … ကိုယ်ကို ပြန်မတ်လိုက်သည်။ သင်းတို့က အထင်သေးကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လိုက်ပို့ပေးရမလား အစ်ကိုကြီး"

"ဘာကွ"

"ဟို ... စေတနာနဲ့ပါ အစ်ကိုကြီးအတွက် စိတ်ပူလို့"

"မလိုပါဘူးကွ ... ငါ လူနာမဟုတ်ဘူးကွ၊ မင်းမှာ ကြင်နာသနားတတ်တဲ့စိတ် မရှိဘူးဆိုတာ ထင်ရှားနေတာပဲ ... မင်း ... မင်း ... ငါ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် သက်သက်လုပ်နေတာပဲဟာ"

သူ ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ မှုန်နှံ့သာကိုပဲ တင်းကျပ်စွာ ချုပ်ကိုင်ဖို့ စဉ်းစားထား၏။ မင်း ဟန်ဆောင်နေတာ။ မလွှဲသာ မရှောင်သာလို့ မင်းလက်ထပ်လိုက်တာပဲ။ ငါ့ကို သေလူလို့ သတ်မှတ်တာ။

"အစ်ကိုကြီး"

"သွားစမ်း မောင်ရင် ... မင်း ... မင်းကို ထပ်မှာလိုက်မယ်၊ မင်း မှုန်နှံ့သာကို လုံးဝ လာမပတ်သက်ဖို့ပဲ"

သူ ... ပခုံးတွန့်ပစ်မိသည်။ ခက်တာပဲ ... အတ္တကြီးလွန်းတဲ့ ကိုခန့်ထယ်ဒီလောက်အထိ စိတ်သဘောထား သေးသိမ်မည်ဟု မထင်မိ။

သူ ... မှုန်ကို မျှော်လင့်တာတော့မဟုတ်။ အချစ်မရှိတော့တာပါ။ မောင့်နှလုံးသားတွေထဲမှာ မင်းတစ်ယောက်ပဲ ထာဝရ လွှမ်းမိုးထားနေဆဲပဲ ရှိနေသေးတယ် မှုန်။

မေ့ပစ်လို့ မရဘူး။ ဖယ်ထုတ်ပစ်ဖို့ ဝေလာဝေးပဲ။ အစားထိုးဖို့ဆိုတာလည်း လုံးဝမဖြစ်နိုင်တဲ့ကိစ္စတွေ ဖြစ်နေတယ်။

ကိုခန့်ထယ်က မောင့်ကို လက်ထပ်ပါတဲ့။ မောင် လက်ထပ်





လိုက်မှ မင်းဘဝ အေးချမ်းပျော်ရွှင်လွတ်လပ်မှာတဲ့လား။

ကိုခန့်ထယ် ပြန်သွားသည်။ စိတ်သောကတွေ ဘယ်လောက်အထိ ဖိစီးနေလဲဆိုတာ သိသာနေ၏။

သူ ... စိတ်တော့ပူမိသည်။ ဆရာဝန်တစ်ယောက်အနေနှင့် တာဝန်ရှိနေသည်ဟု ထင်မိလာ၏။ အကောင်းဆုံးက သူ နိုင်ငံခြားကို ထွက်သွားဖို့ပဲ ဖြစ်သည်။

မှုန်နှင့်အဝေးဆုံးမှာ နေမှ မှုန့်ဘဝ လွတ်လပ်ပျော်ရွှင်ရမှာပါ။ သူ မြည်းတာဆီ ဖုန်းဆက်မိသည်။

"ကိုခန့်ထယ်က မှုန့်ကို အမြဲတမ်း မယုံသင်္ကာဖြစ်ပြီး အလုပ်ကတောင် ထွက်ခိုင်းနေပြီ မြတ်နိုး"

"ဟင်"

သူ့ကြောင့်ပဲ ...

"မှုံ သနားပါတယ်ဟယ် ... အိမ်ထဲမှာ နေရတာတောင် ကျဉ်းကျပ်နေတယ်၊ ကိုခန့်ထယ်က အဆက်မပြတ် စောင့်ကြည့်နေတာပဲ"

မှုံ ... မင်း ကိုခန့်ထယ်အပေါ် အေးစက်နေလို့လားကွာ။ မောင့်ကို မင်းဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာ မောင် ယုံတယ်။

"မြတ်နိုး"

"ဟင်"

"ရှင် လက်မထပ်တာကိုပဲ ကိုခန့်ထယ်က အလိုမကျနိုင်အောင် ဖြစ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားတော့မယ် မြသီတာ"

"ကျွန်မ ဘယ်လိုပြောရမလဲ ... ရှင်တို့နှစ်ယောက်လုံးက လူတော်တွေပဲဟာ ... နှမြောစရာ ဘယ်လောက်ကောင်းသလဲ"

"ကိုယ် မိန်းကလေးတစ်ယောက်ကို စားစာခံလုပ်ပြီး လက်မထပ်ချင်ဘူး မြသီတာ ... ကိုယ့်အိမ်ထောင်ရေးက နွေးထွေးမှာ မဟုတ်ဘူး၊ အေးစက်နေမှာပဲ ... ကိုယ် ဒီလိုအိမ်ထောင်ရေးမျိုး မဖန်တီးချင်ဘူး"

"မြသီတာလည်း အကြံမပေးတတ်အောင် ဖြစ်နေပြီ"

"ကိုယ် ဒီမှာမရှိရင် မှုံ စိတ်သက်သာရာရမှာပါ"

ကိုခန့်ထယ် လာတဲ့အကြောင်းတွေ မြသီတာအား ပြောပြမိသည်။ မှုံကတော့ ဒီလူကြီးလက်အောက်က လွတ်မြောက်ဖို့ မလွယ်ဟု ပြော၏။

"တော်တော်သဝန်ကြောင်တဲ့လူကြီးပဲ မြတ်နိုး ... မှုံ ကံဆိုးနေတယ်လေ"

သူ ... ရင်မောစွာဖြင့် သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်မိသည်။

အခန်း ( ၁၉ )

မောင် နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားတော့မည်ဟု ပြောသည်။ မြသီတာက သူမ ခါးနာ၍ လာပြီးကြည့်ရှုပေးနေ၏။

"ရှင့်ကိုကိုက မြတ်နိုးကို မိန်းမယူဖို့ အတင်းတိုက်တွန်းနေတယ်"

မောင်က လုံးဝလက်မခံဘူးတဲ့။ ငြင်းဆန်၍ ကိုကို ဒေါသတကြီး ထွက်သွားတာတဲ့။ မောင့် စိတ်ဆန္ဒတွေကိုလည်း အတင်းအကျပ် လုပ်ဆောင်စေ၍မရ။

သူမ မျှော်လင့်မနေပေမယ့် မောင့်နှလုံးသားတွေထဲမှာ အချစ်မရှိနိုင်။ အချစ်မပါတဲ့ အိမ်ထောင်တစ်ခုကို မောင် တည်ဆောက်မှာ မဟုတ်ပေ။

"မှုံ"

"ဟင်"

"ရှင်ရော နေကောင်းလား ... မှုံ့ကို မြသီတာ တစ်ခု လောက်တော့ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"မင်းအိမ်ထောင်ရေးကို ပြတ်ပြတ်သားသား ရင်ဆိုင်လိုက်ဖို့ပဲ"

"ဘယ်လိုရင်ဆိုင်ရမှာလဲ မြသီတာရယ် ... ကိုကိုနဲ့ဘယ်လိုမှ စကားပြောလို့မရဘူး ... အမှားအယွင်းတွေပဲ ဖြစ်နေတယ်၊ ကျွန်မ ဘာလုပ်ရမလဲ"

"ကိုခန့်ထယ် ဘာဖြစ်ချင်တာလဲ ရှင်မေး ... သိအောင်လည်း ကြိုးစားသင့်တယ်"

ကိုကိုက သူ့ကိုချစ်တယ်လို့ ပြောစေချင်တာဟု ပြောလိုက်မိသည်။

"ရှင် ပြောလိုက်ပေါ့"

"ကျွန်မမှ မပြောချင်တာ"

"ဘာ"

"မောင့်ကို ချစ်တယ်လို့လည်းပြောတယ် ... ကျွန်မ ဘယ်လိုလုပ်ပြီး ကိုကို့ကို ပြောင်းချစ်ရမလဲဟာ"

မြတ်နိုးနဲ့မှုံနှံ့သာအတွက် ကြားမှ မြသီတာက စိတ်မကောင်း ဖြစ်ရသည်။ သိပ်ချစ်ကြတဲ့ ချစ်သူတွေဖြစ်၏။

"ကိုကို့ကိုတော့ အစ်ကိုတစ်ယောက်လို ချစ်တာပါ မြသီတာ၊ ဒီထက်ပိုလို့ မရဘူး၊ ဘာပဲဖြစ်ဖြစ် မှုံ့ဘဝမှာ ကိုကို့ကိုပဲ ပေးဆပ် သင့်တယ်လို့ ထင်နေတယ်"

"ကိုခန့်ထယ်ရဲ့ ရောဂါခြေအနေက တိုးလာသလားမှုံ၊ ရှင် စစ်ဆေးကြည့်လား"





"ကိုကိုက သူ့ကို လူမမာကြီးတစ်ယောက်အဖြစ် လုံးဝလက်မခံတာဘဲ ခက်တယ်"

"မြတ်နိုးက သနားစရာပဲဟယ် ... ပြဿနာတွေက ကိုခန့်ထယ်ကြောင့် ဖြစ်နေတာပဲ"

"ကိုကိုကလည်း ကျွန်မကို လိုအပ်နေတာပဲလေ"

ဟုတ်တယ် ... ကျွန်မက ကိုကို့အတွက် လိုအပ်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ။

"မှုံ"

"ရှင်"

"ရှင့်ကိုကိုကရော ရှင့်ကို ချစ်တယ်လို့ ပြောလား"

"ဟင့်အင်း"

သူမကိုသာ မေးနေပြီး ကိုကို့ဆီမှ ချစ်တယ်ဆိုတဲ့စကားတွေ လုံးဝ မကြားရဘဲ ဖြစ်နေသည်။

"ဘာဖြစ်လို့ မပြောတာလဲ"

"ကိုကို့ဂုဏ်သိက္ခာအရ စောင့်ထိန်းနေတာဖြစ်မှာပါ"

"ရှင့်ကိုချစ်တယ်လို့ရော ထင်လားမှုံ"

"မထင်ဘူး"

ကျွန်မကိုချစ်လျှင် ကျွန်မအပေါ် နားလည်မှုတွေ ရှိရမှာပေါ့။ ရက်စက်ကြမ်းတမ်းတဲ့ အပြုအမူမျိုးတွေ ကိုကိုလုပ်မှာမဟုတ်။

နေ့စဉ် ... စိတ်သောကတွေ ခံစားနေရသည်။ သေချင်လှ၏။

"ကိုကို့ အပြုအမူတွေ ဘယ်လောက်ပဲ ကြမ်းတမ်းပါစေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အသက်ရှင်နေသရွေ့ ခံစားသွားပါ့မယ် မြသီတာ”

“မှုံရယ်”

သူမကတော့ မြသီတာ လာကြည့်နေ၍ အသက်ရှူမျောင် နေမိသည်။ တစ်ယောက်တည်း အထီးကျန်နေတဲ့ဘဝ။

“ရှင် အလုပ်က မထွက်ရဲဦးမှုံ ... မြတ်နိုး နိုင်ငံခြားထွက် သွားရင် ပြီးပြီပဲ”

မောင်က နိုင်ငံခြားသို့ လုံးဝထွက်သွားချင်သူမှ မဟုတ်တာ။ သူမ သိတာပဲ။

“ကျွန်မကြောင့် မောင့်ဘဝကို မထိခိုက်စေချင်ဘူးဟယ်”

“မြတ်နိုးက ရှင့်ရှေ့ရေးအတွက် အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ပေးတာပါ”

မောင့်အတွက် သူမ စိတ်ထိခိုက်ကြေကွဲရုံမှလွဲ၍ မတတ် နိုင်။

“အလုပ်ကတော့ မထွက်စေချင်ဘူးကွာ”

“မြတ်နိုးမရှိလည်း ကိုကိုက စိတ်ချမှာ မဟုတ်ဘူး”

“ဒုက္ခပဲဟယ်”

“တီ ... တီ”

“တီ ... တီ”

“တီ ... တီ”

ဟွန်း အဆက်မပြတ်တီးနေ၍ သူမ အပြေးအလွှား ဆီးကြို ရသည်။ ခါးနာက မပျောက်သေးပေ။ နာကျင်နေတာကို သူမ မစဉ်း စားဘဲ နေ၍မဖြစ်။ ကိုကို့ဒေါသတွေကို ကြောက်မိသည်။





“မှုံ ... ရှင့်အဖြစ်ကလည်းဟယ် မလွယ်ပါလား”

မြသီတာက နောက်မှာ စိတ်မသက်မသာနှင့်ပြောရင်း ကျန် ခဲ့သည်။

“ကိုကို အိတ်ပေးလေ”

ကိုကိုက ဘာမှမပြောဘဲ တိုက်ထဲသို့ တန်းဝင်သွားတော့ သည်။ မောင်နှင့်ပတ်သက်ပြီး ကိုကို ဒေါသတွေ ဖြစ်လာမည် ထင် ၏။

သူမ နေစရာမရှိတော့။ ကိုကိုနှင့်ပြဿနာဖြစ်ရမှာ ကြောက် ရွံ့နေမိသည်။

အခုတလော ... ကိုကို မကျေမနပ် ဖြစ်နေသည်။ မောင် နိုင်ငံခြားသွားတော့မယ့်ကိစ္စ ပြောလိုက်ရင်ကောင်းမလား။

ကိုကို့နောက်သို့ သူမ ပြေးလိုက်နေမိတော့သည်။ နှလုံး ရောဂါဝေဒနာရှိနေသော လူတစ်ယောက်အနေနှင့် ဒီလောက်အထိ ဒေါသတွေရှိနေတာ မကောင်းပေ။ သူမ အကျိုးအကြောင်းမပြော။

အနားမှာ အသာလေးရပ်ပြီး စောင့်ကြည့်နေမိသည်။

“ဒေါ်နှင်းသက် ... ”

ကိုကိုက အော်သည်။

“ကျွန်မ ဘာလုပ်ပေးရမလဲ ကိုကို ... ပြောလေ”

“မင်းမလိုဘူး ... မင်းဧည့်သည်ရောက်နေတယ် မဟုတ် လား။ ငါက သိပ်အရေးမကြီးပါဘူး”

“မှုံ ... ကျွန်မ ပြန်မယ်”

ကိုကိုက သူ့အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆွဲပိတ်သည်။ မြသီ



www.burmeseclassic.com

www.burmeseclassic.com



တာကို အားနာစွာ တောင်းပန်တိုးလျှိုးသော မျက်ဝန်းတွေနှင့် လှမ်းကြည့်လိုက်မိ၏။

“ဘာဖြစ်လာတာလဲ”

မြသီတာက မျက်စောင်းဝဲရင်း ပခုံးတွန့်ပစ်သည်။

“မှုံ”

“ဟင်”

“ရှင်တို့နှစ်ယောက် အတူတူမအိပ်ဘူးလား”

“စိတ်အခန့်မသင့်တဲ့အခါ ကိုကို ခွဲအိပ်တယ် ... သူ့သီးသန့် အခန်းထဲမှာ နေတယ်လေ”

“တကယ်ကို လောကငရဲပါပဲလား မှုံရယ်”

သူမဘက်မှ ပြဿနာတွေကို ငြိမ်းအေးသောနည်းလမ်းဖြင့် ဖြေရှင်းလိုပေမယ့် ကိုကိုက မရ။ အမြဲတမ်း ... ဒေါသတွေနှင့် ပေါက်ကွဲချင်သည်။

“ရှင့်ကိုကိုက ကျုပ်ကိုတောင် မကြည့်မလင်တော့ဘူးထင် တယ်”

မြသီတာ ပြန်သွားသည်။ သူမတစ်ယောက်တည်း ငေးကြောင်စွာ ကျန်ခဲ့တော့၏။

“မှုံ”

“ဟင်”

“မောင်ခန့်ထယ်နဲ့ ဘာဖြစ်ကြလဲ”

“မသိဘူး”

“မှုံ့အတွက်လည်း ဒေါ်နှင်းသက်





စိတ်မကောင်းပါဘူးကွယ်”

သူမ ... နှစ်ယောက်အိပ်ခန်းကြီးထဲမှာ တစ်ယောက်တည်း ရှိနေသည်။ ကိုကိုက စိတ်မထင်လျှင် သူမနှင့်အတူ မအိပ်စက်တတ် ပေ။

စိတ်ပြေလျှင် လာချော့တတ်သည်။ နေ့စဉ်မလပ်၊ စက္ကန့်မလပ်။ ပြဿနာတွေနှင့် ရင်ဆိုင်ရန် သူမ စောင့်မျှော်နေမိသည်။

“မှုံ ပြင်ပြင်ဆင်ဆင်နေစမ်းပါ ကလေးရယ် ... ညည်းလေး ကြည့်ရတာ အမြဲတမ်း စိတ်မချမ်းမသာ ဖြစ်နေသလိုပဲ”

“ကျွန်မ အလှအပတွေ မပြင်တာတောင် ကိုကိုက အမြဲ တမ်း မကျေမနပ်နဲ့ အထင်လွဲနေတာ ... ကျွန်မဘဝနဲ့ ကျွန်မပဲ ရှိ ပါစေတော့ ဒေါ်သက်ရယ်”

ဒေါ်သက်ကိုခေါ်ပြီး ဘာခိုင်းတာလဲဟင်ဟု မေးမိသည်။

“မှုံလေး အကြောင်းတွေပဲပေါ့ ... ဖုန်းလာသေးလား။ မြသီ တာ အလုပ်ထွက်စာတင်ပြီးပြီလား ... မှုံရော နေကောင်းသွားပြီ လားတဲ့”

သူမကို ဘာဖြစ်လို့ မမေးရတာလဲဆိုတာ သိချင်နေမိသည်။

“ကိုကို ... ကျွန်မကို ဘာဖြစ်လို့ စိတ်ဆိုးရတာလဲဟင်”

“သူ့ကို ထွက်ကြိုလို့တဲ့”

“ရှင်”

“ခါးနာနေလျက်နဲ့ ပျာပျာသလဲ ထွက်ကြိုတာ ဒေါသပဲတဲ့ မြသီတာရှေ့မှာ တစ်မျိုးထင်အောင် လုပ်ပြတာတဲ့”

မလွယ်ပါလား။ သူမက ဘယ်လိုပဲနေနေ ကိုကိုက အမြဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်နေတော့မှာပဲ ဖြစ်သည်။ သေချင်တာပဲ။

"မှုံလေး အသာနေလိုက် ... စိတ်ပြေသွားရင် မောင်ခန့်ထယ် ရောက်လာမှာပါ"

"ဟင်း"

သူမ ... သက်ပြင်းမောကြီးကိုသာ မှုတ်ထုတ်ပစ်လိုက်မိသည်။ စိတ်ညစ်လိုက်တာ ... ကိုကိုက သူမအပေါ် အမြဲတမ်း အလိုမကျဖြစ်နေတော့မှာပဲလား။ ရောဂါဝေဒနာတွေ တိုးလာမှာပဲ သူမစိတ်သောက ဖြစ်နေမိသည်။

"ဒေါက် ... ဒေါက်"

ခြေသံ ... ကိုကို့ခြေသံ။ သူမ ထိုင်နေရာမှထပြီး အခန်းဝနားမှာ ရပ်နေမိသည်။ ဘာလုပ်ရမှန်းမသိ။

"ဒေါက် ... ဒေါက်"

"ဒေါက်"

"အမယ်လေး"

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားကာ တံခါးကိုသာ စူးစိုက်ကြည့်နေမိသည်။

"ကျွီ"

တံခါးပွင့်သွားသည်။ ကိုကို ...

"မှုံ"

"ရှင်"

စိတ်ဆိုးပြေသွားပုံနှင့် ကိုကို မျက်နှာပေါ်မှာ အပြုံးတွေ ချိုနေသည်။ သူမ စိတ်အေးသွားရ၏။





"မင်း ... နေကောင်းလား"

"ဟုတ်"

ကိုကိုသည် သူမအနားကပ်လာကာ ပခုံးကို ဖက်သည်။ တစ်ခါတစ်ရံလည်း ... သူမအား ချော့ချော့မော့မော့နှင့် ဆက်ဆံနေတတ်သည်။

"ကိုကို မင်းကို ပြောစရာရှိလို့လာတာ"

"ပြောပါ ကိုကို"

"ကိုကို ကလေးယူချင်တယ်"

"ရှင်"

သူမ အထိတ်တလန့် ဖြစ်သွားသဖြင့် ကိုကိုက မျက်လုံးပြူးကြီးတွေနှင့် ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"ဘာလဲ ... မင်းက မလိုချင်ဘူးလား"

"မဟုတ်ပါဘူး ကိုကို ... ရုတ်တရက် ကိုကို့ဆီက ကြားလိုက်ရလို့ပါ"

သူမ ကလေးမရအောင်လည်း ဘာအတားအဆီးမှ မလုပ်ထား။ ကိုကို့အကြည့်တွေက သူမကို မယုံကြည်သော မျက်ဝန်းတွေနှင့် ကြည့်သည်။

"မှုံ"

"ရှင်"

"အေးစက်စက်နဲ့ကွာ"

သူမ ... ဘယ်လိုသွက်အောင် လုပ်ပြရမလဲ။ ဘုရားရေ —

ကိုကို ဒေါသတွေထွက်လာမှာကို သူမ အကြောက်ဆုံးခင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကလေးမရအောင် ကာကွယ်ထားတယ် မဟုတ်လား"

"ဟင့်အင်း မဟုတ်ရပါဘူးကိုကို ... ကျွန်မလည်း ကိုကို့ရင်သွေးလေး လိုချင်ပါတယ်"

ကိုကို ကျေနပ်စေရန် သူမ ပြောလိုက်မိသည်။ မလွယ်ဘူး။

"မင်းက ဆရာဝန်မပဲ ကလေးမရအောင် နည်းမျိုးစုံနဲ့ ကာကွယ်ထားလို့ရတယ်"

"ကျွန်မကို ယုံပါ ကိုကို"

သူမ ... ကိုကို့အနားမှာ ကပ်၍ ချွဲနွဲ့သောစကားတွေကို ပြောချင်မိသည်။ ပြော၍မထွက် ... မောင်နှင့်လည်း သူမတို့ တည်ငြိမ်စွာ ဆက်ဆံကြသည်။

လူကြီးလူကောင်း ပီသစွာဖြင့် ဆက်ဆံတတ်ကြ၏။ ကိုကိုက တစ်မျိုး ... ကလေးဆန်ချင်နေသည်။

သူမ ငယ်စဉ်လေးတည်းကစပြီး အရောတဝင် မနေတတ်ခဲ့။

အခုမှ ... သူမအပေါ် တရင်းတနှီး ဆက်ဆံနေခဲ့သည်။

"ကိုကို့စိတ်ထဲမှာ ကလေးရှိမှ သံယောဇဉ် ပိုတွယ်တာလိမ့်မယ်လို့ ထင်မိနေတယ် မှုံ"

သူ ... စိတ်တွေထဲမှာ အလိုမကျမှုတွေနှင့်သံသယတွေ ကွယ်ပျောက်ချင်နေမိသည်။

မှုံ့ကို မယုံ။ ဒေါက်တာမြတ်နိုးကလည်း မှုံ့အပေါ် မျှော်လင့်နေသေးကြောင်း သိသာနေသည်။ သင်း လက်မထပ်သေးသရွေ့ သူ့စိတ်ထဲမှာ ဘဝင်မကျနိုင်အောင် ဖြစ်ရ၏။





ကလေးရှိမှ ဖြစ်မယ်။ မှုံ့ရဲ့သံယောဇဉ်နှင့်အချစ်တွေကို သူတစ်ယောက်တည်း ယူချင်မိသည်။

ဟုတ်တယ် ... ကလေးယူရမယ်။

မှုံက ဆရာဝန်ဆိုတော့ ကလေးမရအောင် ကာကွယ်တဲ့နည်းလမ်းတွေ ရှိချင်ရှိနေမှာဟု အတွေးတွေ ဝင်လာသည်။

"မှုံရယ် ... မင်းရဲ့အချစ်တွေ သံယောဇဉ်တွေအားလုံး ကိုကိုတစ်ယောက်တည်း ပိုင်ဆိုင်ရယူချင်နေတယ်ကွာ"

ထိုစကားတွေကို သူ့ရင်ထဲမှာပဲ ပြောဖြစ်နေသည်။

မှုံ့ကို မပြောချင်။ သူက လူကြီး။

မိန်းကလေးတစ်ယောက် ဘယ်လောက်အထိ ချစ်ခင်မြတ်နိုးနေပါသည်ဟု ပြောရမှာ အရှက်သိက္ခာမဲ့လွန်းသည်ဟု ထင်မိသည်။

"ရင်သွေးလေးကိုတော့ ကိုကို့အတွက် မင်းမွေးပေးသင့်တယ် မှုံ"

"ကိုကို့ဆန္ဒတွေအတိုင်း ဖြစ်စေရမှာပါ"

"ဟင် ... မင်းဆန္ဒတွေရော မပါဘူးလား"

ခက်ပြီ။ သူမ ထိတ်ခနဲ ဖြစ်သွားမိသည်။ ကိုကို့နှင့်အဆင်ပြေအောင် ထိန်းပြောနေသည့်ကြားမှ စကားမှားသွားရ၏။

"ကျွန်မဆန္ဒလည်း ကိုကို့ဆန္ဒတွေနဲ့ ထပ်တူထပ်မျှပါ။ ကျွန်မတို့မိသားစုဘဝလေး ဖန်တီးချင်တယ်"

"မင်း တကယ်ပြောနေတာလား မှုံ"

ကိုကို့လေသံတွေက ပြန်၍ ရှင်မြူးတက်ကြွလာသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့ ... ကိုကို့စိတ်တွေက တစ်စက္ကန့်အတွင်းပင် အပြောင်းအလဲ မြန်လွန်းနေသည်။ သူမ ရင်မောစွာ စောင့်ကြည့်နေရတာပင် မသက်သာလှပေ။

"မို့"

"ရှင်"

"ကိုကို့ကို ချစ်လား"

သူမ ... ရင်ထဲမှာ အောင့်သက်နာကျင်သွားစေသော မေးခွန်းဖြစ်နေသည်။ မောင့်ကို သတိရမိလာ၏။

"မို့"

"မင်းဖြေဖို့ ဘာဖြစ်လို့ တွန့်ဆုတ်နေရတာလဲ"

ကိုကို့အသံတွေက ဒေါသတကြီးနှင့် ခက်ထန်မာကျောလာပြန်သည်။ သူမဘက်ကလည်း ထိုစကားတွေကို ရုတ်တရက် အဖြေပေးရမှာ တွန့်ဆုတ်နေမိတာတော့ အမှန်ပဲဖြစ်နေ၏။

"တော်ပြီကွာ ... မင်းအနားလာရတာ စိတ်ပျက်တယ်၊ မင်းကို တစ်ခုပဲပြောမယ်မို့ ... ရင်သွေးလေးတစ်ယောက် ကိုကို့အတွက် အမြန်ဆုံးမွေးပေးနိုင်အောင် ကြိုးစားထားပါ"

ကိုကိုသည် သူမအနားမှ ဒေါသတကြီး ထွက်ခွာသွားတော့သည်။

အခန်း ( ၂၀ )

သူမ ... ကလေးမရအောင် ဘယ်လိုအတားအဆီးမှ လုပ်ထားခြင်းမရှိ။ ကိုကိုက အထင်လွဲနေသည်။

"မင်း တမင်သက်သက် မရှိအောင် လုပ်ထားတာလားမို့၊ ငါ မင်းကို မယုံဘူး ... မင်း ငါ့ရင်သွေးလေးကို မင်းမလိုချင်တာ မဟုတ်လား"

"မဟုတ်ပါဘူးကိုကို ... ကျွန်မလည်း သမားတော်ကြီးတွေနဲ့ စစ်ဆေးဖို့ စဉ်းစားနေပါတယ် ... ကိုကိုရော ကျွန်မရောပေါ့"

"မစစ်ဆေးဘူး ... မင်းအနေနဲ့ စွမ်းဆောင်နိုင်တာပဲ၊ မင်းက ကျန်းမာသန်စွမ်းတဲ့ မိန်းမတစ်ယောက်ပဲ ... မင်းမလိုချင်လို့ လုပ်ထားတာ ငါလိုက်ပြီး မစစ်ဆေးနိုင်ဘူး"

သူမ ... သေချင်လာမိသည်။ ကိုကိုသည် သူမအား အမြဲတမ်း အပြစ်တင်နေတော့သည်။ ရန်လိုနေ၏။ သူမ ဘယ်သို့ဆက်ဆံရမှန်းပင် မသိတော့။

"မို့နဲ့သာ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ကိုကို"

"မင်းကိုယ်မင်းပဲ စစ်ဆေးပါ ... ငါကတော့ အမြန်ဆုံး ကလေးလိုချင်တယ်"

သူမ ... ဘယ်လိုစွမ်းဆောင်ရမလဲ။ ကိုကို့မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင် ခက်ထန်မာကျောနေသည်။

သူမထံမှ အချစ်တွေကို တောင်းဆိုနေသော ကိုကိုသည် သူမအပေါ်ရော ချစ်ခင်မြတ်နိုးရဲ့လားဆိုတာ စဉ်းစားနေမိ၏။

အချစ်ဆိုတာ မရှိ။ ကိုကို့မျက်ဝန်းတွေထဲမှာ အမြဲတမ်း သံသယတွေ ရှိနေသည်။

"မင်းကောင်က နိုင်ငံခြားကို အပြီးအပိုင်သွားလည်း မင်း အလုပ်ကနေ ထွက်ရမယ်"

သူမအတွက် ဘယ်လိုနည်းနှင့်မှ သောကဒုက္ခတွေထဲမှ လွတ်ကင်းမှာမဟုတ်။ ကိုကိုက အမြင်စောင်းနေသည်။ အပြစ်ရှိသော တရားခံတစ်ယောက်အနေနှင့် ကြည့်နေတတ်၏။

"မင်းကောင်က ဘာဖြစ်လို့ လက်မထပ်တာလဲ ... အဲဒါ အကြောင်းရှိတယ်၊ မင်းကို မျှော်လင့်နေသေးလို့ပဲ"

သူမ ... ငြင်းဆန်၍မရ။ စောဒက တက်နိုင်တဲ့အင်အားတွေလည်း ကင်းဝေးနေရသည်။ နေရတာ တထိတ်ထိတ်။

သူမ နှလုံးသားတွေထဲမှာ အမြဲတမ်း စူးရှနာကျင်နေရသည်။ ကြာရင် မလွယ်ဘူး။ နှလုံးရောဂါပင် ရနိုင်သည်။ အိမ်ထဲမှအိမ်ပြင် ထွက်ခွင့်မရှိ။





ကိုကို့ရဲ့ သံသယမျက်ဝန်းတွေ ကြားထဲမှာ သူမစိတ်တွေ ဝိတ်လျှောင်မွန်းကျပ်နေရတော့သည်။

"မင်းကို ထပ်ပြောမယ်မို့ ... ငါ့ရင်သွေးလေးတစ်ယောက် လိုအပ်နေတယ်"

သေချင်တာပဲ ... သူမ ဘယ်လိုရှင်းပြရမှန်းမသိအောင် ဖြစ်နေမိသည်။

"မင်းမှာ မိခင်စိတ်ဓာတ် မရှိလို့ဘဲ မို့"

မိခင်စိတ်ဓာတ်တဲ့။ သူမရင်ထဲမှာ သောကတွေ နာကျင်မှုတွေပဲ ရှိနေခဲ့သည်။

နူးညံ့မှုမရှိ။ အေးချမ်းမှု မရှိ။ အချစ်တွေ မရှိ။

ကိုကိုက သူမအား စူးစူးဝါးဝါး စိုက်ကြည့်သည်။

"မင်းကမှ ငါ့ကိုမချစ်တာဘဲ မို့နဲ့သာ ... မင်းက မလွဲသာလို့ ငါ့ကို ပေါင်းနေရတာပဲ"

မဟုတ်ပါဘူးဟု သူမ ပြောချင်သည်။ ကိုကို လက်ခံမှာ မဟုတ်။ သူမအား အမြဲတမ်း မယုံသင်္ကာဖြစ်နေတတ်၍ အမှန်တရားတွေက ဖုံးကွယ်နေသည်။

ရှင်းလင်းပြလိုတဲ့ ဆန္ဒတွေလည်းမရှိ။

"မင်းမှာ ဘယ်တော့မှ စိတ်ဓာတ်တက်ကြွနေတယ် မရှိဘူး မင်း ငါနဲ့နေရတာ စိတ်ညစ်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူး ကိုကို"

"ဘာမဟုတ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင် ... မောင်ခန့်ထယ်ရဲ့ စိတ်တွေက အံ့သြစွာဖြင့် ပြောင်းလဲသွားသည်။ ကြမ်းတမ်းသွား၏။ စဉ်းစားမရ။

"မှုံ့ကို ဒေါ်သက် အကြံတစ်ခုပေးချင်တယ်ကွယ်"

"ဘာများလဲ ဒေါ်သက်"

"တခြားမဟုတ်ပါဘူးကွယ် ... မောင်ခန့်ထယ်ကို ချစ်တယ်လို့ ပြောလိုက်ပါလား"

"ဒီအချိန်ကျမှ အချစ်ဆိုတာ လိုအပ်လို့လား"

"မောင်ခန့်ထယ်က မှုံ့ကို အထင်လွဲနေတာပဲ ... မောင်မြတ်နိုးကိုပဲ ချစ်နေတယ်လို့ ထင်နေတယ်"

သူမ နှုတ်ခမ်းတွေကလည်း ချစ်တယ်ဆိုတဲ့ စကားထက် သံယောဇဉ်ဆိုတဲ့ စကားတွေကိုပဲ ပြောချင်သည်။

"မောင်နဲ့ ကဏ္ဍက ပြီးဆုံးသွားပြီပဲ ဒေါ်သက်ရယ်"

"အမယ်လေး ... မောင်ဆိုတဲ့ အသုံးအနှုန်းမျိုး မောင်ခန့်ထယ် ကြားသွားပါဦးမယ်"

"ကျွန်မတော့ သေချင်နေပြီ ဒေါ်သက်ရယ် ... ကိုကိုက ကျွန်မကို သူ့အစေအပါးတစ်ယောက်လောက်ပဲ သဘောထားနေတာပါ"

သူမ ... ကြေကွဲစွာ ငိုမိသည်။ ရင်ထဲမှာ မခံစားနိုင်တော့။ ကိုကို့ရဲ့ အပြုအမူတွေက ကြမ်းတမ်းခက်ထန်နေသည်။

"ကျွန်မကို ရန်သူတစ်ယောက်လို ကိုကို ဘာဖြစ်လို့ ဆက်ဆံနေရတာလဲ"

"မှုံ့ရယ် ... မောင်ခန့်ထယ်လို လူတစ်ယောက်နဲ့ ပြောင်းလဲ





သူမရဲ့ ပျော်ရွှင်မှုတွေကို ရှင်ပဲ ဖျက်ဆီးပစ်လိုက်တာ မဟုတ်လား။ ကိုကို့ရဲ့ အပြစ်တင် အထင်လွဲမှုတွေအောက်မှာ ကျွန်မ သေတော့မယ်။

"မင်းကို ငါမယုံဘူး ... အကောင်းဆုံးက မင်းအလုပ်က ထွက်ဖို့ပဲ ... ကွယ်ရာမှာ မင်းနေချင်သလို နေခွင့်မရှိဘူး"

ကိုကို ထွက်သွားသည်။ သူမ တစ်ယောက်တည်း ကျန်ခဲ့မှ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ စီးကျလာ၏။

"မှုံ့"

"ဟင်"

ဒေါ်နှင်းသက်။

"ဘယ်လိုဖြစ်ရပြန်ပြီလဲ မှုံ့ရယ်"

"ဒေါ်သက်ရယ်"

ဒေါ်သက် ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားမိသည်။ မှီခိုအားထားရာ မဲ့နေ၏။ မိဘတွေက သူမ ငယ်စဉ်လေးတည်းကပင် သေဆုံးသွားသည်။ တွယ်တာရာ မဲ့နေခဲ့၏။

"ကျွန်မ ... ကျွန်မ ကိုကိုနဲ့ အဆင်ပြေအောင်နေဖို့ ခက်နေပြီ ဒေါ်သက်ရယ်"

"ဒေါ်သက်ကလည်း ဘယ်လိုဖြေရှင်းရမလဲတောင် မသိတော့ပါဘူး မှုံ့ရယ်"

ဒေါ်နှင်းသက်လည်း မှုံ့ဝဋ်ကြွေးကြောင့် စိတ်ထိခိုက်ကြေကွဲနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မှုဟာ ဒေါ်သက်တော့ နားမလည်နိုင်အောင်ပဲ"

"ကိုကိုက ကျွန်မကို အပေါ်စီးကနေ ဆက်ဆံနေတာပါ"

"မှုံလေးကလည်း ချစ်တယ်လို့ ပြောလိုက်ပါလား"

"မောင်ကလွဲပြီး ကျွန်မ ဘယ်ယောကျ်ားကိုမှ မချစ်နိုင်တော့ဘူး ဒေါ်သက်"

"မောင်ခန့်ထယ်နဲ့မှုံ လက်ထပ်ပြီးပြီပဲ"

"ကိုကို့ကိုတော့ ကျေးဇူးတရားတွေရော သံယောဇဉ်ပါ ကြီးရပါတယ် ဒေါ်သက် ... ဒါကြောင့်လည်း ကျွန်မ ကိုကိုနဲ့လက်ထပ်ဖို့ သဘောတူတာပဲ"

"မောင်ခန့်ထယ်က အဲဒီလို မဖြစ်စေချင်ဘူး၊ မှုံတို့ကြားမှာ တစ်ခုခုတော့ လွဲချော်နေပြီ"

ဘာတွေ လွဲချော်နေတာလဲ။ သူမ စဉ်းစားမရ။ ကိုကိုနှင့် အဆင်ပြေအောင် ဘယ်လိုနေရမှန်းပင် မသိတော့။

"မှုံ့ကို ကလေးလိုချင်တယ်တဲ့ ... မှုံ ဘာလုပ်ရမလဲ"

ကိုကို အတ္တကြီးလွန်းသည်။ သဘောထား သေးသိမ်လွန်းသည်ဟု ထင်မိ၏။

"မှုံရယ် ... တစ်နေ့ကျရင် အားလုံးနားလည်သွားမှာပါ၊ မှုံလေး စိတ်သဘောထား ဖြူစင်တယ်ဆိုတာ ဒေါ်သက်သိပါတယ်"

မှုံ့ကို ဒေါ်သက် ဖျောင်းဖျချော့မော့နေရသည်။ သနားစဖွယ် မိန်းကလေး ... အနစ်နာခံတတ်သည်။

မောင်ခန့်ထယ်အပေါ်လည်း သံယောဇဉ်ကြီးမားတာ မိမိ





အသိဆုံးပင်။

"မှုံလေးတို့ အိမ်ထောင်ရေးကို အဆင်ပြေစေချင်တယ်၊ တည်ငြိမ်အေးချမ်းစေချင်လှပါပြီကွယ်"

ဒေါ်နှင်းသက်လည်း ဆုတောင်းနေမိသည်။

မှုံက ဇနီးကောင်းပီသစွာ နေထိုင်ပြုမူတတ်သူ ဖြစ်၏။

တသိမ့်သိမ့် လှုပ်ခါနေတဲ့ မှုံ့ကိုယ်လုံးလေးကို ပွေ့ဖက်နှစ်သိမ့်အားပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

မှို ကလေးမရသည့်ကိစ္စပဲ သူ လုံးဝ မကျေမနပ်ဖြစ်နေမိသည်။

မယူတာလား ... မရတာလား ... မှို့နှင့်သူ စစ်ဆေးကြည့်ဖို့ ဆိုတာလည်း ရှက်နေမိသည်။

သူ့ဂုဏ်သိက္ခာတွေအတွက် စောင့်ထိန်းနေရ၏။

မင်း တမင်မယူတာပါ။ မြတ်နိုးကိုပဲ မှို့ မျှော်လင့်နေတာ။

ဘယ်လောက်ဒေါသဖြစ်ဖို့ ကောင်းလဲ။ ဒေါက်တာမြတ်နိုးကလည်း နိုင်ငံခြား အပြီးအပိုင် ထွက်သွားမယ်တဲ့။

လက်ထပ်ဖို့တော့ လက်မခံ။ အကြောင်းရှိရမယ်။

သင်းတို့နှစ်ယောက်လုံး မျှော်လင့်ချက်တွေ ရှိနေကြပုံပင်။

ရင်ဝဆီမှ စူးအောင့်တဲ့ ဝေဒနာတွေ ခံစားနေရသည်။ မှို့ကို မပြော။ ကျိတ်ပြီး ဆေးသောက်နေရသည်။ သူ့နှလုံးရောဂါဝေဒနာ ပြင်းထန်လာမှာ စိုးရိမ်ပူပန်နေမိ၏။

မြတ်နိုးရော မှို့ရော ကျိတ်ပြီး ဝမ်းသာချင်ဝမ်းသာနေကြမှာ





ပဲ။ သူ သေမှာကို စောင့်နေကြတာလား။

"အား ... ကျွတ် ... ကျွတ် ... "

အတွေးများလေ ပိုဆိုးလေပဲ။ အောင့်တက်လာသည်။

သူ သေသွားရင် ... မဖြစ်သေးဘူး။

မှို့ ... မင်း ... ကိုကို့အပေါ် ဘာဖြစ်လို့ အချစ်တွေမရှိရတာလဲ။ မုန်းတီးနေရတာလဲ။ မင်းကိုချစ်လို့ ကိုကို လက်ထပ်ခဲ့ရတာပါ မှို့နဲ့သာရယ်။

"အား"

ရင်ထဲမှာ မွန်းကျပ်လာသည်။ အောင့်သက်လာ၏။ မဖြစ်သေးဘူး ... ဆရာဝန်ဆီ သွားမှ။ မှို့ကို မခေါ်ဘူး။ သူ့မှာဝေဒနာတွေ ရှိတယ်ဆိုရင် မှို့တို့ကျိတ်ပြီး ပျော်နေကြမှာပဲ။

ဒေါက်တာမြတ်နိုးနှင့် မပတ်သက်သော ဆရာဝန်ဆီသွားဖို့ ဆုံးဖြတ်ထားသည်။ သူတစ်ယောက်တည်း ထွက်လာခဲ့၏။

ဆေးခန်းရောက်တော့ ဆရာဝန်က တစ်ယောက်တည်း ကားမောင်းမလာသင့်ကြောင်း ပြောတော့သည်။

"တစ်ယောက်ယောက်တော့ ခေါ်လာသင့်တယ်၊ ခင်ဗျား ဇနီး ... "

"ဗျာ"

"ဩော် ... ခင်ဗျားက လူပျိုကြီးလား ... ဆောရီးနော်၊ လှုပ်လှုပ်ရှားရှားတွေ သိပ်ဖြစ်မှာမျိုးတွေ မလုပ်သင့်ဘူး"

"ကျွန်တော့်အခြေအနေ"

"ဆိုးဝါးနေတယ် ... ဖြစ်နိုင်ရင် ခင်ဗျားဆေးရုံတက်သင့်



www.burmeseclassic.com

www.burmeseclassic.com



တယ် မောင်ရင်”

“ဆေးရုံတက်ရမယ်”

“ဟုတ်တယ် ... ခင်ဗျားအဆင့်က ဖိုဖိုစီးစီးကုမှဖြစ်မယ် ထင်တယ်”

မကုဘူး ... မှုံ့ သိလို့မဖြစ်ဘူး။ သူ့ကို ရောဂါသည်ကြီးအဖြစ် မှုံ့နှံ့သာ မြင်တွေ့သွားမှာ စိုးမိသည်။

“ကိုခန့်ထယ်”

“ဗျာ”

“ခင်ဗျား မျက်နှာပျက်သွားတယ် ... ဘာဖြစ်လို့လဲ၊ ဆေးရုံ တက်ဖို့ကိစ္စ ခင်ဗျားမှာ ဘာအခက်အခဲရှိနေလဲ ... ငွေကြေးတော့ မဖြစ်နိုင်ဘူးထင်တယ်”

သူ့လက်က ဆယ်လှူလာရယ်၊ သူစီးလာတဲ့ကားရယ်၊ သူ့ပုံစံရယ်က ငွေကြေးကြောင့် မဖြစ်နိုင်ဟု ဆရာဝန်ကြီးက ကျိန်းသေ တွက်ချက်ထားလိုက်သည်။

“ကိုခန့်ထယ်”

“ဗျာ”

“ပြောပါ ... ခင်ဗျား ရင်ထဲမှာ စိတ်သောကတွေကို ပိတ်ဆို့ မထားသင့်ဘူး”

“ဘာမှမရှိပါဘူး ဒေါက်တာ ... ကျွန်တော့်ကိုယ် ကျွန်တော် ရောဂါဝေဒနာရှင်ကြီးအဖြစ် မသတ်မှတ်ချင်တာပါ”

“ဒါကတော့ ရောဂါဖြစ်လာပြီပဲ ... ခင်ဗျားလည်း ပညာ တတ်တစ်ယောက်ပဲဗျာ ... ဆေးကုသမှုခံယူတာ အကောင်းဆုံး





နည်းလမ်းပဲဟာ”

“ကျွန်တော် စဉ်းစားပါရစေဦး ဒေါက်တာ”

“စဉ်းစားမနေသင့်တော့ဘူး ကိုခန့်ထယ် ... ဆေးဝါးကုသမှု အပြည့်အဝ ခံယူရမယ် ... စိတ်ရောလူရောပဲ အနားယူရမယ်၊ ဘယ် သွားသွား ခင်ဗျားတစ်ယောက်တည်း မသွားသင့်ဘူး”

မှုံ့ကို ခေါ်ရမလား။ ဒီမိန်းမ အေးစက်နေတာပဲ။

စိတ်မပါဘူး။

“ဒေါက်တာ”

“ပြောပါ”

“ကျွန်တော် မိန်းမယူရင် ကလေးရနိုင်မလား”

“ဗျာ”

“ကျွန်တော်က ကျန်းမာသန်စွမ်းတဲ့ ယောကျ်ားတစ် ယောက် မဟုတ်လို့ပါ”

“အရေးကြီးတာက စိတ်ခွန်အားကြံ့ခိုင်ဖို့တော့ လိုအပ်တယ် ကိုခန့်ထယ် ... ခင်ဗျား သိချင်ရင်တော့ သက်ဆိုင်ရာဆရာဝန်တွေ နဲ့ စစ်ဆေးပေါ့ ... ဘာလဲ ခင်ဗျားက အခုမှ မိန်းမယူမှာလား ကိုခန့်ထယ်”

“ခွင့်ပြုပါဦး ဒေါက်တာ”

သူ့အိမ်ထောင်ရေး အဆင်မပြေမှုတွေကို ပြောပြချင်နေမိ သည်။ ရင်ဖွင့်ချင်၏။ အရှက်တွေ ... ဂုဏ်သိက္ခာတွေက ရှိနေသေး သည်။

“မှုံ့နှံ့သာ မင်းကို ငါ ဘယ်လောက်အထိ စွဲလန်းပြီးချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ရွေးချယ်ရလဲ"

ဆရာဝန်ကြီးက သူ့ကို စိတ်လှုပ်ရှားစရာတွေ မတွေးရဘူး ဟု ပြောသည်။ မတွေးနဲ့ ... သူ ... ဆေးရုံတက်လို့ မဖြစ်ဘူး။ မှုံနှံ့သာ သိလို့မဖြစ်ဘူး။ မြတ်နိုးလည်း နိုင်ငံခြားကို ထွက်သွားသေးတာ မဟုတ်ပေ။

ဒေါက်တာမိုးဆွေဆီ ဝင်ပြီး မြတ်နိုးအကြောင်း စုံစမ်းဖို့ စိတ်ကူးရလာသည်။ ဒီကောင် လိမ်တာလား။ နိုင်ငံခြားထွက်မည့်ဟန်ပြပြီး မထွက်ဘဲ နေရင်အခက်။

ဒေါက်တာမိုးဆွေဆီ ဝင်လာခဲ့မိသည်။

"ခန့်ထယ် ... မင်းရောဂါအခြေအနေကို ပစ်ပယ်မထားနဲ့နော်"

သူနှင့်မိုးဆွေကတော့ တစ်ယောက်အကြောင်းတစ်ယောက် သိထားကြသူတွေ ဖြစ်နေကြသည်။

"မင်းကို မေးစရာရှိတယ် ခန့်ထယ်"

"မေးလေ"

"မင်း လက်ထပ်လိုက်ပြီဆို"

"ဟင်"

သူ လက်ထပ်တာ မိုးဆွေ မသိ။ ဘာအခမ်းအနားမှလည်း မလုပ်။ ပတ်ဝန်းကျင်ကိုလည်း အသိပေးထားခြင်း မရှိ။

"မင်းကို ဘယ်သူပြောတာလဲ၊ ဒေါက်တာမြတ်နိုး ပြောတာလား"

ဘဝတစ်လျှောက်လုံး ဂုဏ်သိက္ခာကြီးမားစွာ နေလာခဲ့





သည်။

"ခန့်ထယ်"

"ဘာလဲ မိုးဆွေ"

"မင်း လက်ထပ်လိုက်တာ ဒေါက်တာမှုံနှံ့သာဆို"

သူ့တစ်ကိုယ်လုံး ထူထူပူပူကြီးဖြစ်နေမိသည်။ ဒေါက်တာမြတ်နိုး ပြောတာလား။ သူ့ဂုဏ်သိက္ခာ ကျဆင်းအောင်လုပ်တာပဲ။

ဒေါသတွေ ပေါက်ကွဲချင်လာရသည်။

"မြတ်နိုးချစ်သူက ဒေါက်တာမှုံနှံ့သာပဲကိုး ... မောင်ရင့်စိတ်တွေ ပြောင်းလဲသွားတာ အံ့ဩတယ်"

"ဘာအံ့ဩစရာရှိလဲ မိုးဆွေ ... ဒေါက်တာမှုံနှံ့သာဟာ ငါ့အနားမှာပဲ ရှိသင့်တယ်"

"မင်း ကောင်မလေးကို မချစ်ဘဲနဲ့ ဘာဖြစ်လို့ လက်ထပ်လိုက်ရတာလဲ"

"ဘာ"

"မင်း လုံးဝ မကျေမနပ်ဖြစ်နေတယ် မဟုတ်လား"

မချစ်လို့ ... ဟုတ်လား။ ချစ်လို့ လက်ထပ်တာကွ။

သူ ... ပြောချင်သည်။ ပြောမထွက်။

အရှက်သိက္ခာတွေက သူ့ရင်ထဲမှ အမှန်တရားတွေကို တားဆီးပိတ်ဆို့ထားသလို ပွင့်အံထွက်ဟ မရခဲ့။

ရင်ဝမှာ အောင့်တက်လာသည်။ ဆေးသောက်ရသည်။

ငုံဆေးပြားလေးတစ်ပြားကို သူ့ပါးစပ်ထဲ ထည့်ထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း _ ဆေးခန်းပြပြီး ပြန်လာတာလား ခန့်ထယ်"

"ဟုတ်တယ်"

"ကျန်းမာရေး ဂရုစိုက်ဦး"

"ကိုယ် လူမမာ မဟုတ်ဘူး"

ဒေါက်တာမြတ်နိုး နားထဲ ရောက်သွားမှာ စိုးသွားမိသည်။

"ကိုယ့်အကြောင်းတွေ မင်းကို ဒေါက်တာမြတ်နိုး ပြောတာလား"

"မဟုတ်ပါဘူး ... ကိုယ်က အသိုင်းအဝိုင်းက များတယ်လေ _ ဒေါက်တာမှုံနှံ့သာကို လူတိုင်းသိတာပဲ"

"ကိုယ် အခု ကျန်းမာရေးမကောင်းတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်အနားမှာ မှုံနှံ့သာရှိသင့်တယ် ထင်မိလို့ပါ"

"မောင်ရင် မှားတယ်"

"ဟင်"

"ကောင်မလေးကို မောင်ရင် လူပုံအလယ်မှာ မတွဲရဲဘူး မဟုတ်လား"

သူ ... ငြိမ်သက်နေမိသည်။ ပတ်ဝန်းကျင်မှာတော့ သူအမှန်တကယ်ပဲ မတွဲပြရဲ။ မချစ်၍ မဟုတ်ပါဘူး။

ချစ်သည်။ မြတ်နိုး၏။ ဒါပေမယ့် ...

"ဒေါက်တာမှုံနှံ့သာကို မောင်ရင် အညွန့်ချိုးပစ်တာပဲ"

"ဘာပြောတယ်"

"အလုပ်တာဝန်ကပါ ထွက်ခိုင်းတာ မောင်ရင် အတ္တကြီးနေတာပဲ"





မိုးဆွေအား သူ ဆတ်ခနဲ ကြည့်မိသည်။

"ဒေါက်တာမြတ်နိုးက မှုံ့ကို မျှော်လင့်နေသေးတယ်ဆိုတာ မောင်ရင် သိလား ..."

"မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ ... လူကြီးတွေ စီစဉ်တဲ့ကိစ္စ မြတ်နိုး ငြင်းလိုက်တာ မျှော်လင့်ချက် တစ်ခုခုရှိလို့ပေါ့"

"မောင်ရင် စိတ်ထဲမှာထင်နေတာပါ ... ဒေါက်တာမြတ်နိုးရော ... ဒေါက်တာမှုံနှံ့သာပါ လူကြီးလူကောင်း ဆန်ကြတယ် ... ရိုးသားဖြူစင်ကြတယ်၊ ဒေါက်တာမြတ်နိုးဘက်က ကိုယ်အာမခံတယ် မောင်ရင်"

"ကိုယ် မယုံဘူး"

"ဒေါက်တာမြတ်နိုးလည်း မကြာခင် နိုင်ငံခြားထွက်တော့မယ် ... ဒေါက်တာမှုံနှံ့သာကို အလုပ်က မထွက်ခိုင်းပါနဲ့ ... ကိုယ်နမြောလွန်းလို့ပါ"

"ဒါ ... ကိုယ့်ကိစ္စပါ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အနားမှာ မှုံနှံ့သာ ရှိနေစေချင်တယ်"

"မောင်ရင် အတ္တကြီးတာပဲ"

"ထင်ချင်သလို ထင်နိုင်တယ် မိုးဆွေ"

သူ ... ထသည်။ မှုံ့ကို သူ့မျက်စိအောက်ကနေ အပျောက်မခံနိုင်အောင် ဖြစ်နေ၏။

"ဒေါက်တာမြတ်နိုး ဘယ်တော့ထွက်မလဲ မိုးဆွေ ... သေချာလား"

www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ် ... နောက်တစ်ပတ် ထွက်မှာပဲ"

"ပြန်တော့မယ်"

"နေဦး ခန့်ထယ်"

"မောင်ရင် ပြောမယ့်စကားတွေ ကိုယ်သိတယ်"

"မကြားချင်ဘူး ... ဘာမှလဲ ထူးလာမှာ မဟုတ်ဘူး မောင်ရင်"

သူ ... ပြန်လာခဲ့သည်။ ဒေါက်တာမြတ်နိုး တစ်ပတ်အတွင်း ထွက်မည်ဟု သတင်းတွေ ကြားရ၏။

သေချာသွားသည်။ အရေးကြီးတာက ... သူနှင့်မှုံ့ကြားမှာ သံယောဇဉ် ပိုမိုခိုင်မာဖို့ ကလေးတစ်ယောက် ရဖို့ပဲ။

မှုံ့ကြောင့်လား ... သူ့ကြောင့်လား။ အဓိက ... မှုံ့ပဲဖြစ်မှာပါ။

ဆေးပညာကို ကျွမ်းကျင်တော့ တားဆီးထားတာလည်း ဖြစ်နိုင်တယ်။

"အား ... "

အောင့်လာသည်။ အသက်ရှူရတာပင် မဝအောင် မွန်းကျပ်လာတော့၏။

"ခင်ဗျားတစ်ယောက်တည်း အပြင်မထွက်သင့်ဘူး ... ဓနီး ဖြစ်ဖြစ် ခေါ်လာသင့်တယ်"

မှုံ့နှင့်သူ လက်ထပ်ပြီးမှ နှစ်ယောက်တွဲပြီး အပြင်မထွက်ကြ။ သူ့ဘက်မှ ရှက်နေမိသည်။ မခံစားနိုင်ခဲ့။ အချစ်ဆိုတာကို သူ သေသေချာချာ စဉ်းစားနေမိသည်။

မှုံ့ကို တွေ့လိုက်သည်နှင့် သူ့နှလုံးသားတွေက ချစ်မိသွားရ





၏။ အတ္တတွေ ကြီးမားခဲ့ရသည်။ ပိုင်ဆိုင်လိုသော ဆန္ဒတွေ ကြီးမားစွာ ပြင်းပြသွားရ၏။

ကိုကို့ရင်ထဲမှာ အသိတရားတွေ ကင်းမဲ့နေပြီ။ မှုံ့ကို ချစ်လို့ပါ။ အလွန်အမင်း ချစ်မိလို့ပါ။

အိမ်ပြန်ရောက်လာသည်နှင့် သူ အိပ်ခန်းထဲဝင်ပြီး ငြိမ်သက်နေမိသည်။ ဆေးတွေ သောက်ရ၏။ မောလိုက်တာ ...

"မင်း မှားတယ် ခန့်ထယ် ... ဒေါက်တာမှုံ့နဲ့သာဘဝကို အညွန့်ချိုးပစ်လိုက်သလို ဖြစ်နေပြီ"

ဒေါက်တာမိုးဆွေက သူ့အား ပြင်းထန်စွာ ဝေဖန်ပြစ်တင်ခဲ့သည်။ မှုံ့ဘဝကို အညွန့်ချိုးပစ်တာလား။ မဟုတ်ဘူး ... ကိုယ့်ကို စွန့်ပစ်သွားမှာ စိုးရိမ်ကြောင့်ကြမိတာပါ။

မင်းဘဝ ဘာများ အညွန့်ကျိုးစရာရှိလဲ မှုံ့။ စဉ်းစားကြည့်စမ်း ... ကိုကို့မှာ စည်းစိမ်ဥစ္စာတွေက မင်းတစ်သက် စားလို့မကုန်အောင် ရှိတာပဲ။

မင်းအတွက်လေ ... ဘာလိုသေးလဲ။ ကိုကို့ကွယ်ရာမှာ မင်း သွားလာလှုပ်ရှားနေတာ မလိုလားတာပါပဲ။

ပြီးတော့ ... မင်းနှလုံးသားတွေထဲက စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတွေ လိုအပ်တယ်။ ပေးစမ်းပါ ... မင်း နှုတ်ခမ်းသားတွေက ဘာဖြစ်လို့ ကိုကို့ကို ချစ်တယ်လို့ မပြောရတာလဲ။

သူ မောနေသည်။ မှုံ့ကို သူ့အနားမှာ ရှိစေချင်လာမိတော့၏။

သူလိုအပ်မှသာ သူ့အနားကို လာရမည်ဟု ပြောထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမ ရင်ထဲမှာ သူ့ရင်သွေးလေးတွေအတွက် မိခင်စိတ် ရှိမှာ မဟုတ်ပါဘူး။ မရှိနိုင်ဘူး။ ဒေါသတွေက ဖြစ်လာသည်။

"ခင်ဗျား အသက်ရှည်ချင်ရင် စိတ်ကို တည်ငြိမ်အေးချမ်း အောင်နေပါ"

စိတ်တွေကို ငြိမ်သက်သွားအောင် ထိန်းချုပ်ပစ်လိုက်မိ သည်။ မှံ့ကိုခေါ်လိုက်ရင် ကောင်းမလား။ မဖြစ်ဘူး ... သူ့ကို ဝေဒနာသည် တစ်ယောက်အဖြစ် မှံ့ လုံးဝ မတွေ့စေရဘူး။

ကိုကိုဟာ ကျန်းမာသန်စွမ်းတဲ့ ယောက်ျားတစ်ယောက် အဖြစ်ပဲ မင်းတွေ့စေရမယ်။

စိတ်တွေကို ငြိမ်သက်အောင် အတတ်နိုင်ဆုံး ထိန်းချုပ်ထား နေမိသည်။ ဆေးအရှိန်ကြောင့် အမောသက်သာလာရ၏။

"ခင်ဗျား ဆေးရုံတက်ပြီး ကြပ်ကြပ်မတ်မတ် ကုသသင့် တယ်"

သူ ... လက်မခံနိုင်။

မှံ့နှံ့သာ မသိစေရန် ဆေးကို ကျိတ်ကုဖို့ပဲ ဆုံးဖြတ်ထားမိ သည်။

အခန်း ( ၂၂ )

"ရှင့်ကိုကို ဆေးခန်းပြတယ် မှံ့"

"ဟင် ... ဟုတ်လား"

"ကျုပ်ကိုယ်တိုင်တွေ့တာ ... ကိုခန့်ထယ် ပြတဲ့ဆရာဝန် က မြသီတာ ဆရာပဲလေ"

"ကိုကိုက ကျွန်မကို အသိမပေးဘူး မြသီတာရယ်"

မြသီတာ သတင်းပေးတာကြောင့် ကိုကို ဆေးခန်းပြတာ သိရသည်။ စိတ်ပူသွားမိ၏။

အခုလည်း ... အခန်းထဲမှာ တစ်ယောက်တည်း နေသည်။ သူမအား လိုအပ်မှ လာရမည်တဲ့။ ကိုကို့ဆန္ဒတွေကို ဆန့်ကျင်ပြီး ဘာတစ်ခုမှ မလုပ်လိုပေ။

အိမ်ထောင်တစ်ခုကို တည်ဆောက်ခဲ့ပြီးပြီမို့ တည်ငြိမ်အေး ချမ်းတဲ့ အိမ်ထောင်တစ်ခုကိုပဲ တည်ဆောက်လိုခဲ့သည်။

ပြီးခတော့ ... ကိုကိုက ကျွန်မရဲ့ ကျေးဇူးရှင် ... သူ့အတက်က ပဲ အလျှော့ပေးရမည်ဟု တွေးမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုကိုက လူပျိုကြီးလိုလို ဘာလိုလို ပြောသွားသေးတယ်တဲ့ မှုံနဲ့သာ"

သူမ သိသည်။ ကိုကိုက သူမနှင့်လက်ထပ်တာ ပတ်ဝန်းကျင်ကို အသိမပေးခဲ့။ ရှက်နေသည်။ ဂုဏ်သိက္ခာကျမှာကို ကြောက်နေ၏။

"ဆေးရုံတက်ဖို့ပြောတာ လက်မခံဘူး ... တကယ်လို့ သူ့မှာ ဓနိးရှိရင် ကလေးရနိုင်မလားတဲ့ မှုံ"

"ကိုကို စိတ်ချမ်းသာအောင် မှုံ ဘာဖြစ်လို့များ မစွမ်းဆောင်ပေးရတာလဲ"

ကိုကို့ရင်သွေးလေးတစ်ယောက်တော့ ကိုကို့အတွက် သူမ မွေးပေးချင်သည်။ ကျွန်မရင်ထဲမှာ ကိုကို့ကို စိတ်ချမ်းသာစေချင်နေမိသည်။

"မြသီတာရယ် ... ကျွန်မ ကိုကို့အတွက် ရင်သွေးလေး မွေးပေးချင်တယ်"

"မှုံ"

"ဟင်"

"ရှင့်ကို အကောင်းဆုံး အကြံပေးချင်တာက ကိုခန့်ထယ်နဲ့ သဘောထား တိုက်ဆိုင်အောင် အမြန်ဆုံးညှိနှိုင်းပေးဖို့ပဲ မှုံ"

"ကျွန်မ ဘယ်လိုညှိနှိုင်းရမလဲ ... ကိုကို လိုအပ်တာက ရင်သွေးလေး မှုံ့ဆီမှာ ဘာလို့ မရှိရတာလဲ"

"မှုံ"

"ဟင်"





"ကိုကို့ကို ချစ်သူတစ်ယောက်လို ချစ်ခင်မြတ်နိုးတဲ့စိတ်တွေ မွေးသင့်တယ်"

မြသီတာအား အထိတ်တလန့်နှင့် သူမ မော့ကြည့်မိသည်။

"ကိုခန့်ထယ်က လူကြီးတစ်ယောက်ဖြစ်နေတော့ အရှက်တွေ သိက္ခာတွေ စောင့်ထိန်းနေတာပါ ... ရှင့်ဘက်က အချစ်တွေကို စတင်ပြသသင့်တယ်"

ကိုခန့်ထယ်အတွက်ပဲ စဉ်းစားပေးသင့်သည်ဟု မြသီတာပင် ထင်မိလာသည်။ မြတ်နိုးက ပြီးဆုံးသွားပြီပဲ။

မျှော်လင့်စရာ မရှိ။ မျှော်လင့်နေဖို့လည်း မသင့်တော်ဘူးဟု ထင်မိသည်။

"မြတ်နိုး ... ဒီတစ်ပတ်အတွင်း နိုင်ငံခြားထွက်မယ်"

"မှုံ့စိတ်ထဲမှာ မြတ်နိုး မရှိတော့တာ ကြာပါပြီ"

"ကောင်းတယ်"

တစ်ချိန်က မြတ်နိုးဘက်မှ ရပ်တည်လာသော မြသီတာပင် ကိုကို့ဘက်မှ ရပ်တည်လာတာ တွေ့နေရသည်။

"မှုံ"

"ဟင်"

"ကိုကို့ကို ပိုပြီး ဂရုစိုက်"

"အင်း"

ကိုကိုက သူမကို မခေါ်ပေ။ သူမအား ဓနိးမယားတစ်ယောက်အရာပင် ကိုကိုက သတ်မှတ်ထားရဲ့လား။ ဘာတစ်ခုမှ ဆွေးနွေးတိုင်ပင်ခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခန့်ထယ်က ,လူကြီးဖြစ်နေတယ်မှို ... ကျုပ်အထင်တော့ သူ့ဂုဏ်သိက္ခာတွေ ထိန်းနေတာပဲ ဖြစ်မယ်"

ကိုကို့ ကျန်းမာရေး မကောင်းဘူး။ သူမဘက်မှ နားလည်မှုတွေ ပေးသင့်တယ်လို့ ထင်မိလာသည်။

"ကိုခန့်ထယ် မခေါ်လည်း ရှင်သွားရမယ် ... သူ့ဘက်က ဘယ်လိုတုံ့ပြန် တုံ့ပြန် ရှင့်ရဲ့ချစ်ခြင်းမေတ္တာတွေကို ပြသင့်တယ်"

သူမ ဆုံးဖြတ်လိုက်မိသည်။ ကိုကို့ကျန်းမာရေး တစ်နေ့တခြား ဆိုးဝါးလာနေပြီဟု မြသီတာက ပြော၏။

"ဆရာက ပြောတယ် ... ဒီလူ အရမ်းပေတယ်တဲ့၊ အသက်အန္တရာယ်နဲ့ နီးကပ်နေပြီတဲ့ မှို"

သူမ ... စိတ်ပူသွားမိသည်။ ကိုကိုဟာ ကျွန်မရဲ့ ကျေးဇူးရှင်။

ဘာပဲဖြစ်ဖြစ် ... ကိုကို့စိတ်ချမ်းသာမှုတွေအတွက် သူမမှာ ပေးဆပ်ဖို့ တာဝန်အရှိဆုံးပဲ။

"ရှင့်စိတ်တွေ ကြံ့ခိုင်စမ်းပါ ... နောက်မှ ရှင့်ဘဝ တစ်လျှောက်လုံး နောင်တတွေ ရမနေစေချင်ဘူး မှို"

မြသီတာ ပြန်သွားသည်။ သူမ ... ကိုကိုရှိနေတဲ့ အခန်းသို့ အရဲစွန့်ကာ ရောက်လာတော့သည်။

"ကိုကို"

သူ ... လှုးလဲ ထမိသည်။ မှို့ရှေ့မှာ လူမမာတစ်ယောက်အဖြစ် မြင်တွေ့သွားမှာ စိုးရိမ်နေမိ၏။

"မင်း ဘာလာလုပ်တာလဲ မှို့နှံ့သာ"

"ကျွန်မ အလုပ်ကနေ ထွက်စာတင်လိုက်တဲ့အကြောင်း





လာပြီး ပြောတာပါ"

မှို ... အလုပ်က ထွက်ပြီတဲ့။

"မင်း ... ဒေါက်တာမှို့နှံ့သာရဲ့ ဘဝကို အညွန့်ချိုးလိုက်တာပဲ"

ဒေါက်တာမင်းဆွေရဲ့ စကားတွေကို ပြန်၍ကြားယောင်လာမိသည်။ နှလုံးသား နေရာဆီမှ စူးအောင့်လာရ၏။ ဟန်ဆောင်နေရသည်ပင် သူ့စိတ်တွေကို ပို၍ မောပန်းစေသည်။

"ကိုကို"

"ဘာလဲ"

"ကျွန်မ ကိုကို့အနားမှာပဲနေပြီး ကိုကိုရဲ့ လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးဖို့ ဆုံးဖြတ်ထားပါတယ်"

ကိုကို ဘာပဲပြောပြော သူမ နာခံတော့မည်ဖြစ်သည်။

ပြီးတော့ ... ကိုကို ကြားချင်တဲ့စကားတွေကိုလည်း ပြောရမည်။ မောင်က သူမဘဝထဲမှာ လုံးဝမရှိသင့်တော့တဲ့ လူတစ်ယောက်ပါ။ ကိုကိုနှင့်လက်ထပ်ပြီးတည်းက သူမ နှလုံးသားထဲတွင် မြတ်နိုး မရှိတော့။

အချစ်က အချစ်ပဲ။ ယောက်ျားတစ်ယောက်ကို အလွယ်တကူပြောင်းပြီး မချစ်တတ်၍ပါ။

"မှို"

"ရှင်"

"မင်းက ငါ့ကို လူမမာကြီးထင်ပြီး စိတ်ချမ်းသာအောင် လာလုပ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အထင်မလွဲပါနဲ့ ကိုကိုရယ် ... ကျွန်မ ကိုကို့ကို ချစ်လို့ပါ"

"ဘာ"

"ကျွန်မ ကိုကို့ကို ချစ်ပါတယ်"

"မင်း ... မင်း ဘာချစ်တာလဲ၊ မင်း ငါ့ကို မလွဲသာ မရှောင်သာလို့ လက်ထပ်တာ ငါသိနေတယ် မှုံနှံ့သာ"

"ကိုကို အထင်မှားနေတာပါ ... ကျွန်မ ဘဝမှာ ကိုကိုတစ်ယောက်တည်းရှိနေခဲ့တာပါ ... ယုံပါ ကိုကိုရယ်နော်"

"မယုံဘူး ... မင်း ငါ့ကိုယုံကြည်စေချင်ရင် ငါ့အတွက် ရင်သွေးလေးတစ်ယောက်လောက် မင်းမွေးပေးသင့်တယ်မှုံ"

ကိုကို့စိတ်ထဲမှာ ကျွန်မက တားဆီးထားတယ်ထင်နေတာက ခက်နေသည်။ သူမ ဘယ်လိုရှင်းပြရမလဲ။

ကိုကို့မျက်ဝန်းအကြည့်တွေက စိမ်းစိမ်းကြီး ဖြစ်နေဆဲပင်။

"ကိုကို ကျွန်မကို ဘာဖြစ်လို့ မယုံတာလဲ"

"ငါက ချစ်သူရည်းစား မထားပါနဲ့ဆို မင်းက ချစ်သူထားတယ်၊ ပြီးတော့ ... ငါ့ကို မလွဲသာလို့ လက်ထပ်တယ်၊ မင်း အခုမှ ချစ်တယ်လို့လာပြောနေတာ ငါ့ကို ဝေဒနာရှင်ကြီးလို့ သတ်မှတ်ထားတာ မဟုတ်လား"

"မဟုတ်ပါဘူး ကိုကို ... ကျွန်မ ဘဝမှာ ကိုကိုမရှိရင် မဖြစ်လို့ပါ၊ ကျွန်မ ကိုကို့ကို ချစ်တယ် ... မြတ်နိုးတယ်၊ ယုံပါ ကိုကိုရယ်နော်"

သူမ ... ကိုကို့ရင်ခွင်ထဲ တိုးဝင်ကာ ဖက်တွယ်ထားမိသည်။

"ကိုကို"





"ဟင်"

"ကျွန်မကို မပေါင်းချင်တော့တာလားဟင် ... ကျွန်မ ကိုကို့အနားမှာရှိနေတာ ကိုကို စိတ်ညစ်နေလား"

"တော်စမ်းမှုံ ... မင်းက ငါ့ကို စိတ်ချမ်းသာအောင် လာလုပ်နေတာလား"

ကိုကို့ကို သူမ ဘယ်လိုရှင်းပြရမလဲ။ ဖြူဖတ်နွမ်းနယ်နေတဲ့ ကိုကို့အမူအရာတွေက သိသာနေသည်။

"ကျွန်မအပေါ် သံသယတွေနဲ့ အမြဲတမ်း မုန်းတီးနေတော့မှာလားဟင်"

မင်းကို ကိုကို မမုန်းပါဘူး။ ချစ်လွန်းလို့ ခက်နေတာပါ မှုံနှံ့သာရယ်။

ကိုကို ဘယ်လိုရင်ဖွင့်ရမလဲ။

မင်းဘဝတွေကို အညွန့်ချိုးပစ်တာတော့ မဟုတ်ပါဘူး။

ချစ်လို့ပါ။ ကိုကို့အနားမှာပဲ ကိုကို့မျက်စိအောက်မှာပဲ မှုံရှိနေစေချင်လို့ပါ။

"ကိုကို ... ဘာဖြစ်ချင်တာလဲ၊ မှုံ ဘယ်လိုနေရမလဲ ပြောပါနော်"

သူ ... ငြိမ်သက်နေမိသည်။

မှုံ ... သူမ နှုတ်ခမ်းတွေက ချစ်ပါတယ်ဟု ပြောနေသည်။ ယုံရမလား ...

မင်း ... မြတ်နိုးကို ချစ်နေတာပါ။

"မင်း အိမ်ထောင်ရေးကို သံသယတွေနဲ့ ကြည့်နေရင် ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်လည်း အပိုပဲဖြစ်နေမယ် ခန့်ထယ် ... မင်း ဘာဖြစ်လို့ မှုံနှံ့သာကို ဒုက္ခပေးချင်နေရတာလဲ”

ဒေါက်တာမင်းဆွေက အပြစ်တင်ပြောဆိုခဲ့သည်။

ဟုတ်တယ် ... သူ ဆင်ခြင်သင့်ပြီ။

မှုံနှံ့သာကို သူ ချစ်တာပဲ။

သာယာအေးချမ်းတဲ့ အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်ရမယ်။

“မှုံ”

“ရှင်”

“ကိုကို့ကို မင်း တကယ်ပဲ နှလုံးသားတွေထဲက ချစ်တာလားကွာ”

“ချစ်ပါတယ် ကိုကို ... သံသယမရှိဘဲ ယုံကြည်ပါ”

“မှုံရယ်”

ကိုကို့ဘက်မှ မြတ်မြတ်နိုးနိုး ပွေ့ဖက်လာ၍ သူမကျေနပ်စွာ ဝမ်းမြောက်မိသည်။

သူမနဲ့ကိုကိုရဲ့ ပဋိပက္ခတွေ အေးချမ်းစေချင်လှပါပြီ။

အထူးသဖြင့် ... ကိုကို့ကျန်းမာရေးပဲ။

ဆေးခန်းကို ဂရုတစိုက် ပြသစေရန် သူမ ဖျောင်းဖျပေးချင်သည်။

ကိုကို့စိတ်တွေကို တည်ငြိမ်စွာ ရင်ဆိုင်စေချင်မိ၏။

“ကဲ ... ကိုကို ... ကျွန်မက ဆရာဝန်ဆိုတော့ နည်းနည်းပါးပါးတော့ စစ်ဆေးကြည့်ချင်တယ်”





သူမ ရယ်ကာမောကာဖြင့် ကိုကို့ကို ပြောရသည်။

“ကျုပ် လူနာမဟုတ်ဘူးနော်”

သူကတော့ မှုံဆေးစစ်မှာကို လက်မခံနိုင်ဘဲ ဖြစ်နေသည်။

ဆေးစစ်ထားတဲ့ စာရွက်စာတမ်းတွေကို မှုံ တွေ့သွားမှာ စိုးမိ၏။

“မစစ်ဆေးစမ်းပါနဲ့မှုံ ... ကိုကို ဘာမှမဖြစ်ဘူး ... အလကားနေရင်း လူမမာ ဖြစ်နေဦးမယ်”

သူ့ကို ကျန်းမာသန်စွမ်းတဲ့ လူတစ်ယောက်အဖြစ်ပဲ မှုံ လက်ခံစေချင်သည်။ မှုံ မသိအောင် ဆေးကုလို့ ရတာပဲ။

“မှုံ ... ကိုကို့ကို နောက် ဘယ်တော့မှ ဆေးမစစ်နဲ့၊ ကိုကို မကြိုက်ဘူးကွာ”

“ကိုကို မကြိုက်လည်း မှုံ မလုပ်တော့ပါဘူး”

ကိုကို စိတ်အနှောင့်အယှက် ဖြစ်ရမယ့်အလုပ်တွေကို သူ ဘာမှ မလုပ်ချင်။ ပြဿနာတွေ မဖြစ်စေချင်တော့။

“ကိုကို ...”

“ဘာလဲ မှုံ”

“ထ”

“ဘာလုပ်မလို့လဲ”

“ကျွန်မနဲ့ ကိုကို အပြင်ထွက်ကြမယ် ... တစ်ခုခုထွက်စားမယ်၊ ပစ္စည်းတွေ လိုက်ဝယ်ကြမယ်နော်”

မှုံ ... သူ့ကို ဘာဖြစ်လို့ ဒီလောက်အထိ လိုက်လိုက်လျောလျော ဆက်ဆံနေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးကျိတ်ကုတာကို မှုံတို့ဆရာဝန် အသိုင်းအဝိုင်း သိသွားတာလား။ ပူထူလာမိသည်။

ဇောချွေးတွေပင် ပြန်ချင်လာ၏။ မှုံနဲ့တွဲပြီး အပြင်ထွက်ရမှာလည်း သူ ရှက်နေမိသည်။

မိတ်ဆွေအပေါင်းအသင်းတွေ တွေ့သွားလျှင် ဘယ်လိုလုပ်မလဲ။ သူ့ဂုဏ်သိက္ခာတွေ ကျရမည် ဖြစ်သည်။

"မှုံ ... မင်း ဘာဖြစ်လို့ ကိုကို့ကို လိုက်လျောနေရတာလဲ ဘာသဘောလဲ ..."

"ဘာသဘောမှ မဟုတ်ပါဘူးကိုကိုရယ် ... ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတွေကို ပွင့်လင်းစေချင်တယ်"

ဟုတ်သည်။

မှုံ ပြောတာ မှန်တယ်။

သူ ... သတ္တိမရှိဘူး။

မှုံနှံ့သာနှင့် လက်ထပ်တဲ့ကိစ္စ ဘဝတစ်လျှောက်လုံး ဖုံးကွယ်ထားလို့ ရမလားဟု တွေးတောမိလာသည်။

"ကိုကို သတ္တိမရှိဘူး မဟုတ်လား ... ကျွန်မဘက်က ကိုကိုနဲ့ ပတ်သက်ပြီး အားလုံးကို ရင်ဆိုင်ရဲတယ်"

မှုံ့ကိုကြည့်ရတာ အရင်ကထက် ရွှင်မြူးတက်ကြွနေတာ တွေ့ရသည်။

ဘာကြောင့်လဲ ...

မြတ်နိုးနဲ့ ဘာတွေနားလည်မှု ယူထားကြပြီလဲမှ မသိတာ။ မယုံဘူး။



ဒီမိန်းမကို ယုံလို့မဖြစ်ဘူး။ သူ့စိတ်တွေထဲမှာ မှုံနှင့်ပတ်သက်ပြီး လွတ်လပ်ပေါ့ပါးမနေ။

လေးလံနေသည်။

သူ နွားဖြစ်မှာလည်း စိုးမိသည်။

ဒေါက်တာမြတ်နိုး နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားတော့မှာကို မှုံ ဘာဖြစ်လို့ ဝမ်းနည်းကြေကွဲမှုတွေ ခံစားမနေရမှာလဲ။

ပြီးတော့ ...

အလုပ်ကနေ ထွက်ရသည်။

ဒီအလုပ်ကို မှုံ ဝါသနာကြီးမားသော အလုပ်တစ်ခုဖြစ်နေ၏။

မှုံ မခံစား။ ပျော်ရွှင်သွက်လက်နေဟန်ပင်။

သူ ... ယုံရမလား။ မယုံရဘူးလား။

ဝေခွဲ၍ မရပေ။

"တစ်ယောက်ကိုတစ်ယောက် ယုံကြည်နားလည်မှုတွေက သာယာချမ်းမြေ့တဲ့ အိမ်ထောင်စုလေးကို ဖန်တီးနိုင်မှာပါ ကိုကိုရယ်"

မှုံက ပြောသည်။

"ကျွန်မကို ယုံပါ"

သူမ မျက်ဝန်းလေးတွေက ဝင်းဖန့်ကြည်လင်တောက်ပနေသည်။

"ကိုကို"

"ဟင်"

"ကျွန်မကို ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ကျွန်မကို ချစ်လို့ လက်ထပ်တာလားလို့ ကျွန်မ မေးနေတာပါ ကိုကို"

"ရှုပ်တယ်ကွာ ... ငါ ဘာမှမဖြေချင်ဘူး၊ မင်းကို ယုံကြည်ဖို့ဆိုတာတောင် အချိန်အတိုင်းအတာ တစ်ခုအထိ ငါစောင့်ကြည့်ဦးမှာ"

"ဟင်း"

သူမ ... သက်ပြင်းမောကြီးကို မသိမသာ မှုတ်ထုတ်ပစ်လိုက်မိသည်။

မလွယ်ဘူး ... မိန်းမတစ်ယောက်ကို လက်ထပ်ပြီးမှ ဒီလောက်အထိ သံသယတွေနှင့် ကြီးမားတဲ့ စိတ်သောကတွေ ရောက်အောင် ဖန်တီးနေရတာလဲ။

သူမရဲ့ကြိုးပမ်းမှုတွေအားလုံး ပျောက်ပျက်လွင့်စင်သွားရတော့မှာလား။

ကိုကို့ကျန်းမာရေးက တဖြည်းဖြည်း ယိုယွင်းဆုတ်ယုတ်လာတော့မည်ဆိုတာ ဆရာဝန်တစ်ယောက်အနေနှင့် သိနေပြီ ဖြစ်သည်။

သူမ စိတ်မောစွာဖြင့် ကိုကို့အား ကြည့်မိနေ၏။

ကိုကို ဟန်ဆောင်နေရတာ စိတ်မမောဘူးလားဟု မေးချင်သည်။

❀

အခန်း ( ၂၃ )

မြတ်နိုး သွားတော့မည်။

သူမအား နှုတ်ဆက်ချင်သည်တဲ့။

ဟင့်အင်း ... မဖြစ်နိုင်ပါဘူး။

မြတ်နိုးက သူ့ဘယ်တော့မှ တွေ့ခွင့်ရှိမှာ မဟုတ်တော့လို့ နှုတ်ဆက်ချင်တာပါတဲ့။

သူမက လက်မခံ။

"ကိုကို သဘောမကျတဲ့ အလုပ်တွေကို ကျွန်မ ဘယ်တော့မှ မလုပ်နိုင်ဘူး"

မြသီတာမှတစ်ဆင့် မြတ်နိုးထံ အကြောင်းပြန်ခဲ့မိသည်။

"မင်း ဆုံးဖြတ်တာ မှန်တယ်မို့ ... အရာအားလုံး ပြတ်သားသင့်တယ်၊ မင်း ... ကိုခန့်ထယ် ယုံကြည်မှုတွေရဖို့ အလိုအပ်ဆုံးပဲ"

မြသီတာ ကိုယ်တိုင် သူမဘက်မှ ရပ်တည်၍ အားပေးနေမိသည်။

ကိုကို့ဆီက ယုံကြည်မှုတွေရဖို့ သူမ ကြိုးစားရမည် ဖြစ်၏။

www.burmeseclassic.com



မြတ်နိုးကို မေ့ပစ်ရမယ်။

ဖယ်ထုတ်ပစ်ခဲ့ရမယ်။ သူမခင်ပွန်းဖြစ်သူ ကိုကို့အပေါ်ပဲ ချစ်နိုင်ဖို့ ကြိုးစားရမယ်။

"ကိုကိုက မြတ်နိုးနဲ့ပတ်သက်တာ သဘောမကျဘူး … မို့ကို သူ့အနားမှာ ရှိစေချင်တာ ချစ်လို့ပါ"

ကိုကို့စိတ်တွေထဲမှာ သူမအပေါ် ယုံကြည်သက်ဝင်စေရန် တဖြည်းဖြည်း သက်သေပြရမည်ဟု သူမ ဆုံးဖြတ်ထားမိသည်။

အဓိက … မြတ်နိုးနှင့် မပတ်သက်ဖို့ဘဲ။

သူမ နှလုံးသားတွေထဲမှ မြတ်နိုးကို မောင်းထုတ်လိုက်ဖို့ပဲ။

အခုတလော … ကိုကို နေမကောင်းဘူးဟု ထင်နေမိသည်။

သူမ စိတ်ထဲမှာ ကိုကို့ကို ကျန်းမာရေး ဂရုစိုက်လာအောင် ကိုကို စိတ်ချမ်းသာအောင် ပြုစုလုပ်ဆောင်ပေးနေစေချင်မိ၏။

ကိုကို အလိုအပ်ဆုံးက ရင်သွေးလေး။

သူမတို့ရဲ့ ကိုယ်ပွားရင်သွေးလေးပဲ။

ကိုကို ဝမ်းသာအောင် ကျွန်မရဲ့ ချစ်ခြင်းမေတ္တာတွေကို ယုံကြည်အောင် သက်သေပြချင်တယ်။

သူမအား ကိုကိုသည် အတွေ့မခံသည့်အချိန်တွေက များနေသည်။

ဝေဒနာတွေကို တစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေသည်ဟု ထင်၏။

စိတ်ထဲမှာ ပူပင်သောကတွေနှင့် လောင်မြိုက်စွာ အခြေအနေကို စောင့်ကြည့်နေသည်။





အခုတလော မို့ နေမကောင်းချင်ဘူး။

အော့အန်ချင်နေသည်။

ဘုရားရေ …

ကျွန်မမှာ ကိုကို့ရင်သွေးလေးရှိနေပြီလား မသိဘူး။

ကိုကို ဝမ်းသာအောင် အသိပေး ပြောပြချင်လာမိသည်။

"မြသီတာ ကျွန်မ အိုဂျီနဲ့သွားပြရမယ် … ကျွန်မမှာ ကိုကို့ရင်သွေးလေး ရှိနေပြီလား မသိဘူး"

မြသီတာအား ကျွန်မ ဝမ်းသာအားရ ပြောပြလိုက်မိသည်။

"ကောင်းတယ် မို့ … ရှင် ပြကြည့် … ဟုတ်ပါတယ်၊ ရှင့်ပုံစံက ကိုယ်ဝန်ရှိနေတဲ့ပုံပဲ"

မြသီတာပင် သူမနှင့်ကိုကို့အတွက် ဝမ်းသာနေသည်။

"ကျူပ် မြတ်နိုးကိုလည်း နိုင်ငံခြား မသွားခင် ပြောလိုက်မယ်၊ သူလည်း ဝမ်းသာမှာပါဟယ် … မြတ်နိုးက ရှင်တို့အိမ်ထောင်ရေး အဆင်ပြေတာ မြင်တွေ့ချင်နေတာပါ"

မြတ်နိုးရဲ့ စိတ်သဘောထားကို သူမ အသိဆုံးပင် ဖြစ်သည်။

စိတ်သဘောထား ဖြူစင်ရိုးဖြောင့်သောသူ ဖြစ်၏။

"ကျွန်မ သွားပြကြည့်ရဦးမယ် မြသီတာ … ဟုတ်ပါစေဟယ် ကိုကိုသိရင် အရမ်းဝမ်းသာမှာပဲ သိလား"

ကိုကိုပဲ ကျွန်မစိတ်ထဲမှာ ရှိနေသည်။

အိမ်ထဲမှပင် မထွက်။

သူမဘဝတွင် ကိုကို့ရဲ့ ယုံကြည်မှုတွေကိုပဲ တည်ဆောက်ချင်သည်။ အလိုအပ်ဆုံး အရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတို့ မျက်ခြေမပြတ် စောင့်ကြည့်ရင်း စိတ်ပင်ပန်းနေမိသည်။

"ဝေါ ... ဝေါ"

သူမ အန်ချင်နေသည်။

"မှီ့ သမီးလေးမှာ ကိုယ်ဝန်ရှိနေပြီ ထင်တယ် ... အစားအသောက်လည်း ပျက်နေတယ် ... အော့အန်နေတော့ သေချာပြီ"

ဒေါ်နှင်းသက်ကပါ ဝမ်းသာအားရနှင့် ပြောနေသည်။

"မောင်ခန့်ထယ်ကို အသိပေးလိုက်လေ မှီ့"

"နေပါဦး ဒေါ်သက်ရယ် ... ကျွန်မရှက်တယ် ... ပြီးတော့ သေမှ မသေချာသေးတာဘဲ"

ကျွန်မပြောဖို့ကျတော့လည်း ရှက်နေမိ၍ နှုတ်လေးနေမိသည်။ ကိုကို့ကို ဘယ်လိုပြောရမလဲ။

"မှီ့ ... ရှင် အရမ်းကြီး သွားမပြောနဲ့ဦးနော် ... တော်ကြာ ဝမ်းသာလုံးဆို့ပြီး ဒုက္ခရောက်ဦးမယ်"

မြသီတာက သူမအား သတိပေးစကား ပြောနေသည်။

ဟုတ်သားပဲ ... သူမ အရမ်းပြောလို့ မဖြစ်ဘူး။

ကိုကို ဝမ်းသာသွားမယ်။ ရင်ထဲမှာ ဆို့သွားမယ်။

သူမ ဘယ်လိုပြောရမလဲ။

သက်ဆိုင်ရာ သမားတော်များနှင့် စစ်ဆေးတော့ သူမမှာ ကိုယ်ဝန်ရှိနေသည်တဲ့။

ဝမ်းသာလိုက်တာ ... ပျော်သွားမိသည်။

ကိုကို့ကို အသိပေးရန် သူမ ကိုကို့အခန်းထဲ ဝင်လာခဲ့၏။





"ကိုကို"

အိပ်ရာပေါ်မှာ ကိုကို လဲလျောင်းနေပြီး မျက်ဝန်းတွေ ဖွင့်ကြည့်သည်။

"ကိုကို နေမကောင်းဘူးလား"

သူ ... ဟန်မဆောင်နိုင်တော့။ ရင်ဝတွင် မွန်းကျပ်ကာ အသက်ရှူမဝ ဖြစ်နေသည်။

"ကိုကို"

"ဆေးခန်းသွားရအောင် မှီ့"

"ကိုကို နေမကောင်းဘူးလား"

"အင်း"

သူမ စမ်းသပ်စစ်ဆေးမှုတွေ လုပ်လိုက်မိသည်။

ကိုကို့နှလုံးခုန်သံတွေက အတော်လေး တိုးသက်နေ၏။

သူမ စိတ်ပူသွားမိ၏။

"ကိုကို ဘာမှ စိတ်မပူနဲ့နော် ... ဆရာဝန်ကြီးတွေနဲ့ ကြပ်မတ်ကုသလိုက်ရင် သက်သာသွားမှာပါ"

"မှီ့"

"ရှင်"

"ကိုကို တစ်ခုခုဖြစ်သွားရင် မင်းအတွက် စိတ်ပူတယ်"

သူ ... ဟန်မဆောင်နိုင်တော့။

ဆေးခန်းလည်း မပြဘဲ ဆေးတွေပဲ ကိုက်ပြီး သောက်နေမိသည်။ အသက်ရှူ မဝတော့။

သူ့ဒေါသတွေ မောဟတွေ အတ္တတွေကြောင့် ဆိုးဝါး သတိ



www.burmeseclassic.com

www.burmeseclassic.com



ရလာသည်။

"ကိုကိုရယ် ... ကျွန်မအတွက် ဘာမှမပူပါနဲ့၊ ကိုကို နေကောင်းအောင်ပဲနေပါ ... ကိုကို တစ်ခုခုဖြစ်သွားမှာ ကျွန်မ စိတ်ပူတယ် ... ဆေးခန်းကို အမြန်ဆုံးသွားကြရအောင်နော်"

သူ ... စကားပင် မပြောနိုင်။

မောနေသည်။

အသက်ကို ပင်ပန်းစွာ ဖြင့် ရှူသွင်းနေရ၏။

မရတော့ဘူး ထင်တယ်။ ပေတောနေခဲ့မိတာတွေက သူ့အသက်ကို အန္တရာယ်ပြုနေပြီ ဖြစ်သည်။

မှုံရယ် ... ကိုကို မောတယ်။

လူ့လောကကြီးထဲကနေ ကိုကို ထွက်ခွာသွားရတော့မယ် ထင်တယ်။

"အလုပ်က ထွက်ဖို့အထိ မင်းလုပ်လိုက်တာ မှုံနဲ့သာကို အညွန့်ချိုးပစ်တာပဲ ခန့်ထယ်"

မိုးဆွေ စကားတွေကို သူ ဘယ်လိုမှ မေ့ပစ်လို့ မရပေ။

ဆေးခန်းရောက်တော့ သူ့အသိတွေ လုံးဝမဲ့သွားတော့သည်။ မောကျပ်လာ၏။

"ကိုကို"

"ဟင်"

"ကိုကို"

"မှုံ ဖယ်စမ်း"

ကိုကို တစ်ခုခုဖြစ်သွားမှာကို ကျွန်မ အကြောက်ကြီး





ကြောက်သွားမိသည်။ စိုးရိမ်ပူပန်လာရ၏။

"ကိုကို"

"မှုံ ... ကိုကို ဘာမှမဖြစ်ပါဘူး ... စိတ်ကို ထိန်းစမ်း"

ဆရာဝန်ကြီးတွေ ကိုကို့အနား ဝိုင်းလာပြီး ပြုစုနေကြသည်။ ကိုကို့သူငယ်ချင်း ဒေါက်တာမိုးဆွေလည်း ရောက်လာ၏။

"ခန့်ထယ်က ခေါင်းမာတယ်မှုံနဲ့သာ ... ကိုယ့်စကားတောင်နားမထောင်ဘူး ... ဆေးခန်းလည်း မပြဘူး"

သူမကြောင့်ပါ။

ကိုကိုက သူ့ကိုယ်သူ ရောဂါဝေဒနာရှင်ကြီးအဖြစ် မနေလိုပေ။ ကျန်းမာသန်စွမ်းချင်သည်။ ဟန်ဆောင်နေ၏။

စောစောတည်းကသာ ကိုကို့ကို ချစ်ပါတယ်ဟု ပြောခဲ့လျှင် ကိုကို ဘာမှ မဖြစ်ပါစေနဲ့ ... သူမကို ကျေးမွေးစောင့်ရှောက်ခဲ့သော ကိုကိုပါ။

"မှုံ"

"ဘာလဲ မြသီတာ"

"ရှင် ခဏအပြင်ထွက်နေပါလား"

"ဟင့်အင်း ... ကိုကို့အနားမှာပဲ မှုံနေမယ် ... စက္ကန့်မလပ် ကိုကို့အခြေအနေကို စောင့်ကြည့်နေချင်တယ်"

"ဆရာဝန်ကြီးတွေ ဂရုတစိုက် ကုသနေတာပဲ ... မင်းလည်း ကျန်းမာရေး မကောင်းဘူး"

ကိုကိုက အောက်ဆီဂျင်ပေးထားသဖြင့် အသက်ရှူသံ ညင်သာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိတော့ မရသေး။

သူမအား အပြင်ထွက်နေရန် ဆရာကြီးတွေက ပြောခဲ့သည်။

"မင်းလည်း ဆရာဝန်တစ်ယောက်ပဲမှုံ ... အခြေအနေကို မင်းသဘောပေါက်သင့်တယ် ... ကိုခန့်ထယ်ရဲ့ ခေါင်းမာမှုကြောင့်ပဲလေ"

ကိုကို့နှလုံးသွေးကြောတွေ ကောင်းစွာ အလုပ်မလုပ်တော့ကြောင်း ဆရာဝန်ကြီးတွေရဲ့ စစ်ဆေးချက်က သက်သေထူနေသည်။

သူမ သိနေ၏။

ကိုကို ... ကျွန်မ ဘယ်လိုဖြေရမလဲ။

ကိုကိုလိုချင်တဲ့ ရင်သွေးလေး ကျွန်မဆီမှာ ရှိနေတာ ကိုကို့ကို ဘယ်လိုဖွင့်ပြောရမလဲ။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာသည်။

သူမအား အမြဲတမ်း အပြစ်တင် ပြောဆိုကာ ဒေါသထွက်နေတတ်၏။

အထူးသဖြင့် ... မြတ်နိုးနဲ့ မယုံတာဘဲ။

သူမအနေနှင့် မြတ်နိုးအပေါ် ချစ်မြတ်နိုးတာ မှန်ပေမယ့် ကိုကိုကပဲ ကျွန်မဘဝအတွက် အလိုအပ်ဆုံး ယောကျ်ားပါ။

အခုတလော ... အိမ်ထောင်ရေး အဆင်ပြေစေရန် ကိုကိုရော ကျွန်မပါ ကြိုးစားတည်ဆောက်နေကြသော အချိန်ကာလတွေသာ ဖြစ်သည်။

နှစ်ဦးနှစ်ဖက် ထိန်းချုပ်ခဲ့ကြ၏။





အလျှော့အပေးဆုံးက သူမပဲ။

"မှုံ ... ကိုခန့်ထယ် သတိရလာပြီ ... မင်းနဲ့တွေ့ချင်တယ်တဲ့"

သူမ ... ဆတ်ခနဲ ထမိသည်။

"မှုံ သတိထားနော် ... ကိုခန့်ထယ်ကို စိတ်ထိခိုက်စေမယ့် အပြုအမူတွေ မလုပ်မိစေနဲ့ ... ရှင့် မျက်ရည်တွေ သုတ်လိုက်၊ တော်ကြာ ... သူ့ရောဂါ အသည်းအသန် ဖြစ်နေလို့ ထင်ဦးမယ်"

ဟုတ်တယ် ...

ကိုကိုက သူမ အပြုအမူတွေကို စက္ကန့်မလပ် ဂရုတစိုက် ကြည့်နေတတ်သူဖြစ်၍ သူမရဲ့ ပူဆွေးသောကတွေကို သိပ်ပြီး ပြ၍မဖြစ်။

မျက်ရည်တွေကို သုတ်လိုက်သည်။ အခန်းထဲဝင်လိုက်တော့ ကိုကို သတိရနေပြီ ဖြစ်၏။

"ကိုကို"

"မှုံ"

"ဆရာဝန်ကြီးတွေက ကိုကို့ကို ဂရုတစိုက် ပြုစုကုသပေးနေကြတယ် ... ကိုကို ဘာမှ မဖြစ်တော့ပါဘူး"

သူ့နှုတ်ခမ်းသားတွေပေါ်မှာ မှုန်သော စိတ်ပူပင်မှုတွေ လျော့ပါးသွားစေရန် အပြုံးရိပ်တွေ ထင်ဟပ်သွားသည်။

အခန်းတွင်းမှ လူတွေ အပြင်သို့ ထွက်ပေးကြ၏။

မှုံ ဟန်ဆောင်နေပေမယ့် အပူသောကရိပ်တွေက သူ့မျက်ဝန်းတွေထဲမှာ ထင်ဟပ်နေဆဲ ဖြစ်ကြောင်း သိသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မှားတယ် မှုံ"

"အချိန်မီပါသေးတယ် ကိုကို ... ပြီးတော့ ... ကိုကို့ကို ကျွန်မ ဝမ်းသာစကားတွေ ပြောစရာရှိတယ်"

"ဘာလဲ မှုံ"

"နောက်မှ ပြောမယ်"

"ကိုကိုလည်း ပြောစရာတွေ ရှိတယ်"

သူ ... မောပန်းသွားသည်။

မှုံ့ကိုတော့ သူ့ရင်ထဲမှာ ပြော်စရာရှိနေတဲ့ စကားတွေ ပြောရမှာပဲ ဖြစ်၏။

လူ့လောကကြီးထဲမှာ သူနေရဖို့က မသေချာတော့ကြောင်း သိလာသည်။

"ကိုကို စကားမပြောနဲ့တော့နော် ... အနားယူလိုက်ဦး"

သူမက ကိုကို့နှလုံးခုန်သံကို နားထောင်ရန် ပြင်ဆင်လိုက်စဉ် ကိုကိုက သူ့လက်တွေကို ကာပြပြီး တားလိုက်သည်။

"ကိုကို လူနာမဟုတ်ဘူးလေ၊ ကလေးမလေးက ဆရာဝန်ဝီဝီ လူတွေ့တိုင်း လူနာထင်ပြီး စမ်းသပ်ချင်တာပါပဲလား"

ကိုကိုက ဟာသစကားတွေ ပြောပြီး ရယ်မောပစ်လိုက်သည်။

သူမ အံ့ဩဝမ်းသာစွာဖြင့် ကိုကို့ကို ကြည့်မိ၏။

ကိုကို့ ပြောင်းလဲမှုပဲ။

အံ့ဩစရာ ကောင်းလိုက်တာ။

သူမအား အပြစ်တင်စကားတွေ ပြောပြီး ခက်ထန်မာကျော





နေတတ်သော ကိုကို့မျက်ဝန်းတွေက ကြည်လင်သန့်ရှင်းကာ ချစ်ခြင်းမေတ္တာတွေနဲ့ ပြည့်နေသည်။

"မှုံ"

"ကိုကို"

"ကိုကို မင်းကို ချစ်တယ်"

"ဟင်"

သူမသည် ကိုကို့မျက်နှာကို ဖျတ်ခနဲ မော့ကြည့်မိသည်။

ရှင် တကယ်ပဲ ပြောနေတာလား။

"မှုံ့ကို လေဆိပ်မှာ စတွေ့လိုက်တည်းက ကိုကိုအရမ်းပဲ ချစ်မြတ်နိုးသွားမိတာပါ"

ပြောရင်း မောလာသဖြင့် စကားကို ရပ်ပစ်လိုက်မိသည်။

"ကိုကိုရယ် ... ကျွန်မ ဝမ်းသာလိုက်တာ၊ နောက်ဆို ကျွန်မတို့ မိသားစုဘဝလေးကို ပျော်ပျော်ရွှင်ရွှင် တည်ဆောက်ကြရတော့မယ်နော်"

ကိုကို့ နှုတ်ခမ်းတွေက ပြုံးနေသည်။ သူမမှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ကိုကို့ကို ပြောချင်နေမိ၏။

ကိုကို့စိတ်တွေ မလှုပ်ရှားစေချင်ပေ။

"ကိုကို အနားယူတော့နော် ... ပြောချင်တာတွေရှိရင် နောက်မှ ပြောတော့နော်"

သူမ ... ကိုကို့ရှေ့မှာ ဟန်ဆောင်ထားသည့် ကြားမှပင် အော့အန်ချင်လာသည်။

"ဝေါ ... ဝေါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ"

"မှုံ ဘာဖြစ်တာလဲ"

"ဝေါ ... ဝေါ"

လက်ဆေး ကြွေဇလုံဆီ ထသွားပြီး ထိုးအန်ပစ်လိုက်မိသည်။ ကိုကို့အနား ပြန်ရောက်လာတော့ သူမအား အပြုံးတွေ ကျေနပ်ပီတိ တွေ ဖြာဝေနေတဲ့ မျက်ဝန်းတွေနှင့် ကြည့်၏။

"မှုံ ... မင်း ... မင်းမှာ ကိုကို့ရင်သွေးလေး ရှိနေပြီလား"

"အင်း"

သူမက ခေါင်းညိတ်ပြသည်။

"ကိုကို့ကို ဝမ်းသာစရာစကား ပြောမယ်ဆိုတာလေ"

သူ ... ငြိမ်သက်သွားသည်။ အသက်ရှူ မဝတော့။

ဝေဒနာတွေ ပြင်းထန်နေသည့်ကြားမှပင် သူနေကောင်းကြောင်း၊ သက်သာသွားပြီဖြစ်ကြောင်း ဟန်ဆောင်ကာ ချစ်ဇနီးမှုံနှင့် စကားပြောနေခြင်းသာ ဖြစ်သည်။

တကယ်တမ်းကျတော့ ... အသက်ရှူ၍ မဝတော့။

မွန်းကျပ်လာသည်။

သူ့ကိုယ် တစ်ချက်တွန့်သွားရာ သူမက အထိတ်တလန့် ဖြစ်သွား၏။

"ကိုကို ဘာဖြစ်တာလဲ ... ဆရာဝန်ကြီးတွေ ကျွန်မ သွားခေါ်လိုက်မယ်"

"မခေါ်နဲ့ ... ကိုကို ဘာမှမဖြစ်ဘူး၊ ဖြစ်လည်း မင်းဘာမှ အားငယ်ဝမ်းနည်း ကြေကွဲမနေနဲ့နော် ... ကိုကို့ရဲ့ အတ္တကြီးမှုတွေ



မိုက်မဲမှုတွေကြောင့်ပဲလို့ သဘောထားလိုက်"

"ကိုကိုကလဲ"

သူ ... ခဏ နားလိုက်သည်။

ခန့်ထယ် ... မင်း လူ့လောကကြီးထဲက ထွက်ခွာသွားရတော့မယ်။

မရတော့ဘူး။

မျက်လုံးတွေ ပြာနေပြီ။

"ကိုကိုသာ တစ်ခုခုဖြစ်သွားရင် ဒေါက်တာမြတ်နိုးကို မင်း လက်ထပ်ပါ။ မှုံ့ကို စောင့်ရှောက်ဖို့ မြတ်နိုးကိုပဲ စိတ်ချတယ် ... ကိုကို့ရင်သွေးလေးကိုလည်း မြတ်နိုးလက်ထဲပဲ အပ်ချင်တယ်"

အသက်ရှူ မဝတော့။

ကိုကို့ရဲ့ အတ္တကြီးမှုတွေ မိုက်မဲမှုတွေက ကိုကို့ကို လူ့လောကကြီးထဲမှာအသက်ရှင် ရပ်တည်နေခွင့် မပေးတော့ဘူး။

မှုံဟာ ရိုးသားဖြူစင်ပြီး ကိုကို့ရဲ့ အညွန့်ချိုးခြင်းခံလိုက်ရတဲ့ မိန်းကလေးပါ။

သူ့နှုတ်ခမ်းတွေက ကျေနပ်စွာ ပြုံးနေမိတော့သည်။

နှုတ်ဆက်ခဲ့ပါတယ် မှုံရယ်။

ထာဝရ ခွဲခွာခြင်းအနေနဲ့ မင်းကို နှုတ်ဆက်ခဲ့တာပါ။

အမှောင်ထုက သူ့ကိုယ်ပေါ်သို့ ဝိုကျလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

"ကိုကို ... ကိုကို ... လုပ်ပါဦး ဆရာ ... ကိုကို ဘာဖြစ်သွားပြီလဲ ... မြသီတာ ကိုကို သတိလစ်နေတာလား၊ အောက်ဆီဂျင် အမြန်ဆုံးပေးပါ ... ကိုကို မောနေပြီ"

ဆရာဝန်ကြီးတွေ ရောက်လာပြီး စစ်ဆေးကြတော့ ကိုကို ဆုံးသွားပြီတဲ့။

"အစောကြီးတည်းက အခြေအနေ မကောင်းဘူးဆိုတာ သိတယ် မှုံနံ့သာ ... လူနာရဲ့ နောက်ဆုံးဆန္ဒကို လိုက်လျောတဲ့ အနေနဲ့ စကားပြောခွင့် ပြုလိုက်တာ"

သူမ ကိုယ်လေး ယိုင်ခွေကျသွားသဖြင့် မြသီတာက ဖေးမ ပွေ့ယူလိုက်သည်။

ဖြစ်မှဖြစ်ရလေ ကိုကိုရယ်ဆိုတဲ့ စကားစုကိုပဲ သူမရင်ထဲမှ တဖွဖွ ပြောမိနေ၏။

"မှုံ ... မင်းနေမကောင်းဘူး ... စိတ်ကို ထိန်းပါ"





မဖြေနိုင်ဘူး။

ကိုကိုရယ် ...

ကျွန်မကိုချစ်လို့ အခုလောက်အထိ ဖြစ်သွားရတာ သိပါပြီ။ ရှင် ဟန်ဆောင်နေခဲ့တာပါ။

"မင်းနဲ့ကိုခန့်ထယ်က တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ လွဲသွားကြတာ ကံကြမ္မာပဲပေါ့ မှုံ ..."

မြသီတာက သူမအား တတွတ်တွတ် သတိပေးစကားတွေ ပြောနေသည်။

သူမရင်ထဲမှာ ဆို့တက်နေ၏။

မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ပင်လယ်ကြီးတွေ မြစ်ချောင်းကြီးတွေ ဖြစ်သွားအောင် ငိုကြွေးပစ်ချင်ပေမယ့် ငိုရှိုက်မရ။

"မှုံ ... ရှင် ချုပ်တီးမထားနဲ့လေ၊ ငိုပစ်လိုက် ... တစ်ယောက်တည်း ကျိတ်ပြီး ခံစားမနေပါနဲ့"

"မြသီတာရယ်"

သူမ လက်တွေက မြသီတာ လက်တွေကို ဆုပ်ကိုင်ထားမိသည်။

"ရှင့်မှာ ရင်သွေးလေးရှိသေးတယ်လေ ... မင်း စောင့်ရှောက်ရဦးမယ်"

တဆတ်ဆတ် တုန်ယင်နေတဲ့ နှုတ်ခမ်းသားတွေကို သွားလေးများဖြင့် ဖိကိုက်ထားရင်း ထိန်းချုပ်နေမိသည်။

သူမ လွယ်ထားရတဲ့ရင်သွေးလေးတစ်ခုခု ဖြစ်သွားမှာ စိတ်ပူမိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထိန်းချုပ်ပါ ... အနားယူနော်မို့ ... တော်ကြာ ရင်သွေးလေးကို ထိခိုက်သွားမယ်"

ကိုကို့ အသုဘ ရက်လည်ပြီးတဲ့နေ့တွင် မြတ်နိုး ရောက်လာသည်။

မြတ်နိုး အပြီးအပိုင် ထွက်ခွာသွားတော့မှာဖြစ်၍ လာရောက်နှုတ်ဆက်ခြင်း ဖြစ်ကြောင်း ပြောဓ၏။

"ရှင် မလာပါနဲ့ မြတ်နိုး ... တော်ကြာ ကိုကိုက ကျွန်မကို မယုံသင်္ကာ ဖြစ်နေမယ် ... အခုချိန်မှာ ကိုကိုရဲ့ယုံကြည်မှုတွေကို ကျွန်မ တည်ဆောက်နေတာလေ"

သူမ ... ရှုးကြောင်စွာဖြင့် ထိုစကားတွေကို ပြောမိသည်။

ကိုကို အထင်လွဲမှာ အပြစ်တင်စကားတွေပြောမှာ ကြောက်ရွံ့နေမိ၏။

"ကိုကို တစ်ခုခုဖြစ်သွားရင် မို့ကို စောင့်ရှောက်ဖို့ မြတ်နိုး တစ်ယောက်ပဲ စိတ်ချတယ် ... မြတ်နိုးကို လက်ထပ်ပါ"

မကြားချင်ဘူး။

ကျွန်မ ရင်ထဲမှာ ကိုကိုတစ်ယောက်တည်း ရှိနေခဲ့တာပါ။

"မြတ်နိုး ... ရှင်သွားပါတော့ ... နောက်ထပ် မို့ကိုလာပြီး ပတ်သက်ဖို့ မကြိုးစားပါနဲ့တော့"

"ကိုယ့်ကို မိတ်ဆွေတစ်ယောက်အနေနဲ့ မင်းကို ခင်မင်ပတ်သက်ခွင့်ပြုပါ"

"ဟင့်အင်း ... ဟင့်အင်း ... ရှင်နဲ့ပတ်သက်လို့ မဖြစ်ဘူး။





မဖြစ်ဘူး ... ကိုကိုက ရှင်နဲ့ပတ်သက်တာ မကြိုက်ဘူး"

သူမ ... အကြောက်အကန် ငြင်းဆန်နေမိသည်။

မြတ်နိုး ပြန်သွား၏။

"ကိုယ် နိုင်ငံခြားကို ထွက်သွားပေမယ့် မို့အတွက် လိုအပ်တဲ့အခါ အကူအညီပေးဖို့ အချိန်မရွေး ပြန်လာခဲ့ပါ့မယ်"

သူမ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ထိုင်နေမိသည်။ ဘာမှ မပြောချင်တော့။

ကိုကို သဘောမကျတဲ့ အလုပ်တွေကို ကျွန်မ ဘယ်တော့မှ မလုပ်ပါဘူး ကိုကိုနော်။

"မို့ ... ရှင် အလုပ်ကနေ မထွက်ပါနဲ့၊ တော်ကြာ ... တစ်ယောက်တည်း အထီးကျန်ဖြစ်နေမယ်"

သူမ လက်မခံ။

အလုပ်မှ ထွက်ခဲ့သည်။

"ကိုကို သဘောမကျတဲ့ အလုပ်တွေ ကျွန်မ လုံးဝမလုပ်နိုင်ဘူး မြသီတာ"

"ကိုခန့်ထယ်က အရင်တုန်းက လက်မခံခဲ့တာပါ ... ခေါင်းခင် နောင်တတွေ ရနေပြီပဲ"

"ဟင့်အင်း"

ကိုကို့ရင်သွေးလေးကို ပြုစုစောင့်ရှောက်ဖို့ တစ်ခုပဲ ကျွန်မရဲ့ အချိန်တွေကို ကုန်ဆုံးစေရမည်ဟု ဆုံးဖြတ်ထားမိသည်။

သူမ ငယ်စဉ်လေးတည်းက မိဘမဲ့ခဲ့ရသော အဖြစ်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ရ၏။

အခု ... ကျွန်မ ရင်သွေးလေးလည်း ဖခင်မဲ့တဲ့အဖြစ်တွေနှင့် ရင်ဆိုင်နေရသည်။

ဘဝရဲ့ ကျန်တဲ့အစိတ်အပိုင်းတွေကို ရင်သွေးလေးအတွက်ပဲ ပေးဆပ်ချင်၏။

အချိန်တွေက တဖြည်းဖြည်း ပြောင်းရွှေ့ကုန်ဆုံးသွားရတော့သည်။

သူမ သားလေးမွေးသည်။ ကိုကိုသာရှိနေရင် ဘယ်လောက်အထိ ဝမ်းသာပျော်ရွှင်နေလိုက်မလဲ။

သုံးနှစ်ဆိုသော အချိန်ကာလတို့သည် လျင်မြန်စွာ ပြောင်းလဲသွားရသည်။

သူမအနားတွင် မြသီတာက အမြဲတမ်း အားပေးနှစ်သိမ့်နေတတ်၏။

နောက်တစ်ယောက်က မြတ်နိုးပဲ။

နိုင်ငံခြားမှ ဖုန်းဆက်သည်။

စာရေးပြီး အားပေးခဲ့၏။

သူမက လက်မခံ၍ နောက်ပိုင်း မြတ်နိုးက အဆက်အသွယ်မလုပ်တော့။



"မေမေ"

"ဘာလဲသားရယ်"

"ဖေဖေရောဟင် ... နိုင်ငံခြားကိုသွားနေတာ ပြန်မလ
သေးဘူးလားဟင်"

သားလေးက မေးနေတတ်၍ သူမ ကြေကွဲဝမ်းနည်းမှုမ
တစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေရသည်။

"သားလေးဖေဖေက လူ့လောကကြီးထဲမှာ မရှိတော့ဘူ
မေမေပဲ ရှိတယ်"

"မဟုတ်ပါဘူး ... သားဖေဖေက နိုင်ငံခြားမှာပါ"

"သားကို ဘယ်သူပြောလဲ"

"အန်တီမြသီတာ"

"ဟင်"

သူမ ကွယ်ရာတွင် မြသီတာက သားဖေဖေ နိုင်ငံခြားတွ
ရှိနေကြောင်း ပြောပြထားပုံရသည်။

မြသီတာ ရောက်လာမှ သူမ အပြစ်တင်စကားတွေ ပြော
၏။

"ကလေး စိတ်အားငယ်မှာစိုးလို့ ပြောလိုက်တာပါနှ
ဘာဖြစ်လဲ"

"မဟုတ်တာတွေ မပြောပါနဲ့ မြသီတာရယ် ... တော်ကြ
သားက သူ့အဖေကို မျှော်လင့်နေပါဦးမယ်"

"တကယ်လည်း သူ့အဖေ နိုင်ငံခြားမှာရှိတာပဲဟာ ... မ

www.burmeseclassic.com



ခေါ်လိုက်ရင် လာမှာလေ"

"ဘာ"

"ကိုခန့်ထယ် မဆုံးခင်က မြတ်နိုးကို သွားတွေ့တယ်မှုံ၊ သူ့ ရောဂါအခြေအနေက စိတ်မချရတော့ဘူးတဲ့ ... သူ တစ်ခုခုဖြစ်သွားရင် မှုံ့ကို စောင့်ရှောက်ပါတဲ့ ... နောက်ဆုံး လက်ထပ်ယူဖို့ ပြောသွားတယ် မှုံ"

"မြတ်နိုးက ဘာမှမပြောပါလား မြသီတာ"

"သူ့ကို အခွင့်အရေးသမား တစ်ယောက်အဖြစ် မှုံသတ်မှတ်မှာစိုးလို့ မပြောတာတဲ့ ... ပြီးတော့ ... မှုံ့ဆန္ဒမပါဘဲ ဘာမှမလုပ်ချင်လို့တဲ့၊ မြတ်နိုးက မင်းသားလေးအတွက် ဖခင်ကောင်းတစ်ယောက်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပေးမှာပါ မှုံရယ်"

မြသီတာကတော့ သူမအား မြတ်နိုးကို လက်ထပ်ရန် အရိပ်အမြွက် တိုက်တွန်းနေတော့သည်။

မြတ်နိုးက သူ့အသက်ရှင် ရပ်တည်နေသရွေ့ သူမအား မျှော်လင့်နေမှာပါတဲ့။

ကိုကိုက မြတ်နိုးအား သွားတွေ့တာ မြတ်နိုးထုတ်ဖော်မပြောခဲ့။

ထိုအချက်ကပင် မြတ်နိုးရဲ့ ရိုးသားတည်ကြည်မှုကို ပြသနေသည်။

"မေမေ ... အန်တီမြသီတာ ... ဖေဖေ့ကို နိုင်ငံခြားကနေ ပြန်လာအောင်ခေါ်ပေးပါ ... သားသား တွေ့ချင်နေပြီ"





သားသားက ဘယ်လိုမှ ပြောမရဘဲ ဖခင်နှင့်တွေ့ချင်ကြောင်း ပူဆာနေသည်။

"သားသားရဲ့ဆန္ဒတွေကို ရှင် ဖြည့်ဆည်းပေးလိုက်ပါ မှုံရယ်ဒါ ... ကိုခန့်ထယ် ဆန္ဒတွေကိုလည်း ဖြည့်ဆည်းပေးရာ ရောက်ပါတယ်"

သူမ ဝန်မခံချင်။

မြသီတာက သူမအား ပြုံးပြီး ကြည့်နေတော့သည်။

"နော် ... မှုံ"

မြတ်နိုးဟာ သားလေးအတွက် လိုအပ်နေတဲ့ ဖခင်နေရာကို ဖြည့်ဆည်းပေးနိုင်မှာ ဆိုတာတော့ သူမ အကြွင်းမဲ့ ယုံကြည်နေမိသည်။

ကိုကို ကျွန်မကို အပြစ်တင်မှာလား။

ကျေနပ်လက်ခံမှာလား။

"ကိုကို့ရင်သွေးလေးကို ဒေါက်တာမြတ်နိုး လက်ထဲမှာပဲ အပ်ချင်တယ်"

ကိုကို့အသံတွေကို သူမ ပြန်ရှုကြားယောင်နေမိသည်။

"သားလေးဟာ အဖေမဲ့ဘဝနဲ့ စိတ်အားငယ်စွာ မကြီးပြင်းစေချင်ဘူး မှုံရာ"

မြသီတာစကားတွေကို သူမ ငြိမ်သက်တိတ်ဆိတ်စွာ တုံ့ပြန်နေမိသည်။

မြတ်နိုးကတော့ သူမခေါ်လိုက်လျှင် ဝမ်းသာအားရ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာမှာ သေချာ၏။

“သားသားရဲ့ လိုအပ်ချက်တွေကို မင်းဖြည့်စွမ်းပေးလိုက်ပါနော် မွှံ”

သူမ ...

ခေါင်းမညိတ်သလို ခေါင်းလည်း မခါပြမိပေ။

သားကတော့ သားသားဖေဖေ ပြန်လာတော့မည်ဆို၍ ပျော်ရွှင်ကျေနပ်နေသည်။

သူမ နှုတ်ခမ်းသားလေးတွေလည်း အလိုအလျောက် ပြုံးတုံ့တုံ့ ဖြစ်သွားရ၏။

“မွှံ”

“ဟင်”

“မြတ်နိုးကို ဖုန်းဆက်လိုက်တော့မယ်နော်”

မြသီတာ စကားတွေကို သူမ လက်ခံလိုက်သလို ဆိတ်ဆိတ်နေလိုက်မိသည်။

သင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com